ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 24 August 2021 ၁၀၄၇၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၄/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

# အားလုံးပါဝင်နိုင်ပြီး အချိုးကျကိုယ်စားပြုသည့် ကိုယ်စားလှယ်များ၏ ဆန္ဒအားအလေးထားနိုင်ရန် PR စနစ်ဖြင့် ကျင့်သုံးဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်လျက်ရှိ

## မိမိတို့တာဝန်ယူချိန်ကာလအတွင်း ပြင်ဆင်၍ရသည်များကို အားလုံးတိုင်ပင်ညှိနှိုင်း၍ ပြင်ဆင်ဆောင်ရွက်သွားမည်

နေပြည်တော် ဩဂုတ် ၂၃

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၄/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ တိုးတက်မှုရှိစေရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဆုံး ဦးတည်ချက်အနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်၏ တွေ့ရှိချက်များကို စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးဆိုင်ရာ ဆေးဝါး၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်စေရန် တင်သွင်းဆေးဝါးများ၏ Price List များအား မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ Website နှင့် Facebook Page များတွင် ထုတ်ပြန်ကြေညာပေးသွားမည်** စာမျက်နှာ » ၈

**ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (နီပေါနိုင်ငံ)** စာမျက်နှာ » ၁၆

ကြေးမုံ

## ဘေးဥပဒ်ကင်းရေး စစ်မှန်သည့်ဆေးဝါးသုံးစွဲ

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားနေသောကာလတွင် ပြည်သူများကြား၌ အိမ်သုံးဆေးဝါးလိုအပ်ချက်များ မြင့်မားလာသည်ကို တွေ့ရသည်။ အခြေခံအိမ်သုံးဆေးဝါးများနှင့် ဆရာဝန်ညွှန်ကြားချက်ဖြင့် သုံးစွဲရသောဆေးဝါးများ ဝယ်ယူရာတွင် လူသုံးများ ရှားပါးသည့် နာမည်ကြီးဆေးဝါးများကို ဝယ်ယူရန် မလွယ်ကူဘဲ ဈေးနှုန်း အဆမတန်ကြီးမြင့်ပြီး ခက်ခက်ခဲခဲဝယ်ယူသုံးစွဲနေရသည်။ ဆေးဝါးပစ္စည်းသာမက အခြားကုန်ပစ္စည်းများတွင်ပါ ရှားပါးနေသောအခါ၌ ဈေးအဆမတန်တက်နေသည်မှာ အစဉ်အလာလိုဖြစ်နေသည်။

ပြည်သူများအနေဖြင့် ဈေးနှုန်းတက်သည်ကို ရမယ်မရှာဘဲ မိမိတို့ကျန်းမာရေးအတွက် ဆေးရရှိရေးသာ အာရုံစိုက်ကြသည်။ ပြည်သူများအနေဖြင့် အိမ်သုံးဆေးဝါးပစ္စည်းများအား ဝယ်ယူသုံးစွဲမှုနှင့်ပတ်သက်၍ ကျန်းမာရေးဗဟုသုတ အားနည်းခြင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်နေသည်ကိုအကြောင်းပြု၍ ယုံကြည်စိတ်ချရသောတရားဝင်ဆေးဆိုင်များ မဖွင့်လှစ်နိုင်ခြင်းအချက်များသည် အိမ်သုံးဆေးဝါးများ ဈေးနှုန်းကြီးမြင့် ခက်ခဲရှားပါးခြင်းနှင့် အတုအပများနှင့် ဆင်တူရိုးမှားဆေးဝါးများ ပေါ်ပေါက်လာရခြင်းအကြောင်းရင်းဖြစ်သည်။ ဆေးဝါးနှင့်ပတ်သက်၍ အခက်အခဲများနှင့် ဘေးဥပဒ်အန္တရာယ်များကို သတိပြုရမည်ဖြစ်သည်။

လူ့ဘောင်လောကတွင် ဘနဖူးသိုက်တူးလိုသည့် မသမာသူများ အစဉ်အမြဲရှိတတ်သည်။ ပြည်သူများအခက်အခဲဖြစ်နေချိန်၊ လိုအပ်ချက်မြင့်မားနေချိန်တွင် ပေါ်ပေါက်လာတတ်သည်။ အများပြည်သူစားသုံးလျှင် ဘေးဥပဒ်အန္တရာယ်ကျရောက်မည်ကို သိပါလျက်နှင့် ၎င်းတို့ကိုယ်ကျိုးစီးပွား ချက်ချင်းဖြစ်ထွန်းရေးအတွက် အတုအပ အရောအစပ်ပစ္စည်းများကို ပြည်သူများကြားတွင် ဖြန့်ဝေပေးကြသည်။ လူတစ်ဦးတစ်ယောက်ကို ထိခိုက်ဆုံးရှုံးစေခြင်းထက် ပြည်သူများစွာတို့အား ထိခိုက်ဆုံးရှုံးမှုဖြစ်စေခြင်းသည် လူသုံးကုန်များအား အတုအပပြုလုပ်ခြင်းဖြစ်သည်။ ပြည်သူလူထုကြားတွင် ဆေးဝါးသာမက လူသုံးကုန်၊ စားသုံးကုန် အတုအပပစ္စည်းများ မကြာခဏပေါ်ပေါက်လေ့ရှိရာ သက်ဆိုင်ရာတို့က ရှာဖွေဖော်ထုတ်စစ်ဆေးအရေးယူနေရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ဆေးဝါးထုတ်ကုန်အချို့နှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးထုတ်ပြန်ခဲ့သည်။ ကာကွယ်ဆေးအတုအပများကို အရှေ့တောင်အာရှနိုင်ငံများ၊ အိန္ဒိယနှင့် အာဖရိကတိုက်ရှိနိုင်ငံများတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း အသိပေးခဲ့သည်။ မြန်မာနိုင်ငံသို့လည်း အသိပေးအကြောင်းကြားခဲ့သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးအတုမှာ ကာကွယ်ဆေးပုလင်းတစ်လုံးလျှင် ၁၀ ကြိမ်စာ ထိုးနှံနိုင်သည့်ပုလင်းနှင့် ကာကွယ်ဆေးပုလင်း တစ်လုံးလျှင် လေးကြိမ်စာပါဝင်သောပုလင်းများကို နာမည်ရှိအမှတ်တံဆိပ်ပြုလုပ်၍ ရောင်းချလျက်ရှိကြောင်း အသိပေးထားသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကာကွယ်ဆေးအတုအပများကို အွန်လိုင်းမှတစ်ဆင့်သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော်လည်းကောင်း ရောင်းချခြင်းနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးအကြောင်းကြားထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါဘေးအတွက် တစ်ကမ္ဘာလုံးက ဦးစားပေးထိုးနှံနေသောကာကွယ်ဆေးလိုအပ်မှုကို အကြောင်းပြု၍ မသမာသူဝိသမစီးပွားရေးသမားများက အတုအပပြုလုပ်လာကြသည်ကို တွေ့ရသည်။ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုဖြစ်ပွားလျက်ရှိရာ နိုင်ငံတော်အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများဝယ်ယူခြင်း၊ လှူဒါန်းမှုမှ ရရှိထားသော ကာကွယ်ဆေးများအား ဦးစားပေးအစီအစဉ်အရ ထိုးနှံပေးလျက်ရှိသည့်နည်းတူ ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် နိုင်ငံတကာနှင့် အာရှဒေသတွင် ထိုးနှံဆောင်ရွက်နေသောအရည်အသွေးရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို မိမိတို့အစီအစဉ်ဖြင့် တင်သွင်းဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်လိုပါက လိုက်နာရမည့်အချက်များကို အသိပေးထုတ်ပြန်ထားပြီးဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးသက်ရောက်မှုရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန်၊ ဆေးဝါးများ စနစ်တကျ မှတ်ပုံတင်ထားရှိရန်တို့နှင့်ပတ်သက်၍ အမျိုးသားဆေးဝါးဥပဒေပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အချိန်နှင့်တစ်ပြေးညီ ပြည်သူလူထုသိရှိစေရန် အချက်အလက်များကို ထုတ်ပြန်အသိပေးလျက်ရှိသည်။ အဓိကမှာ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဗဟုသုတများ ရှိထားရန်လိုအပ်သည်။ သက်ဆိုင်ရာတို့က အသိပေးလျက်ရှိသော်လည်း မိမိတို့ ကျန်းမာရေးကိုသာရှေးရှုပြီး အလောတကြီးဖြင့် ဆေးဝါးပစ္စည်းအတုအပများကို အသုံးပြုမိမည်ဆိုပါက ဘေးဥပဒ်အန္တရာယ်ရှိလာနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။ အထူးသဖြင့် ဝယ်ယူရောင်းချသူတို့အနေဖြင့် သတိထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆေးဝါးအတုများနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် အထူးသတိပြုရမည်ဖြစ်သည့်အပြင် ဆေးအရောင်းဆိုင်များ၊ ပုဂ္ဂလိကဆေးခန်းများ၊ ဆေးရုံကြီးများအနေဖြင့်လည်း ယခုပေါ်ပေါက်နေသော ကိုဗစ်-၁၉ ကာကွယ်ဆေးအတုကိုသာမက ဆေးဝါးအတုများ၊ မစစ်မမှန်သောဆေးဝါးများအား ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ကြရန်နှင့် ဝယ်ယူတင်သွင်းရောင်းချအသုံးပြုကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာက အသိပေးထားပါကြောင်း။ ။

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မူမှန်ပြက္ခဒိန် ရောင်းချမည်

**နေပြည်တော် ဩဂုတ် ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၃-၁၃၈၄ ခုနှစ် ခရစ်သက္ကရာဇ် ၂၀၂၂ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ်မူမှန်ပြက္ခဒိန်ကို ၂၀၂၁ ခုနှစ် ဩဂုတ်လဆန်းမှစတင်၍ တစ်စောင်လျှင် ၁၀၀၀ဝိ/- (ကျပ်တစ်သောင်းတိတိ)ဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) အနုပညာဦးစီးဌာန (နေပြည်တော်)၌ ရောင်းချသွားမည်ဖြစ်သည်။

ပြက္ခဒိန်ရိုက်နှိပ်ထုတ်ဝေဖြန့်ချိသူများအနေဖြင့် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူသုံးစွဲခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ရိုက်နှိပ်ဖြန့်ချိနိုင်မည်ဖြစ်ကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဆည်ခရိုင်၌ ချည်မျှင်ရှည်ဝါစိုက်ဧက ၅၃၄၀ စိုက်ပျိုးပြီးစီး

**ကျောက်ဆည် ဩဂုတ် ၂၃**



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း၌ မိုးရာသီချည်မျှင်ရှည်ဝါစိုက်ဧက ၅၈၇၀ စိုက်ပျိုးရန် လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် ချည်မျှင်ရှည်ဝါစိုက်ဧက ၅၃၄၀ စိုက်ပျိုးပြီးစီးကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်ခရိုင်အတွင်းရှိ ဝါစိုက်တောင်သူများ ကုန်ကျစရိတ် လျော့နည်းပြီး အရည်အသွေးမြင့်မားကာ အထွက်နှုန်း ကောင်းမွန်တိုးတက်စေရန်အတွက် ရေမြေဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ချည်မျှင်ရှည်ဝါမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကျေးရွာများသို့ ကွင်းဆင်း၍ နည်းပညာအကူအညီများ ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ချည်မျှင်ရှည်ဝါဧက ၂၈၇၀၊ စဉ့်ကိုင်မြို့နယ်၌ ဧက ၁၃၀၀၊ မြစ်သားမြို့နယ်၌ ဧက ၁၀၀၀၊ တံတားဦးမြို့နယ်၌ ဧက ၇၀၀ စုစုပေါင်းဧက ၅၈၇၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ကျောက်ဆည်မြို့နယ်၌ ဧက ၂၈၈၀၊ စဉ့်ကိုင်မြို့နယ်၌ ဧက ၁၃၀၀၊ မြစ်သားမြို့နယ်၌ ဧက ၁၀၀၀၊ တံတားဦးမြို့နယ်၌ ဧက ၁၆၀ စုစုပေါင်းဧက ၅၃၄၀ စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောကြားသည်။

**သက်မောင်(ကျောက်ဆည်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၃ - ၈ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၈,၉၀၀ | ၄,၈၂၅ | ၄၃,၄၂၃,၇၀၀ |
| MTSH | ၃,၃၀၀ | ၃,၂၅၀ | ၁,၆၅၁ | ၅,၄၃၇,၆၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၅ | ၃၉,၅၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၅ | ၉၇,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၂၁၇ | ၆၇၂,၇၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၅ | ၂၄,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၂၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၆၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၄၆.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၅.၈၂ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၉.၇၅၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၉၂.၈၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၃၅၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၉၁.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၂၁.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၀၈.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၆၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အသိပညာ၊ အတတ်ပညာ ကြွယ်ဝရေး

**နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ ကြွယ်ဝရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေတွင် နိုင်ငံသားတိုင်းသည် ဥပဒေဖြင့်ပြဋ္ဌာန်းထားသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်ဟု ပါဝင်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဒေသအလိုက် ပြည်သူများ၏ ပညာရည်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ စီမံဆောင်ရွက်ရန်လိုကြောင်း၊ စာသင်ကျောင်းများ ဥပစိရုပ်များ ကောင်းမွန်ပြည့်စုံရေး၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများပြည့်စုံရေး၊ အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများ ရရှိရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် စာမတတ်သူပပျောက်ရေးမှတစ်ဆင့် ပြည်သူများအခြေခံ ပညာအလယ်တန်းပြီးဆုံးသည်အထိ ရည်မှန်းချက်ထားဆောင်ရွက်ကြရန်လိုကြောင်း။**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❖ ရှေ့ဖုံးမှ

ထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး မကြာမီအချိန်အတွင်း တွေ့ရှိချက်အနှစ်ချုပ်ကို ပြည်သူလူထုနှင့် နိုင်ငံတော်သို့ ထုတ်ဖော်ပြသသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲ မဲမသမာမှုများကြောင့်သာ နိုင်ငံတော်၏တာဝန်ကို ယူခဲ့ရခြင်းဖြစ်ကြောင်း၊ အဆိုပါရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ အမျိုးမျိုးပြောကြားနေမှုများရှိပြီး ဒီမိုကရေစီကျင့်စဉ်အရ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမဆို ဝေဖန်ပိုင်ခွင့်ရှိသော်လည်း ခိုင်လုံသည့်အကြောင်းအရာနှင့် အကြောင်းပြချက်များရှိရမည်ဖြစ်ကြောင်း၊ သို့သော် မျက်စိစုံမှိတ်၍ မိမိပြောချင်ရာပြောနေမည်ဆိုပါက ဒီမိုကရေစီ၏ အနှစ်သာရရှိမည်မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ကြိုးပမ်းဆောင်ရွက်သွားရမည်

မိမိတို့အနေဖြင့် နေပြည်တော်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးပြုလုပ်ခဲ့ကြောင်း၊ နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်သဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန် ဦးတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအားလုံး ရုံးစိုက်သည့် မြို့တော်ဖြစ်သဖြင့် နေပြည်တော်ဖွံ့ဖြိုးတိုးတက်မှုကို စံပြအဖြစ် ဗဟိုပြု၍ ကျန်တိုင်းနှင့်ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ပထမလှိုင်းနှင့် ဒုတိယလှိုင်းဖြစ်ပွားခဲ့ချိန်များ၌ ထိခိုက်မှုနည်းပါးခဲ့သော်လည်း တတိယလှိုင်းဖြစ်ပွားချိန်တွင် ထိခိုက်မှုများရှိခဲ့ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် အရေးယူဆောင်ရွက်ရမည့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်အစည်းအဝေးများ ပြုလုပ်၍ လုပ်ငန်းများအား ဖိဖိစီးစီးဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါ အတိုင်းအတာတစ်ခုအထိ ကူးစက်မှုနှုန်းများ လျော့ကျလာပြီဖြစ်ကြောင်း၊ ကိုဗစ်ရောဂါဖြစ်ပွားသူများနှင့် ထိတွေ့ခဲ့သူများအား စစ်ဆေးပေးခြင်းနှင့် Stay at Home ပြုလုပ်ခြင်းများအပါအဝင် ကြပ်မတ်မှုများ ပြုလုပ်၍ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ စနစ်တကျ ကြပ်မတ်ဆောင်ရွက်မှုများကြောင့် ကူးစက်မှုနှုန်းများ လျော့ကျလာခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရောဂါကူးစက်မှုနှုန်းရာခိုင်နှုန်း ထက်ဝက်ခန့်အထိ ကျဆင်းစေရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရေးနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများမှ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ၂၀၂၁ ခုနှစ်အတွင်း မိမိတို့နိုင်ငံ၏ လူဦးရေ၅၀ ရာခိုင်နှုန်း ထိုးနှံပေးနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ဖြစ်နိုင်ပါက ယခုထက် ပိုမိုထိုးနှံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်အစိုးရအနေဖြင့် အိန္ဒိယနိုင်ငံတစ်ခုတည်းမှသာ ကာကွယ်ဆေးဝယ်ယူရရှိရေး ဆောင်ရွက်ခဲ့ပြီး အိန္ဒိယနိုင်ငံ၌ ရောဂါကူးစက်မှု တတိယလှိုင်းဖြစ်ပွားချိန်၌ ကာကွယ်ဆေးများထပ်မံရရှိရေး အခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဝယ်ယူရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင်

**○ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ မိမိထံသို့ စာရေးတောင်းဆိုမှုများရှိ**

**○ မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးအား ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ၎င်းတို့ထိန်းချုပ်နယ်မြေများအတွင်းရှိ ပြည်သူများကိုလည်း သတ်မှတ်ထားသည့် ဦးစားပေးအဆင့်အလိုက် ထိုးနှံပေးသွားမည်**

**○ ယခုအချိန်တွင် ပြည်သူများအား ကာကွယ်ဆေး ခြောက်သန်းကျော် ထိုးနှံပေးခဲ့ပြီးဖြစ်၍ ကာကွယ်ဆေးထပ်မံရရှိချိန်တွင် ဆက်လက်ထိုးနှံပေးသွားမည်**

၁၈ နှစ်ပြည့်ပြီးသူများအား ထိုးနှံလျက်ရှိပြီး အသက် ၁၂ နှစ်အထက် အသက်အရွယ်ရှိသူများ ထိုးနှံနိုင်ကြောင်းကိုလည်း နိုင်ငံတကာမှ ဆေးပညာရှင်များက ခွင့်ပြုချက်များပေးထားမှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၈ နှစ်အထက်လူဦးရေ ၃၆ ဒသမ ၉ သန်းခန့်နှင့် ၁၂ နှစ်နှင့် ၁၈ နှစ်ကြား ခြောက်သန်းခန့်ရှိသဖြင့် စုစုပေါင်း ၄၃ သန်းခန့်ရှိကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးရရှိရေးအတွက် ရင်းနှီးသည့် နိုင်ငံများမှမိတ်ဆွေများထံ ဆက်သွယ်ဆောင်ရွက်ခဲ့ရာ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ကာကွယ်ကုသဆေးများနှင့် အထောက်အကူပြုပစ္စည်းများအား မိတ်ဆွေကောင်းပီသစွာဖြင့် ကူညီလှူဒါန်းပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအား ကောင်းမွန်မှုကြောင့်သာ ကူးစက်မှုနှုန်းများ လျော့ကျလာခြင်းဖြစ်ကြောင်း၊ တစ်ဦးချင်းစည်းကမ်းလိုက်နာမှု၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်တွင်းစည်းလုံးညီညွတ်မှုအားများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုနှင့် ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကာကွယ်ရေးအတွက် ဆက်လက်ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကိုဗစ်ရောဂါမှာ တစ်ကမ္ဘာလုံးရင်ဆိုင်နေရသဖြင့် ပြည်ပအကူအညီမှာ အကန့်အသတ်ရှိကြောင်း၊ သို့ဖြစ်၍ "အတ္တာဟိ အတ္တနော နာထော" မိမိကိုယ်မိမိ ကိုးကွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### တွန်းအားပေးဆောင်ရွက်လျက်ရှိ

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျဆင်းသွားသည့် စီးပွားရေးများ ပြန်လည်ဦးမော့လာစေရေး ဆောင်ရွက်ရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ်များအား မှာကြားထားပြီးဖြစ်ကြောင်း၊ ယခုအခါ မိုးစပါးစိုက်ပျိုးချိန် ရာသီသို့ ရောက်ရှိလာပြီး စပါးစိုက်ပျိုးမှုများ အခြေအနေကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ ရာနှုန်းပြည့်ထွက်ရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိုးရာသီစိုက်ပျိုးရေးနှင့် ပတ်သက်၍ စပါးစိုက်ပျိုးရေးကိုသာမက အခြားစိုက်ပျိုးသီးနှံများကိုပါ စနစ်တကျဆောင်ရွက်ရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် စားရေရိက္ခာပေါများလာပြီး ပြည်ပသို့ ပို့ကုန်များဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိုးရာသီတွင် စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုသည့် စိုက်ပျိုးရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့စေရေး ဆောင်ရွက်ရာတွင် အခွန်အခများလျှော့ချပေးခြင်းနှင့် ဆိုင်းငံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသော်လည်း လိုအပ်သည်များအား ထပ်မံကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများရှိ ပို့ဆောင်ရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများလည်း ထိခိုက်ကျဆင်းမှုများရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ အထည်ချုပ်လုပ်ငန်းများ ပြန်လည်လည်ပတ်လျက်ရှိသဖြင့် အလုပ်သမားပြည်သူများ အဆင်ပြေမှုများရှိကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ပို့ကုန်များ အရည်အသွေးကောင်းမွန်ရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စက်ရုံများအနေဖြင့် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ၎င်းစက်ရုံများအတွက် လိုအပ်သည်ကိုလည်း ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ငွေကြေးဂယက်

ဘဏ်များနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ငွေသားကိုအဓိက သုံးစွဲလျက်ရှိပြီး E-Banking စနစ်သုံးစွဲမှုအားနည်းနေသေးကြောင်း၊ မိမိတို့အားထိခိုက်စေရန်အတွက် စီးပွားရေးအရ ဘဏ်စနစ်များမှတစ်ဆင့် တိုက်ခိုက်မှုများရှိကြောင်း၊ ဘဏ်စနစ်သည် နိုင်ငံတစ်ခု၏အသက် ဖြစ်ကြောင်း၊ ၁၉၉၇ ခုနှစ်အာရှငွေကြေးဂယက်ကြောင့် နိုင်ငံများစွာတွင် ဘဏ်စနစ်များ ထိခိုက်ခဲ့ရပြီး အစိုးရများပြုတ်ကျမှုများရှိခဲ့ကြောင်း၊ ထိုသို့ငွေကြေးဂယက်ဖြစ်စေရန်အတွက် အဓိကကြိုးကိုင်ဆောင်ရွက်ခဲ့သည့် ဂျော့ဆိုးရော့စ်အား အဆိုပါနိုင်ငံများက ပြည်ဝင်ခွင့်ပိတ်ပင်ထားသည်ဟု သိရကြောင်း။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ မိမိထံသို့ စာရေးတောင်းဆိုမှုများရှိကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးအား ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ၎င်းတို့ထိန်းချုပ်နယ်မြေများအတွင်းရှိ ပြည်သူများကိုလည်း သတ်မှတ်ထားသည့် ဦးစားပေးအဆင့်အလိုက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ပြည်သူများအား ကာကွယ်ဆေး ခြောက်သန်းကျော်ထိုးနှံပေးခဲ့ပြီးဖြစ်၍ ကာကွယ်ဆေးထပ်မံရရှိချိန်တွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပမှကာကွယ်ဆေးများ ရောက်ရှိချိန်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ အမြန်ဆုံးရောက်ရှိစေရေး တပ်မတော်နှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ ပို့ဆောင်ရေးစနစ်များမှတစ်ဆင့် ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး ယာဉ်သုံးစွဲမှုအပေါ်တွင်လည်း မည်သည့်ကန့်သတ်ချက်မျှမထားရှိဘဲ အမြန်ဆုံးရောက်ရှိရေးကို အဓိကထား၍ ဆောင်ရွက်သွားရန် မှာကြားပြီးဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေပြီး ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ **စာမျက်နှာ ၄ သို့ ❖**

**မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေပြီး ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်း ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် ဆန္ဒမဲပေးခွင့်ရှိသူ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း၏ ထောက်ခံမဲဖြင့် အများဆန္ဒနှင့်အညီ အတည်ပြု ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါလူများအနက် ၈၀ ရာခိုင်နှုန်း ခန့်သည် ယခုအချိန်အထိ သက်ရှိထင်ရှားရှိနေသူများဖြစ်၍ ၎င်းတို့၏ဆန္ဒကို လေးစားတန်ဖိုးထားရန် လိုကြောင်း၊ အခြေအနေအချိန်အခါအရ ပြင်ဆင် သင့်သည်များရှိသည်ကို လက်ခံ**

❍ **CRPH နှင့် NUG လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများအား ဥပဒေကြောင်းအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ**

❍ **ယခင်အစိုးရလက်ထက် ဥပဒေနှင့်မညီညွတ်သည့် ဆောင်ရွက်ချက်များ နှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စိစစ် ဆောင်ရွက်လျက်ရှိ**

❍ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို မထိခိုက်အောင် ဂရုပြုဆောင်ရွက်သွားရမည်**

❍ **ကိုဗစ်-၁၉ ကာလတွင် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများနှင့် SME လုပ်ငန်းများအတွက် သမဝါယမစနစ်ဖြင့် ချေးငွေထုတ်ချေးနိုင်ရေးကို ဆောင်ရွက်ပေးသွားမည်**

❖ စာမျက်နှာ ၃ မှ

လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် ဆန္ဒမဲပေးခွင့်ရှိသူ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း၏ ထောက်ခံမဲဖြင့် အများဆန္ဒနှင့်အညီ အတည်ပြု ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါလူများ အနက် ၈၀ ရာခိုင်နှုန်းခန့်သည် ယခုအချိန်အထိ သက်ရှိထင်ရှားရှိနေသူများဖြစ်၍ ၎င်းတို့၏ဆန္ဒကို လေးစားတန်ဖိုးထားရန် လိုကြောင်း၊ အခြေအနေ အချိန်အခါအရ ပြင်ဆင်သင့်သည်များရှိသည်ကို လက်ခံကြောင်း၊ ဥပမာအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဝန်ကြီးချုပ်များခန့်အပ်ရေး နှင့်ပတ်သက်၍ နယ်မြေဒေသအလိုက် သဘောထား များ ကိုက်ညီမှုတွင်လိုအပ်ချက်ရှိခြင်း၊ ရွေးချယ်ခံ ကိုယ်စားလှယ်များအား Right to Recall ဥပဒေ မထုတ်နိုင်ခြင်းတို့ကို တွေ့နေရကြောင်း၊ အလားတူ ရွေးကောက်ခံကိုယ်စားလှယ်များနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့် ပြည်သူ့ လွှတ်တော်၏ ဆုံးဖြတ်ချက်များ သဟဇာတမဖြစ်ပါက ဆုံးဖြတ်ချက်အတွက် ပြဿနာဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အားလုံးပါဝင်နိုင်ပြီး အချိုးကျကိုယ်စားပြုသည့် ကိုယ်စားလှယ်များ၏ ဆန္ဒအား အလေးထားနိုင်ရန် PR စနစ်ဖြင့် ကျင့်သုံး ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးချယ်ခံကိုယ်စားလှယ်၊ ရွေးချယ်တင်မြှောက်မှုစနစ်နှင့် ပတ်သက်၍လည်း ပြင်ဆင်ရန် ရှိသည်များရှိကြောင်း၊ မိမိတို့တာဝန်ယူချိန်ကာလ အတွင်း ပြင်ဆင်၍ရသည်များကို အားလုံးတိုင်ပင် ညှိနှိုင်း၍ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**သာတူညီမျှဖြစ်ရမည်**

တိုင်းရင်းသားလက်နက်ကိုင်များနှင့်ပတ်သက်၍ တိုင်းရင်းသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး ဟုပြောသည်များရှိကြောင်း၊ အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် တိုင်းရင်းသားအရေး ကြောင့်ပေါ်ပေါက်လာခြင်းဖြစ်ပြီး အချို့သည် ဒီမိုကရေစီအခွင့်အရေးကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားအရေးသည် ဖက်ဒရယ်နှင့် ဒီမိုကရေစီကိုအခြေခံ၍ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ အနှစ်သာရသည် အများဆန္ဒအရ ဆောင်ရွက်ခြင်းဖြစ်ပြီး သာတူညီမျှဖြစ်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အဓိကတိုင်းရင်းသားလူမျိုး ရှစ်မျိုး၊ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးခန့် နေထိုင်ကြခြင်းဖြစ်သဖြင့် အများဆန္ဒကိုကြည့်ရမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီအခွင့်အရေးကို တောင်းဆိုရာတွင် အဆိုပါဒီမိုကရေစီကျင့်စဉ်အား လိုက်နာရန် လိုကြောင်း၊ မိမိအစုအဖွဲ့အတွင်း၊ နယ်မြေအတွင်း ဒီမိုကရေစီကျင့်စဉ်ရှိရန်လိုကြောင်း၊ ဒီမိုကရေစီ ကျင့်စဉ်အား နိုင်ငံသားတိုင်း၊ တိုင်းရင်းသားတိုင်း သိရှိပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် လိုက်နာမှုမရှိဘဲ အချင်းချင်းပဋိပက္ခဖြစ်မှုများရှိပြီး အကြောင်းမဲ့သတ်ဖြတ်မှုများ ရှိကြောင်း၊ နိုင်ငံတော် မှပြဋ္ဌာန်းထားသည့် ဒီမိုကရေစီကျင့်စဉ်များကို လိုက်နာရန်လိုကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့နယ်မြေအတွင်း ဒီမိုကရေစီအလေ့အထများဖြစ်သည့် ဥပဒေလေးစား လိုက်နာခြင်း၊ စည်းကမ်းလေးစားလိုက်နာခြင်းနှင့် လူ၏တန်ဖိုးကို တန်ဖိုးထားခြင်းများလိုက်နာ ဆောင်ရွက်ရန်လိုပြီး ဒီမိုကရေစီနှင့်လျော်ညီသည့် ကျင့်ကြံ၊ ပြောဆို၊ လုပ်ကိုင်မှုများရှိရန်လိုကြောင်း။

**နိုင်ငံစီးပွားရေး ဦးမော့စေရေး**

မိမိတို့အနေဖြင့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ်တွင် မူတည်ဆောင်ရွက်လျက်ရှိပြီး ရေရှည်လုပ်ရမည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် လမ်းခင်းပေးခြင်း၊ အသိ၊ သတိပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး နိုင်ငံစီးပွားရေး ဦးမော့ စေရေးအတွက် ရေတိုလုပ်ငန်းများကို ဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အားသည် ပြည်တွင်း၌သာရှိသည်ဆိုသည့်အတိုင်း ပြည်တွင်းစီးပွားရေး ဦးမော့လာစေရန်၊ ပြည်သူများ၏ စိတ်ဓာတ်များ မြင့်မားအောင်ဆောင်ရွက်သွားမည်ဆိုသည့် ခံယူချက်များဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်းတို့က CRPH ၊ NUG နှင့် ၎င်းတို့လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သမားများအား ငွေကြေးနှင့်ပစ္စည်းများ စုဆောင်းထောက်ပံ့ ပေးနေသူများအား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ အရေးယူရေး၊ သတင်းပေးသည့် ပြည်သူများအား ဆုကြေးငွေချီးမြှင့်ပေးရေးနှင့် အများပြည်သူသိရှိစေရေး သတင်းထုတ်ပြန်ပေးရန်၊ ဒေါ်လာဈေးနှင့် ရွှေဈေးများ ဈေးကစားနေသူများ အား ရှာဖွေဖော်ထုတ်အရေးယူနိုင်ရေး၊ အကြမ်းဖက် အဖွဲ့အစည်းများအား သင်တန်းပေးခြင်းနှင့် လက်နက်ပစ္စည်းများ ကူညီထောက်ပံ့နေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား ထိရောက်စွာ တားဆီးနိုင်ရေး၊ သံလွင်မြစ်ပေါ်ရှိ ရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန် ပြန်လည် စဉ်းစားသုံးသပ်ပေးရေး၊ ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးနှင့် စနစ်တကျထိန်းချုပ်နိုင်ရေး အတွက် နိုင်ငံတစ်ဝန်း AMI အဆင့်မြင့် Digital မီတာ များ ပြောင်းလဲတပ်ဆင်ပေးနိုင်ရေး၊ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း များအား သင့်လျော်သည့်ဂုဏ်ထူးဆောင်တံဆိပ် ပေးအပ်ချီးမြှင့်နိုင်ရေး၊ ကျောက်ဖြူအထူးစီးပွားရေး ဇုန်နှင့်ပတ်သက်၍ လတ်တလောအကျိုးစီးပွား ဖြစ်ထွန်းစေမည့် ကိစ္စရပ်များအား စတင်အကောင် အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိရောက်စွာ ဆောင်ရွက်၍ ပြည်သူများ၏စိုးရိမ်မှုကို လျှော့ချ ပေးရေး၊ ရပ်ကွက်၊ ကျေးရွာလုံခြုံရေးအတွက် ကျေးရွာပြည်သူ့စစ်အဖွဲ့များ စနစ်တကျပြန်လည် ဖွဲ့စည်းရေး၊ ကိုဗစ်-၁၉ ကာလတွင် စားဝတ်နေရေး အခက်အခဲဖြစ်ပေါ်နေသည့် ပြည်သူများအား ကူညီ ထောက်ပံ့ပေးနိုင်ရေး၊ ယခုကာလဖြစ်ပွားနေသည့် အကြမ်းဖက်မှုများအပေါ် ထိရောက်စွာသတင်း ထောက်လှမ်း၍ တရားခံများအား ဖော်ထုတ်အရေးယူ နိုင်ရေး၊ နမ့်ဆန်မြို့တွင် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ဒေသတွင်း ရွှေတူးဖော်ခြင်းလုပ်ငန်း များဆောင်ရွက်နေမှုကို တားမြစ်ပေးနိုင်ရေး၊ မဘိမ်း မြို့တွင် စိုက်ပျိုးရေးဘဏ်ခွဲဖွင့်လှစ်ပေးနိုင်ရေးတို့ နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ CRPH နှင့် NUG လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများအား ဥပဒေကြောင်းအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်အစိုးရလက်ထက် ဥပဒေနှင့်မညီညွတ်သည့် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကိုမထိခိုက်အောင် ဂရုပြုဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်တို့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ အချို့သော ရေအားလျှပ်စစ်ထုတ်လုပ်မှုစီမံကိန်းများသည် ရင်းနှီး မြှုပ်နှံမှုများပြားပြီး ဈေးကွက်မရှိသည့်အတွက် စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိကြောင်း၊ စက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်သည့်စွမ်းအင်ကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် အဆင့်မြင့်နည်းပညာကိုအသုံးပြု၍ သဘာဝဓာတ်ငွေ့ နှင့် ကျောက်မီးသွေးတို့မှ ထုတ်ယူသုံးစွဲသွားရန်လို အပ်ကြောင်း၊ နောင်တွင် မိမိတို့နိုင်ငံမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို ပြည်တွင်း စက်ရုံ၊ အလုပ်ရုံ များ လည်ပတ်နိုင်ရေးအတွက်သာ အသုံးပြုသွားမည် ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီးတို့တွင် လျှပ်စစ်ဓာတ်အားခကြွေးကျန် များပေးဆောင်ရန် ကျန်ရှိနေကြောင်း၊ ထို့ပြင် လျှပ်စစ် ဓာတ်အားပျောက်ဆုံးမှုများနှင့် လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများလည်းရှိနေကြောင်း၊ ထို့အတွက် AMI အဆင့်မြင့် Digital မီတာများ ပြောင်းလဲတပ်ဆင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကာလတွင် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများနှင့် SME လုပ်ငန်းများအတွက် သမဝါယမစနစ်ဖြင့် ချေးငွေ ထုတ်ချေးနိုင်ရေးကို ဆောင်ရွက်ပေးသွားမည် ဖြစ် ကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် တားဆီးရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး အတွက် တာဝန်ရှိအဖွဲ့အစည်းများက ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း လေ့ကျင့်ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ နမ့်ဆန်မြို့တွင် အောက်ဆီဂျင် ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ပေးသွားမည်ဖြစ် ကြောင်း၊ ထို့ပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများအတွက်လည်း လျှပ်စစ်ဓာတ်အားနှင့် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံများ တည်ဆောက် ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဆေးရုံတိုင်းတွင် အောက်ဆီဂျင် ထုတ်လုပ်နိုင်သောစက်များ တပ်ဆင်ပေးလျက်ရှိပြီး ဆေးရုံတိုင်းတွင်လည်း ကိုဗစ်-၁၉ အထူးကြပ်မတ် ကုသခန်းများထားရှိ ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကုသဆေးထုတ်လုပ် သည့် စက်ရုံတည်ဆောက်နိုင်ရေးအတွက် ဆွေးနွေး လျက်ရှိကြောင်း။

**မွေးမြူရေးသိပ္ပံကျောင်းများ ဖွင့်လှစ်နိုင်ရေး**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ် အချို့၌ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန် ရှိသူများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မွေးမြူရေး သိပ္ပံကျောင်းများဖွင့်လှစ်ပြီး ပညာသင်ကြားပေး နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူ လူထု လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် အရှည်မြော်တွေးပြီး စဉ်းစားဆောင်ရွက် ပေးသွားရန်လိုအပ်ကြောင်း။

နိုင်ငံအကျိုးအတွက် ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွားကို အခြေခံ၍ စဉ်းစား ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အတိတ်သမိုင်းကြောင်းကို လျစ်လျူရှု၍မရဘဲ သင်ခန်းစာဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်ပြီး လတ်တလောအဆင်ပြေစေရန် အလွယ်တကူ ဥပဒေ ရေးဆွဲပြဋ္ဌာန်း၍မရကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသား အကျိုးစီးပွားကို အလေးထားဆောင်ရွက်သွားရမည် ဖြစ်ပြီး နိုင်ငံသားတိုင်း ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်စေရေးအတွက် ဖော်ဆောင်သွားရမည်ဖြစ် ကြောင်း၊ ကောင်စီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော် အတွက် နက်နက်နဲနဲတွေးခေါ်မြော်မြင်ပြီး ဆောင်ရွက် ပေးသွားကြရန် လိုအပ်ကြောင်းဖြင့် လမ်းညွှန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ဆေးဝါးအတုများသည် လူ့အသက်အန္တရာယ်အထိ ဖြစ်ပေါ်စေနိုင်သဖြင့် ထိုသို့ဆောင်ရွက်သူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လို

**နေပြည်တော်  ဩဂုတ်  ၂၃**

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့သည့်အချိန်တွင် သိသာမှုမရှိခဲ့သော်လည်း တတိယလှိုင်းကူးစက်မှုဖြစ်ပွားချိန်၌ ကူးစက်မှုမြန်ဆန်ခဲ့သည့် အခြေအနေဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့ ဗဟိုအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သည့်အတွက် ရောဂါကူးစက်မှုများ အတိုင်းအတာတစ်ခုအထိ လျော့ကျလာသည်ကို တွေ့ရှိရကြောင်း၊ ဇူလိုင် ၉ ရက်တွင် လူဦးရေ ၁၅၇၄၀ အား စစ်ဆေးခဲ့ရာ ပိုးတွေ့လူဦးရေ ၄၃၂၀ တွေ့ရှိရကြောင်း၊ ဇူလိုင် ၁၄ ရက်တွင် လူဦးရေ ၂၁၃၅၀ အား စစ်ဆေးခဲ့ရာ ပိုးတွေ့လူဦးရေ ၇၀၈၃ ဦးအထိ တွေ့ရှိခဲ့ရသဖြင့် ရာခိုင်နှုန်းအရ ၃၄ ရာနှုန်းအထိ ရောက်ရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လိုအပ်သည့် ထိန်းချုပ်မှုများ ဆောင်ရွက်ခြင်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကြပ်မတ်မှုများဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ ရောဂါကူးစက်ဖြစ်ပွားမှုများ သိသိသာသာလျော့ကျလာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ယခုလအကုန်တွင် ရောဂါကူးစက်မှုရာခိုင်နှုန်း ထက်ဝက်ခန့်အထိ လျော့ကျအောင် ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် ဩဂုတ် ၁ ရက်တွင် ပိုးတွေ့ လူနာ ၃၁၈၀၊ ဩဂုတ် ၂၂ ရက်တွင် ၈၉၉၁ ဦးအား စစ်ဆေးခဲ့ရာ ပိုးတွေ့လူနာ ၂၁၇၃ ဦးရှိခဲ့သဖြင့် ရာခိုင်နှုန်းအရ ၂၄ ဒသမ ၁၇ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့**ရောဂါကူးစက်မှုနှုန်း ကျဆင်းရခြင်း မှာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကြိုးကြပ်ကွပ်ကဲမှုများနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်ခြင်းကြောင့်ဖြစ်ကြောင်း၊** ရောဂါကူးစက်မှုလျှော့ချနိုင်ရေး ဆက်လက်ဆောင်ရွက်ရာတွင် ပိုးတွေ့လူနာများနှင့် ဆက်စပ်ထိတွေ့မှုရှိခဲ့သူများကိုလည်း စစ်ဆေးနိုင်ရန်လိုအပ်ကြောင်း၊ ရောဂါစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဖြစ်နိုင်ခြေရှိသည်များအားလုံးကို စစ်ဆေးရန်လိုပြီး "အနာသိမှ ဆေးရှိမည်" ဖြစ်ကြောင်း၊ သို့မှသာ ကာကွယ်မှုအတွက် ပိုမိုစဉ်းစားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရောဂါကူးစက်မှုများလျော့ကျလာသော်လည်း ပေါ့ဆမှုများ မရှိရန်လိုကြောင်း။

**မိမိတို့အနေဖြင့် ယခုလအကုန်တွင် ရောဂါကူးစက်မှုရာခိုင်နှုန်း ထက်ဝက်ခန့်အထိ လျော့ကျအောင် ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် ဩဂုတ် ၁ ရက်တွင် ပိုးတွေ့လူနာ ၃၁၈၀၊ ဩဂုတ် ၂၂ ရက်တွင် ၈၉၉၁ ဦးအား စစ်ဆေးခဲ့ရာ ပိုးတွေ့လူနာ ၂၁၇၃ ဦးရှိခဲ့သဖြင့် ရာခိုင်နှုန်းအရ ၂၄ ဒသမ ၁၇ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရ**

### ပုံမှန်အခြေအနေသို့ ပြန်လည်ကျဆင်းခဲ့

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သွားလာမှုအခက်အခဲများဖြစ်ပေါ်ခဲ့သဖြင့် ကုန်ထုတ်လုပ်မှုများ ထိခိုက်ခဲ့မှုများရှိကြောင်း၊ စားသောက်ရေးအတွက် မိမိတို့လုပ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် ဝိသမလောဘများဖြင့်ရောင်းဝယ်နေမှုများကိုလည်း တွေ့ရှိရကြောင်း၊ ပြီးခဲ့သည့်ကာလအတွင်း ဆေးဝါးများ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စစ်ဆေးကြပ်မတ်ခြင်းများ စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဆေးဝါးများ၏ ဈေးနှုန်းများ ပုံမှန်အခြေအနေသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏ အမျိုးသားရေး စရိုက်လက္ခဏာသည် စေတနာထားပြီး လှူဒါန်းလိုသည့်စိတ်၊ ပေးကမ်းလိုသည့် အခြေခံစိတ်များရှိပြီးဖြစ်သဖြင့် ၎င်းစိတ်ကို အခြေခံ၍ ဆောင်ရွက်မှုများသည် သဟဇာတဖြစ်ရန်လိုကြောင်း၊ မိမိတို့ နိုင်ငံတစ်ခုတည်း မဟုတ်ဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးတွင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်နေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့်စားသောက်ရေးနှင့် ကာကွယ်ကုသဆေးများနှင့်ပတ်သက်၍ ဝိသမလောဘများဖြစ်ပေါ်မှုမရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

ကိုဗစ်-၁၉ ရောဂါသည် ကာကွယ်ဆေးများ ထိုးနှံထားပါက ရောဂါဖြစ်နိုင်မှု ကျဆင်းပြီး ကာကွယ်နိုင်မှုရှိသည်ကို တစ်ကမ္ဘာလုံးက လက်ခံထားကြကြောင်း၊ ထိုသို့ကာကွယ်နိုင်မှုများကို သိရှိလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံနိုင်ရန်အတွက် ထိုးနှံလိုကြသူများ များပြားလာခဲ့ပြီး မိမိတို့အနေဖြင့်လည်း ကာကွယ်ဆေးများရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်အစိုးရလက်ထက်တွင် အိန္ဒိယနိုင်ငံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသန်း ၃၀ ရရှိအောင် ဆောင်ရွက်ခဲ့သော်လည်း ပထမအသုတ်ရောက်ရှိပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိခြင်းမရှိခဲ့ကြောင်း၊ ထိုအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းပြီးခါစအချိန်ဖြစ်သဖြင့် အိန္ဒိယနိုင်ငံတစ်ခုတည်းကသာ အဓိကဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ တတိယလှိုင်း ဖြစ်ပေါ်လာချိန်တွင် တစ်ကမ္ဘာလုံးရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလာခဲ့ရာ လက်ရှိကမ္ဘာ့လူဦးရေ၏ ၂၁၂ သန်းအထိ ဖြစ်ပွားခဲ့ပြီး သေဆုံးမှုနှုန်းများလည်း မြင့်တက်လျက်ရှိကြောင်း၊ နိုင်ငံအားလုံး၌ ရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးများ ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ အနေဖြင့်လည်း ၎င်းကဲ့သို့ အခြေအနေများအကြားမှ ပြည်သူလူထု ကျန်းမာရေးအတွက် ကာကွယ်ဆေးများရရှိအောင် ခက်ခက်ခဲခဲကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါကာကွယ်ဆေးများရောက်ရှိချိန်တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် ကာကွယ်ဆေးထိုးနှံမှုများအား အမြန်ဆုံးထိုးနှံနိုင်ရေး စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တစ်ရက်စော၍ ဆေးထိုးနိုင်လျှင် တစ်ရက်စော၍ ကာကွယ်ပြီးဖြစ်မည်ဖြစ်ကြောင်း။

### အသိပေးကြေညာထား

ယခုအခါ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးအတွက် ပြည်ပနိုင်ငံများမှ ကာကွယ်ဆေး ဆေးဝါးအတုများဝင်ရောက်လာမှုများရှိသည်ဟု ကြားသိရသဖြင့် ပြည်သူများ ထိခိုက်မှုများရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ ဩဂုတ် ၂၂ ရက်တွင် ကြေညာချက်ထုတ်ပြန်၍ ပြည်သူလူထုသတိပြုနိုင်ရန် အသိပေးကြေညာထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာနယ်စပ်ဒေသများမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ မြို့ကြီးများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆေးဝါးကုမ္ပဏီများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ တင်သွင်းခွင့်ပေးထားကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသမှ ပြည်သူများအနေဖြင့် ဆေးဝါးအတုများ ထိုးနှံမှုမရှိစေရေးအတွက် ဒေသခံပြည်သူများသိရှိစေရေး အမြဲမပြတ် အသိပေးထုတ်ပြန်ဆောင်ရွက်နေရန်လိုကြောင်း၊ ဆေးဝါးအတုများသည် လူ့အသက်အန္တရာယ်အထိဖြစ်ပေါ်စေနိုင်သဖြင့် ထိုသို့ဆောင်ရွက်သူများအား ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားရန်လိုကြောင်း။

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြီးခဲ့သည့် နွေစပါးရာသီတွင် စပါးစိုက်ပျိုးမှုများ လျော့နည်းခဲ့ကြောင်း၊ ယခုအခါ မိုးရွာသွန်းမှု ရာခိုင်နှုန်း မြင့်မားလျက်ရှိသဖြင့် ထိုအခြေအနေအား ကောင်းစွာအသုံးချ၍ တောင်သူများအနေဖြင့် စပါးများနှင့် အခြားသီးနှံများအား စနစ်တကျ စိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ နိုင်ငံအတွင်းစားသောက်ကုန်များ ဖူလုံစွာ ထုတ်လုပ်နိုင်ပြီး ရိက္ခာများပေါ်များလာပါက နိုင်ငံအတွက် ရိက္ခာရှားပါးမှု မဖြစ်ပေါ်နိုင်ကြောင်း၊ ယခုအခါ ကမ္ဘာ့နိုင်ငံများတွင် စားသောက်မှုနှင့်ပတ်သက်၍ ရိက္ခာများ လိုအပ်မှုဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်း

**စာမျက်နှာ ၆ သို့** ✪

✪ စာမျက်နှာ ၅ မှ
စိုက်ပျိုးရေးထုတ်ကုန်များ ပေါ်များလာပါက ပြည်ပပို့ကုန်များလည်း တင်ပို့နိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများအနေဖြင့် စိုက်ပျိုးတောင်သူများအား လိုက်လံကြည့်ရှုအားပေး၍ အသိအမှတ်ပြု ဆောင်ရွက်နေရန်လိုကြောင်း မှာကြားသည်။

**ဖြစ်ပွားမှုနှုန်း လျော့ကျစေရေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှုန်း ကျဆင်းလျက်ရှိသည့်အခြေအနေ၊ ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျခြင်းမရှိဘဲ ရောဂါပိုးအတည်ပြုလူနာတွေ့ရှိမှုနှုန်း မြင့်မားလျက်ရှိသည့် အချို့မြို့နယ်များကို နေအိမ်တွင်နေထိုင်ရေး(Stay at home) ထပ်မံကန့်သတ်ထားရှိ၍ ကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျစေရေး လုပ်ဆောင်လျက်ရှိသည့်အခြေအနေ၊ ကမ္ဘာ့နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် ဗီဇပြောင်းရောဂါပိုးများ ဆက်လက်တွေ့ရှိနေရမှု၊ ကူးစက်ပြန့်ပွားနိုင်မှု အခြေအနေများနှင့် ဗီဇပြောင်းရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်မှုကို ကာကွယ်တားဆီးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေ၊ အောက်ဆီဂျင်သုံးစွဲသူများအနေဖြင့် SOP Guideline နှင့် အညီသုံးစွဲရန် လိုအပ်သည့်အခြေအနေ၊ ဆေးရုံအသီးသီးတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကျန်းမာရေးဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားထောက်ပံ့မှုများ ပြုလုပ်ရန် စီမံဆောင်ရွက်နေမှု အခြေအနေ၊ ဆေးရုံများအလိုက် ICU အခန်းများ အဆင့်မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ လက်ရှိအချိန်အထိ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေအနေများနှင့် ကာကွယ်ဆေးထိုးနှံမှုအား အာဆီယံ Website များနှင့် WHO Website များတွင်လည်း တင်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ကာကွယ်ဆေးများရောက်ရှိမှု၊ ထပ်မံမှာယူထားရှိမှု အခြေအနေများနှင့် ထပ်မံဝယ်ယူ ရရှိနိုင်ရေး ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်နေမှုအခြေအနေ၊ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါပိုး ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပုဂ္ဂလိကကုမ္ပဏီများ၏ ကာကွယ်ဆေးတင်သွင်းမှုနှင့် ထိုးနှံနေမှု အခြေအနေများကို မှတ်တမ်းရေးသွင်းနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေ။

**တင်သွင်းဖြန့်ဖြူးခဲ့**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများ၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများကို နိုင်ငံတကာမှ လှူဒါန်းပေးအပ်ခဲ့မှုနှင့် ထပ်မံလှူဒါန်းလာမည့်အခြေအနေ၊ Relif Flight များ ပြေးဆွဲပျံသန်း၍ နိုင်ငံသားများကို ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနိုင်ခဲ့သည့် အခြေအနေများနှင့် ဆက်လက်ပြေးဆွဲသွားမည့် အခြေအနေ၊ ရောဂါကာကွယ် ကုသ ထိန်းချုပ်ရေးဆိုင်ရာနှင့် ဆက်စပ်ဆေးဝါးများ၊ စက်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခဲ့သည့်အခြေအနေ၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် စီမံဆောင်ရွက်ပေးထားမှုနှင့် ပေါင်းစပ်ဆောင်ရွက်ပေးနေမှုအခြေအနေ၊ FDA ၏ ထောက်ခံချက်ဖြင့် ကုန်စည်များ စိစစ်ထုတ်ပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးနေမှု အခြေအနေ။

ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို သတင်းစာများ၊ နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့အပြင် ပုဂ္ဂလိကရုပ်သံလိုင်းများမှ အသိပညာပေးလျက်ရှိသည့် အခြေအနေ၊ နေအိမ်တွင်နေထိုင်ရေး(Stay at home) ကာလအတွင်း ပြည်သူများ စိတ်ချမ်းမြေ့မှုရရှိစေရေး၊ အသိပညာရရှိရေး၊ စိတ်ဖိစီးမှုများ လျော့ကျစေရေး သီချင်းနှင့် ဇာတ်လမ်းတိုများ၊ အင်တာဗျူးအစီအစဉ်များ၊ အငြိမ့်များအပြင် အခြားအစီအစဉ်များစွာကို တင်ဆက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

အောက်ဆီဂျင်များအား ပြည်ပမှ တင်သွင်းဖြန့်ဖြူးနေမှု၊ ပြည်တွင်းမှ ထုတ်လုပ်နေမှုအခြေအနေ၊ ကာကွယ်ဆေးများအား သတ်မှတ်နယ်ပယ်များအလိုက် ထိုးနှံပေးနေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ထိုးနှံရေး ဆောင်ရွက်နေမှုအခြေအနေ၊ ပြည်ပရောက်မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ပြန်လည်ဝင်ရောက်နေမှု၊ နယ်စပ်ဂိတ်အသီးသီး၌ စနစ်တကျစစ်ဆေး၍ ရောဂါပိုးတွေ့ရှိသူများအား စောင့်ကြည့်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ရောဂါပိုး မတွေ့ရှိသူများကို ၎င်းတို့ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ပို့ဆောင်ပေးလျက်ရှိသည့် အခြေအနေ။

**ကျန်းမာရေးဆိုင်ရာဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါသည် မျိုးရိုးဗီဇများ ပြောင်းလဲကူးစက်မှု ဖြစ်ပွားလျက်ရှိသည့်အတွက် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် ကျန်းမာရေးအဖွဲ့အစည်းများက သတ်မှတ်ထားသည့် စံနှုန်းသတ်မှတ်ချက်များရှိပြီး ၎င်းတို့ကို လေ့လာ၍ လိုက်နာဆောင်ရွက်သွားရန်လည်း လိုအပ်**

**စားရေးအခက်အခဲမရှိစေရန်**

စားရေးအခက်အခဲမရှိစေရန်အတွက် အခြေခံစားကုန်များကို ရွှေ့လျားဈေးကားများဖြင့် လှည့်လည်ရောင်းချပေးနေမှုနှင့် အခြေခံအိမ်သုံးဆေးဝါးများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေ၊ တပ်မတော်ဆေးရုံများ၊ စင်တာများတွင် စောင့်ကြည့်၊ ကုသမှုများ ဆောင်ရွက်ပေးနေမှု အခြေအနေ၊ Oxygen Plant များ တည်ဆောက်ပြီးစီးမှု၊ ဆက်လက်တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးပါက ထွက်ရှိလာမည့်အခြေအနေ၊ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်း ကူးစက်ပြန့်ပွားမှုများတွင် ဗီဇပြောင်းရောဂါမျိုးကွဲများဖြင့် ကူးစက်ပြန့်ပွားခဲ့မှု အခြေအနေ၊ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာပစ္စည်းများ၊ အောက်ဆီဂျင်များ၊ တစ်ခါသုံးဆေးထိုးအပ်နှင့် အခြားလိုအပ်သည့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေ၊ ပြည်တွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးဝါးစက်ရုံများမှ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးပေးနေမှု အခြေအနေ၊ ဆေးဝါးများကုန်ဈေးနှုန်း ကြီးမြင့်မှုမရှိစေရေး စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ အခြေခံ အိမ်သုံးဆေးဝါးများ ကုန်ဈေးနှုန်းကျဆင်းလာမှု၊ ကိုဗစ်-၁၉ ပထမလှိုင်းကာလအတွင်း ပြည်တွင်းရှိ အထည်ချုပ်စက်ရုံအချို့ပိတ်ထားရမှုများရှိခဲ့ပြီး ယခုတတိယလှိုင်းကာလအတွင်းပင် အထည်ချုပ် အမှာစာများရောက်ရှိလာသည့်အတွက် စက်ရုံများကို ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ပြန်လည်လည်ပတ်ခဲ့ပြီး ယခင်လည်ပတ်မှုရပ်ဆိုင်းထားသည့် အထည်ချုပ်စက်ရုံ ၃၈ ရုံနှင့် စက်ရုံအသစ် ၁၁ ရုံ စုစုပေါင်း စက်ရုံ ၄၉ ရုံ လည်ပတ်လာနိုင်သည့်အတွက် ဝန်ထမ်း နှစ်သောင်းကျော်ကို အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်ခဲ့သည့်အခြေအနေ၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအား ကာကွယ်ဆေးထိုးနှံနိုင်ရေး လုပ်ဆောင်လျက်ရှိရာ သြဂုတ် ၂၂ ရက်အထိ အလုပ်သမား ရှစ်သောင်းကျော်ကို ထိုးနှံပြီးစီးခဲ့ပြီး ဆက်လက်ထိုးနှံပေးသွားမည့်အခြေအနေ။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် မြို့နယ်၊ ခရိုင်အလိုက် ဖြစ်ပေါ်ခဲ့သည့် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှု၊ ဆေးရုံတက်ရောက်မှု၊ အောက်ဆီဂျင်လိုအပ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်၍ အမှန်တကယ် လိုအပ်ချက်များကို တွက်ချက်ပြင်ဆင်ထားရန်လိုအပ်သည့် အခြေအနေ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဒေသများအတွင်း ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး စနစ်တကျစာရင်းကောက်ယူ ဆောင်ရွက်လျက်ရှိပြီး ဦးစားပေးအုပ်စုအလိုက် အမြန်ဆုံး ထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ တိုက်ပွဲရှောင်နှင့် IDP Camp များ၌ ရှိနေသူ လူဦးရေ ငါးသိန်းကျော်အနက် အသက် ၁၈ နှစ်အထက် ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူ ၁၆၅၂၉၆ ဦးရှိပြီး ၎င်းတို့အနက် လူဦးရေ ငါးသောင်းကျော်ကို ယခုအပတ်အတွင်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံပြီးစီးသူများကို စနစ်တကျ မှတ်တမ်းတင်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်းရှိ စက်ရုံ၊ အလုပ်ရုံများ ပုံမှန်အတိုင်း လည်ပတ်နေမှုများကို အားပေးရမည်ဖြစ်ပြီး ရောဂါကာကွယ်ထိန်းချုပ်ကုသရေး စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ စက်ရုံပိုင်ရှင်များအနေဖြင့်လည်း ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ၎င်းတို့၏ လိုအပ်ချက်များနှင့် ပတ်သက်၍ အလေးထားလုပ်ဆောင်ပေးရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တာဝန်ရှိသူများအနေဖြင့်လည်း လိုအပ်သည်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

**ကြပ်ကြပ်မတ်မတ်ဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကျန်းမာရေးဆိုင်ရာဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါသည် မျိုးရိုးဗီဇများ ပြောင်းလဲကူးစက်မှုဖြစ်ပွားလျက်ရှိသည့်အတွက် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး လုပ်ငန်းများကို အမြဲမပြတ် ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် ကျန်းမာရေးအဖွဲ့အစည်းများက သတ်မှတ်ထားသည့် စံနှုန်းသတ်မှတ်ချက်များရှိပြီး ၎င်းတို့ကို လေ့လာ၍ လိုက်နာဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှုများတွင် ဗဟိုအဖွဲ့၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များအနေဖြင့် လိုအပ်သည်မှန်သမျှကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများနေဖြင့်လည်း ပြည်သူများမှ တိကျစွာ လိုက်နာဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။

ထို့နောက် ဆေးရုံများကိုအဆင့်မြှင့်တင်နိုင်ရေး လုပ်ဆောင်ကြရမည်ဖြစ်ပြီး ဆေးရုံတိုင်းသည် ဆေးရုံအင်္ဂါရပ်များနှင့် ကိုက်ညီမှုရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ ယခုခေတ်၌ နိုင်ငံတကာရှိ ဆေးရုံများ၏ ပုံသဏ္ဌာန်များ၊ အင်္ဂါရပ်များကို အလွယ်တကူ လေ့လာတွေ့ရှိနိုင်ကြောင်း၊ ထိုသို့လေ့လာ၍ မြို့နယ်၊ တိုက်နယ်၊ ခရိုင်အဆင့် ဆေးရုံများ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ICU ခန်းများရှိသည် ဖြစ်သော်လည်း ကိုဗစ်နှင့်ပတ်သက်၍ သီးသန့်ထားရှိပြီး အခြားရောဂါများအတွက်လည်း ICU ခန်းကို သီးသန့်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက်လည်း နိုင်ငံတော်က လိုအပ်သည့် ကုန်ကျမှုများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆေးရုံများအဆင့်မြှင့်တင်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်သရိုက်များ ရှင်းလင်းရေး၊ ခြံစည်းရိုးများကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆေးရုံဝန်ထမ်းများ၊ တပ်မတော်၊ လူမှုရေးအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

**အောက်ဆီဂျင်နှင့်ပတ်သက်၍**

ထို့နောက် အောက်ဆီဂျင်နှင့်ပတ်သက်၍ လိုအပ်သည်များကို ဆောင်ရွက်ပေးရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ “ဆက်စပ်ပြီး ပြောချင်တာကတော့ အောက်ဆီဂျင်ကိစ္စပါ၊ အောက်ဆီဂျင်နဲ့ပတ်သက်ပြီး ကျွန်တော်တို့က ပြီးခဲ့တဲ့ ဇွန်၊ ဇူလိုင်မှာ အောက်ဆီဂျင်လိုအပ်ချက်တွေ အလွန်မြင့်တက်လာတဲ့အခါကျတော့ အကုန်လုံးက အောက်ဆီဂျင်ရရှိဖို့ အသည်းအသန်ကြိုးစားကြတာပေါ့၊ အမြင့်ဆုံး လိုအပ်ချက်ကတော့ ပြီးခဲ့တဲ့ ဇူလိုင်လ ၁၈ ရက်နေ့က ၃၁၂၉၈ လုံး လိုတယ်ဆိုပြီးတော့ ကမ္ဘာကစောင့်ကြည့်လေ့လာရေး Indicator တွေမှာ သွားတွေ့တယ်။ အခု ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀ ရက်နေ့ လိုအပ်ချက်က ၁၈၆၆၇ တွေ့တယ်။ ကျွန်တော်တို့ ထုတ်နိုင်တာက အခု လေးသောင်းကျော်၊ တကယ်လို့ အပြည့်အစုံဆို လေးသောင်းကျော်လောက် ထုတ်နိုင်တာကို ကျွန်တော်တို့တွေ့တယ်။ ဆိုလိုချင်တာကတော့ အမြင့်ဆုံးလိုအပ်ချက်ထက်ကို ပိုပြီးတော့မှ အောက်ဆီဂျင်ထုတ်နိုင်တဲ့ အနေအထားတော့ ရောက်သွားပြီ။ သို့သော် ဆေးရုံသုံး အောက်ဆီဂျင်တွေ သန့်ရှင်းပြီးတော့မှ စနစ်တကျဖြစ်တဲ့ အောက်ဆီဂျင် ဖြစ်စေချင်တယ်။ အဲဒါလည်း ကျွန်တော် ပြီးခဲ့တဲ့ အစည်းအဝေးတွေမှာလည်း ပြောပါတယ်။ အောက်ဆီဂျင်အိုးတွေကအစ စနစ်တကျလုပ်ပါ။ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ဖြစ်အောင် ကြိုးစားပါ။ နောက်တစ်ခါလည်း အောက်ဆီဂျင် အောက်ဆီဂျင်လို့ ပြောတဲ့အခါကျတော့။ မြို့နယ်တွေမှာ ကြိုးစားကြတယ်။ အဓိကကတော့ ဆက်သွယ်မှု ခက်ခဲတဲ့ နေရာတွေမှာ အောက်ဆီဂျင် မဖြစ်မနေရအောင် လုပ်ရမယ်။ ဥပမာအားဖြင့်- နန်းယွန်းလိုမြို့နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း ဆိုရင် နန်းယွန်းလိုဟာမျိုးပေါ့၊ သွားရလာရတာ နည်းနည်းခက်တာကိုး။ လဟယ်ကမှ ခန္တီးကသွားရင် နည်းနည်း အဆင်ပြေနိုင်သေးတယ်။ ဒါ ဥပမာ ပြောပြတာ၊ ဥပမာအားဖြင့် - မာန်အောင်လို ဟာမျိုးဆိုရင် လေကြောင်းလမ်းတစ်ခုနဲ့ ရာသီဥတုကောင်းလို့ရှိရင် သင်္ဘောလမ်းသွားလို့ရတယ်။ ကားလမ်းမရှိဘူး။ မာန်အောင်ကျွန်းမျိုးဆိုရင် ရကိုရရမယ်။ သူ့ကို Survive လုပ်နိုင်၊ သူ့ကိုယ်သူ ရပ်တည်နိုင်ရမယ့် အခြေအနေမျိုး ရှိရမယ်။ အဲဒါမျိုးလေးတွေပေါ့၊ ပြည်နယ်နဲ့ တိုင်းအလိုက် သွားလာမှုခက်ခဲတဲ့ မြို့နယ်တွေမှာ၊ ခရိုင်မဟုတ်လို့၊ မြို့နယ်မဟုတ်လို့ မဟုတ်ဘူး၊ သွားလာမှုခက်ခဲတဲ့ဒေသတွေကတော့ မဖြစ်မနေရအောင် ကြိုးစားပေး၊ စိတ်မပူရအောင်၊ လျှပ်စစ်မီး ဘယ်လိုရအောင်လုပ်မလဲ၊ ဥပမာအားဖြင့်-အသေးစားရေအားလျှပ်စစ်စီမံကိန်း၊ အဲဒီမှာ ကီလိုဝပ် ၅၀၀၊ ကီလိုဝပ် ၁၀၀၀၊ ဒါမှမဟုတ်လို့ရှိရင် ကီလိုဝပ် ၂၀၀ လား၊ ကီလိုဝပ် ၃၀၀ တော့ရသလား၊ ရရင်ခုနက ပြောတဲ့ အောက်ဆီဂျင်စက်ရုံနဲ့ ပတ်သက်ပြီး အထောက်အကူရအောင် ချိတ်ဆက်ထား၊ လူထက်အရေးကြီးတာ၊ အသက်ထက်အရေးကြီးတာ ဘာမှမရှိဘူး’’ ဟု ပြောကြားသည်။ **စာမျက်နှာ ၇ သို့** ✻

✻ စာမျက်နှာ ၆ မှ

ဆက်လက်၍ ကိုဗစ်ကာကွယ်ဆေးများနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှုများကို နယ်စပ်ဂိတ်များ၊ လေကြောင်းနှင့် ရေကြောင်းတို့မှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် တင်သွင်းမှုများလုပ်ဆောင်လျက်ရှိပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေရေး အမြန်ဆုံးထုတ်ပေးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် စစ်ဆေးမှုများ၊ ခွင့်ပြုမှုများကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မတော်လောဘများဖြင့် ကန့်သတ်တားမြစ်ဆေးဝါးများ၊ ဆေးဝါးအတုများ တင်သွင်းမှုမရှိစေရေး စစ်ဆေးရမည်ဖြစ်ပြီး တွေ့ရှိပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပညာပေးမှုနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ လုပ်ဆောင်နေမှုများ ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တွင်လည်း အသံချဲ့စက်များနှင့် အသိပေးကြေညာခြင်း၊ ကျန်းမာရေးအသိပညာပေး၊ သတိပေးဆိုင်းဘုတ်များထောင်ခြင်းများ ပြုလုပ်ရန်လည်းလိုကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ပညာပေးမှုများ ပိုမိုဆောင်ရွက်ရမည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ အသိပေးမှု၊ သတိပေးမှုများ နေ့စဉ်မြင်တွေ့ ကြားသိနေရမှသာလျှင် ဆင်ခြင်လိုက်နာနိုင်မည်ဖြစ်သောကြောင့် ပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါကို ရှေ့တန်းမှ ကာကွယ်ထိန်းချုပ်ကုသပေးနေသော ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများတွင် ထမ်းဆောင်ကြသည့် အဖွဲ့အစည်းများ၊ ပြည်သူလူထု၏ သယ်ယူပို့ဆောင်ရေးကို ဆောင်ရွက်ပေးနေသည့် အဖွဲ့များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ ကျန်းမာရေးကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် ကာကွယ်ဆေးထိုးနှံရာတွင် ဦးစားပေးသတ်မှတ်ချက်များအလိုက် စနစ်တကျထိုးနှံ ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်တပ်မတော်(လေ)နှင့် တပ်မတော်ပို့ဆောင်ရေး စနစ်များမှတစ်ဆင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးသို့ အမြန်ဆုံးရောက်ရှိနိုင်ရေး ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ရောက်ရှိလာသည့် ဆေးပစ္စည်းများ ပျက်စီးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းထားသို၍ အမြန်ဆုံး ထိုးနှံပေးရမည်ဖြစ်ကြောင်း၊ အသက်အရွယ်ကြီးမြင့်သူများတွင် သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရှိရပြီး အသက် ၅၀ နှင့် အထက် သေဆုံးမှု ၈၀ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးကို အသက်အရွယ်ကြီးရင့်သူများအား ဦးစားပေးထိုးနှံစေလျက်ရှိကြောင်း၊ ယခု ကာကွယ်ဆေး ရှစ်သန်းရောက်ရှိပြီး ခြောက်သန်းကို ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ဒုတိယအကြိမ်ထိုးနှံရန် ဆေးနှစ်သန်းကျန်ရှိကြောင်း၊ တစ်ဖက်ကလည်း ကိုယ်ခံစွမ်းအားကောင်းမွန်အောင် နေထိုင်ရန်လိုအပ်မည်ဖြစ်ပြီး ကျန်းမာသန်စွမ်းမှုရှိစေရန် ကိုယ်လက်လှုပ်ရှားမှုများကိုလည်း လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် အသိပညာပေးမှုများကိုသာမက အခြေခံကျန်းမာရေးနှင့်ပတ်သက်သည့် ပညာပေးမှုများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားရေးသောက်ရေးနှင့် ပတ်သက်၍ အဆင်ပြေချောမွေ့မှုရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ ဒေသအလိုက် စားရေရိက္ခာပေါများစေရေး ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အခြေခံအနေဖြင့် နိုင်ငံသားများနှင့် တိုင်းပြည်၏ စီးပွားရေးကောင်းမွန်အောင် လုပ်ဆောင်ရန် အဓိကလိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်း လုပ်ဆောင်ရသည့် တာဝန်များအလိုက် မိမိအလုပ်နှင့် တိုင်းပြည်အပေါ်တွင် စေတနာထား၍ လုပ်ဆောင်မည်ဆိုပါက မိမိတို့၏ လုပ်ဆောင်မှုများ အောင်မြင်နိုင်မည်ဖြစ်ပြီး တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏ လူမှုဘဝတိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စေတနာထား၍လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၄၂) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

(၄၂) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ (42nd General Assembly of ASEAN Inter–Parliamentary Assembly)ကို ဘရူနိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန၌ ယနေ့ နံနက် ၈ နာရီခွဲက Virtual စနစ်ဖြင့်ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးအစည်းအဝေးခန်းမမှ ပါဝင်တက်ရောက်ခဲ့ကြသည်။




အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် ဒေသတွင်းပေါင်းစည်းမှုရရှိစေရေးတို့အတွက် အာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားမည့်အပြင် AIPA ၏ လုပ်ငန်းစဉ်များတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အထွေထွေညီလာခံကို ဩဂုတ် ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်ကျင်းပသွားမည်ဖြစ်ပြီး "Forging Parliamentary Cooperation in Digital Inclusion towards ASEAN Community 2025" ခေါင်းစဉ်ဖြင့် စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်မှု၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် အကာအကွယ်ပေးမှုမြှင့်တင်ခြင်း၊ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့်စပ်လျဉ်းသည့် လွှတ်တော်ဆိုင်ရာကိစ္စရပ်များ၊ အငယ်စား၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာ လက်လှမ်းမီနိုင်ရေးလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါအလွန် ခရီးသွားမှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ ရာသီဥတု ပြောင်းလဲမှုနှင့်ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

(၄၂) ကြိမ်မြောက် အာဆီယံပါလီမန်များ၏ အထွေထွေညီလာခံသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်၊ ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြည်အောင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးဆန်းလင်းနှင့် ဒေါက်တာကျော်သူဟိန်းတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလုံခြုံရေး နှီးနှောဖလှယ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလုံခြုံရေး နှီးနှောဖလှယ်ပွဲ 4th International Maritime Security Symposium (2021) အခမ်းအနားကို "လုံခြုံမှု၊ ငြိမ်းချမ်းမှုနှင့် ကြွယ်ဝချမ်းသာမှုအတွက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့် ယနေ့တွင် Hybrid Symposium (Online and Offline) စနစ်ဖြင့် ကျင်းပခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော တပ်မတော်(ရေ)မှ ကိုယ်စားလှယ်အရာရှိကြီးများ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး(ကြည်း၊ ရေ၊ လေ)တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ၊ ဩစတြေးလျ၊ တရုတ်၊ ပြင်သစ်၊ အိန္ဒိယ၊ ဂျပန်၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ စပိန်၊ တူရကီ၊ အမေရိကန်၊ ဗြိတိန်၊ ဗီယက်နမ် စသည့်နိုင်ငံပေါင်း ၅၄ နိုင်ငံမှ ရေတပ်ဦးစီးချုပ်များ၊ နိုင်ငံတကာ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Yudo Margono က (၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရေကြောင်း လုံခြုံရေး နှီးနှောဖလှယ်ပွဲ(4th IMSS 2021) အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးကာ အင်ဒိုနီးရှား ရိုးရာယဉ်ကျေးမှု အစီအစဉ်များဖြင့် ဖျော်ဖြေခဲ့သည်။ ထို့နောက် အင်ဒိုနီးရှား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ညှိနှိုင်းကွပ်ကဲရေးမှူးနှင့် အင်ဒိုနီးရှား ဒုတိယကာကွယ်ရေးဝန်ကြီးတို့က အဖွင့်မိန့်ခွန်း ပြောကြားခဲ့ကြသည်။

ယင်းနောက် အင်ဒိုနီးရှားနိုင်ငံ၏ မြို့ပြရှုခင်းများကို ဗီဒီယိုဖြင့်ပြသကာ မိတ်ဆက်ခဲ့သည်။ ထို့နောက် နှီးနှောဖလှယ်ပွဲ ပထမနေ့ကို ပင်လယ်ပြင်ရေကြောင်းစိန်ခေါ်မှုနှင့် အခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ "အပြည်ပြည်ဆိုင်ရာ ရေကြောင်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်း ကိစ္စများ"၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ "ကိုဗစ်-၁၉ ရောဂါ၏ အဘက်ဘက်မှ စိန်ခေါ်မှုများနှင့် နှောင့်နှေးကြန့်ကြာမှုများအား ကျော်လွှားနိုင်ရန် စစ်ဘက်နှင့် အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍများ"၊ " သင်္ဘောများ၏ ကုန်တင်ပို့မှုနှင့် ဆိပ်ကမ်းအပေါ်သက်ရောက်မှု ကိစ္စရပ်များ"၊ အာရှရွက်လွှင့် သင်တန်းကျောင်းအဖွဲ့အစည်းနှင့် အာရှရွက်လွှင့်ပြိုင်ပွဲအစီအစဉ်များ တည်ထောင်ခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် ဘေးအန္တရာယ် ကယ်ဆယ်ရေး(HADR)နှင့် ပတ်သက်၍ "ဆယ်စုနှစ်အတွင်း အင်ဒို-ပစိဖိတ်ဒေသ၌ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု"၊ "သဘာဝဘေးအန္တရာယ်ဆိုင်ရာ သံတမန်ရေးနည်းလမ်းကို အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတစ်ခုကဲ့သို့ အာဆီယံဒေသအတွင်း ပြောင်းလဲကျင့်သုံးမည့် အစီအစဉ်" ခေါင်းစဉ်များဖြင့် ဆွေးနွေးရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့်




ဘေးအန္တရာယ် ကယ်ဆယ်ရေးကဏ္ဍတွင် တပ်မတော်(ရေ)အနေဖြင့် အသင့်ဖြစ်မှုအဆင့်အလိုက် ပြင်ဆင်ဆောင်ရွက်သင့်သည့် အချက်များကို အပြန်အလှန် ဆွေးနွေးခဲ့သည်။

ယနေ့နှီးနှောဖလှယ်ပွဲတွင် ခေါင်းစဉ်များကို အပိုင်း ၃ ပိုင်းခွဲခြား၍ ရေတပ်ဦးစီးချုပ်များ၊ နိုင်ငံတကာ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့အစည်းတို့မှ တာဝန်ရှိသူများက Power Point Presentation ဖြင့် အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။

(၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလုံခြုံရေးနှီးနှောဖလှယ်ပွဲ (4th IMSS 2021) အခမ်းအနားကို ဩဂုတ် ၂၄ ရက်တွင် ဒုတိယနေ့အဖြစ် "သီးသန့်စီးပွားရေးဇုန်များတွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများနှင့် သတင်းထောက်လှမ်းခြင်းဆိုင်ရာ လှုပ်ရှားမှုများနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများ"၊ "ရေကြောင်း လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက် ဖလှယ်မှုတည်ဆောက်ခြင်း" နှင့် "မောင်းသူမဲ့ရေယာဉ်များ အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် ပင်လယ်ပြင် ဥပဒေဆိုင်ရာ ရှုထောင့်များ" စသည့်ခေါင်းစဉ်များဖြင့် နှီးနှောဖလှယ်ပွဲကို အပိုင်း ၃ ပိုင်းခွဲခြား၍ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးဆိုင်ရာ ဆေးဝါး၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ တိုက်ရိုက်ချိတ်ဆက် ဝယ်ယူနိုင်စေရန် တင်သွင်းဆေးဝါးများ၏ Price List များအား မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်း၏ Website နှင့် Facebook Page များတွင် ထုတ်ပြန်ကြေညာပေးသွားမည်

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးဆိုင်ရာဆေးဝါး၊ ဆေးပစ္စည်းမျိုးစုံတို့ကို အများပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် တင်သွင်းသူများထံမှတိုက်ရိုက် ဝယ်ယူရရှိနိုင်ရန်အတွက်လည်းကောင်း၊ အရည်အသွေးစစ်မှန်၍ ယုံကြည်စိတ်ချရသော မှတ်ပုံတင်ရှိ ဆေးဝါး၊ ဆေးပစ္စည်းများကို တင်သွင်းသည့် ကုမ္ပဏီများထံမှ တိုက်ရိုက်ဝယ်ယူနိုင်စေရန်အတွက် လည်းကောင်း၊ အများပြည်သူများ ဆေးဝါး၊ ဆေးပစ္စည်းများ လက်လီဝယ်ယူရာတွင် တင်သွင်းသော ကုမ္ပဏီများမှ ရောင်းဈေးနှင့်နှိုင်းယှဉ်လျှင်အလွန်အမင်းဈေးကြီးပေး၍ ဝယ်ယူနေရခြင်းကို လျှော့ချတားဆီးနိုင်ရန်အတွက် လည်းကောင်း၊ တရားမဝင် online များမှ အမြတ်ကြီးစားရောင်းချသည့် မှတ်ပုံတင်မရှိသော၊ အရည်အသွေးအာမခံချက်မရှိသော ဆေးဝါး၊ ဆေးပစ္စည်းများကို တားဆီးရာတွင် အထောက်အကူဖြစ်စေရန်အတွက်လည်းကောင်း အစရှိသည့် ရည်ရွယ်ချက်ကောင်းများစွာဖြင့် အောက်ဖော်ပြပါ ဆေးဝါးများအား ယှဉ်တွဲပါ ဈေးနှုန်းများအတိုင်း ရောင်းချပေးလျက်ရှိပါသည်။ ၎င်းအပြင် အသင်းဝင်ဆေးဝါးတင်သွင်းသည့် ကုမ္ပဏီများထံမှ မိဘပြည်သူများ တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်စေရန် တင်သွင်းဆေးဝါးများ၏ Price List များအား စုစည်း၍ ယနေ့မှစပြီး တစ်ပတ်လျှင် တစ်ကြိမ် အသင်း၏ Website(www.mccpmd.org)နှင့် Facebook Page https://www.facebook.com/323302521392189/posts/1720802588308835/?d=n များတွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(၁၀၀)

| No | Product Name | Pack Size | လက်ကားဝယ်ရမည့် အရေအတွက် | Price In Kyats | | Company Name |
|---|---|---|---|---|---|---|
| | | | | Retail | Whole Sales | |
| **Antibiotics** | | | | | | |
| 1 | PO- Azithromycin 500mg | 5x3's | 5 Box | 5640 | 5580 | AA MEDICAL PRODUCTS LTD. |
| 2 | P.O - Cefalexin 500mg | Box of 10x10's | 5 Box | 6730 | 6690 | AA MEDICAL PRODUCTS LTD. |
| 3 | P.O/ Levofloxacin 500mg | Box of 10x10's | 5 Box | 13880 | 13750 | AA MEDICAL PRODUCTS LTD. |
| | Injection - Levofloxacin 500mg | 1x1 | | 3000 | - | YADANAR FAMILY INT'L CO., LTD. |
| 4 | Injection- Ceftriazone 1G | 1's | | 2500 | - | MYITTAR AHLINN YAUNG CO., LTD. |
| 5 | Injection- Cefoperazone and Sulbactam 1G/2G | Vial | | 6850 | - | Right & Bright International Co., Ltd. |
| 6 | Injection- Meropenem | 1g/Vial | | 10000 | - | AA MEDICAL PRODUCTS LTD. |
| **Anti-inflammatory** | | | | | | |
| 7 | P.O Dexamethasone | Box of 10x10's | 100 Box | 1530 | 1480 | AA MEDICAL PRODUCTS LTD. |
| 8 | P.O Predinisolone | Box of 10x10 | 10 Box | 2430 | 2420 | AA MEDICAL PRODUCTS LTD. |
| 9 | Injection- Dexamethasone | Vial | Box of 1 vial | 310 | 300 | AA MEDICAL PRODUCTS LTD. |
| **Antiviral** | | | | | | |
| 10 | P.O Favipiravir 400mg | 2x10 Tablet | Any Qty | - | 50000 | AA MEDICAL PRODUCTS LTD. |
| 11 | Injection - Remdesivir | - | - | - | - | - |
| **Anti thrombosis** | | | | | | |
| 12 | Injection Enoxaparin 40mg | 1 Pre-Filled Syringe | | 11000 | - | Right & Bright International Co., Ltd. |
| | Injection Enoxaparin 60mg | 1 Pre-Filled Syringe | | 14000 | - | |
| **Symptomatic** | | | | | | |
| 13 | P.O Paracetamol 500mg | 10 x10's tablets/ Box | 10 Box | 1490 | 1360 | AA MEDICAL PRODUCTS LTD. |
| 14 | P.O Dextromethophan | 10x10's | | 6600 | - | Vital Pharmaceutical Co., Ltd. |
| 15 | P.O Bromhexine | 10 x10's tablets/Box | 10 Box | 2010 | 1940 | AA MEDICAL PRODUCTS LTD. |
| 16 | P.O Cetrizine | 10 x10's/box | | - | 2600 | Pyrex Trading Co., Ltd. |
| **Supportive** | | | | | | |
| 17 | P.O Multivitamin with/without zinc | 3x10's/box | | - | 6600 | YE' TA KHON |
| 18 | P.O Vitamin C 500 mg | 10's x10/box | | 8500 | | YE' TA KHON |
| **Additional** | | | | | | |
| 19 | P.O.Cefixime | Box of 3 x 10's | 5 Box | 7530 | 7470 | AA MEDICAL PRODUCTS LTD. |
| 20 | P.O Amoxicillin+Clavulanic Acid | Box of 1 x6's | 5 Box | 3700 | 3600 | AA MEDICAL PRODUCTS LTD. |
| 21 | P.O/Injection-Pantocid/ Omeprazole | 1g/vial | | - | 1870 | Pyrex Trading Co., Ltd. |

# သာသနာ့အန္တရာယ် မြန်မာမှန်လျှင် တားဆီးကာကွယ်

စာချစ်သူ

မြတ်ဗုဒ္ဓ၏ သာသနာနှစ် ၂၅၆၅ နှစ်ကျော် ခရီးရှည်ကြီးကို ပြန်ပြောင်း လေ့လာကြည့်ပါလျှင် "ခေါက်ရာငှက်ပျံ၊ ခင်ပုပ်ပျံနှင့်၊ ဘုတ်ပျံရှူးပျံ၊ လောကခံဟု၊ ထုံးစံတရား၊ ဤရှစ်ပါးကား၊ ပိုင်းခြားလူမှာ၊ မမြဲစွာတည့်"ဟူသော မန်လည်ဆရာတော်ဘုရားကြီး၏ လင်္ကာဆောင်ပုဒ်အတိုင်းပင် မြင့်ချည်တစ်ခါ၊ နိမ့်ချည်တစ်လှည့်ဖြင့် အလှည့်အပြောင်း အတက်အကျများစွာရှိခဲ့ပါသည်။ ဖြောင့်ဖြူးသာယာသည့် ခရီးချောကိုသာ လျှောက်လှမ်းခဲ့ရသည်မဟုတ်ဘဲ မချောမမွေ့သည့် ခရီးကြမ်းကြီးများကိုလည်း လျှောက်လှမ်းခဲ့ရပါသည်။

ဗုဒ္ဓသာသနာတော် စတင်ပေါ်ထွန်းခဲ့ရာ ပင်မဌာနကြီးဖြစ်သော အိန္ဒိယနိုင်ငံကြီးနှင့်တကွ ရှေးအခါက ဗုဒ္ဓသာသနာထွန်းကားခဲ့သော ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် အင်ဒိုနီးရှားစသော နိုင်ငံများ၌ ဗုဒ္ဓသာသနာတော် ကွယ်ပျောက်သွားခဲ့ရလေသည်။

ထိုလစ်လပ်သွားသော ကွက်လပ်နေရာတွင် မြန်မာနိုင်ငံသည် ကမ္ဘာသူကမ္ဘာသား အားလုံးအတွက် စစ်မှန်မြင့်မြတ်သော ယဉ်ကျေးမှုအမွေကို ထိန်းသိမ်းသိုမှီးရာ ဘဏ္ဍာတိုက်ကြီးသဖွယ် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်မှစ၍ ယနေ့တိုင် ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာတော်၏ "နောက်ဆုံးခံတပ်မြို့တော်ကြီး"အဖြစ် အခိုင်အမာရပ်တည်နေခဲ့သည်။

## စတင်အုတ်မြစ်ချ

မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာတော်ကို သုဝဏ္ဏဘူမိ သထုံပြည်သို့ အရှင်သောဏနှင့် အရှင်ဥတ္တရ ရဟန္တာမြတ်ကြီး နှစ်ပါးတို့က စတင်အုတ်မြစ်ချပေးတော်မူခဲ့ခြင်းဖြစ်ပြီး ရဟန္တာ အရှင်အရဟံမထေရ်မြတ်ကြီးက သုဝဏ္ဏဘူမိမှ ပုဂံနေပြည်တော်သို့ သယ်ဆောင်ဖြန့်ကြက်ခဲ့သည်မှ အစပြုခဲ့ပါသည်။

ပုဂံခေတ်ဝယ် ရှင်အရဟံမထေရ်သည် ပုဂံပြည့်ရှင် ဘုရင်အနော်ရထာမင်းကို အမှီပြု၍ ပရိယတ်ကို အရင်းမူလျက် ပဋိပတ်၊ ပဋိဝေဓ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို လွန်စွာ ထွန်းလင်းတော်မူစေခဲ့သည်။ ထိုပုဂံခေတ်မှစ၍ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ အမရပူရခေတ်၊ ရတနာပုံမန္တလေးခေတ်တိုင်အောင် သာသနာ့ဦးသျှောင် ဆရာတော်အဆက်ဆက်တို့သည် ထိုထိုသာသနာပြု မင်းကောင်းမင်းမြတ်တို့ကိုအမှီပြု၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို စည်ပင်ထွန်းကားပြန့်ပွားတိုးတက်အောင် ရွက်ဆောင်တော်မူခဲ့ကြသည်။

သို့ရာတွင် ကောဇာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့၌ မြန်မာနိုင်ငံတော်ကို နယ်ချဲ့ဗြိတိသျှအစိုးရတို့က ကျူးကျော်သိမ်းပိုက်ခဲ့သဖြင့် အမိမြန်မာနိုင်ငံတော်ကြီး တိုင်းတစ်ပါးလက်အောက် ကျရောက်ခဲ့ရကား ဗုဒ္ဓမြတ်စွာသာသနာလည်း သာသနာပြုမင်းနှင့်ကင်းကွာ၍ လွန်စွာညှိုးမှိန်ခဲ့ရလေသည်။

## ဆုတ်ယုတ်ညှိုးမှိန်

မြန်မာနိုင်ငံ၌ ပုဂံခေတ်မှစ၍ ရတနာပုံခေတ်တိုင်အောင် ခေတ်အဆက်ဆက် လင်းလက်တောက်ပခဲ့သော ဗုဒ္ဓမြတ်စွာသာသနာတော်သည် နယ်ချဲ့ဗြိတိသျှအစိုးရတို့ လက်ထက်၌ ဆုတ်ယုတ်ညှိုးမှိန်သွားရသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသော မန္တလေးမြို့တော်သူ မြို့တော်သား၊ ဒါယကာဒါယိကာမအများတို့သည် **"ရှေးရှေးသော သာသနာပြုမင်းကောင်းမင်းမြတ်တို့သည် သာသနာ့ဝန်ဆောင်ရဟန်းတော်အရှင်မြတ်တို့ ပစ္စည်းလေးပါးတို့ဖြင့် မငြိုငြင် မပင်ပန်းဘဲ သာသနာပြုတော်မူနိုင်ကြစေရန်"**ရည်သန်လျက် ပစ္စည်းလေးဖြာ ထောက်ပံ့ကာဖြင့် သာသနာပြုတော်မူကြသကဲ့သို့ ငါတို့ အရှင်သခင် ဘုရင်မင်းမရှိသော်လည်း ငါတို့ကိုယ်တိုင် မင်းတုန်းမင်း၊ သီပေါမင်းတို့ လက်ထက်ကကဲ့သို့ ဆရာတော်၊ သံဃာတော်များ ပစ္စည်းလေးပါးတို့ဖြင့် မငြိုငြင် မပင်ပန်းဘဲ ပရိယတ်ကျမ်းဂန် သင်အံပို့ချမှုကို လုံ့လမလစ် အားသစ်ကြိုးပမ်းထမ်းဆောင်တော်မူနိုင်ကြစေခြင်းငှာ ပစ္စည်းလေးဖြာထောက်ပံ့ကာဖြင့် သာသနာပြုလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်ကြမည်ဟု စေတောပဏိဓိရည်သန်ခြင်းဖြင့် ကောဇာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့၌ ပရိယတ္တိသာသနဟိတအသင်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

## သာသနာပြုခဲ့ကြ

ထို့အတူ သကျသီဟ(မန္တလေး)၊ စေတိယင်္ဂဏ (ရန်ကုန်)၊ သုဝဏ္ဏဘူမိ(သထုံ)၊ သုသမာစာရ (မော်လမြိုင်)၊ ဝိနယာဓိက(ပဲခူး)၊ သုဓမ္မာ (ညောင်တုန်း)စသော ပရိယတ္တိအားပေးသော အသင်းအဖွဲ့များ၊ မလွန်ဆန်လှူအသင်း စသော ပစ္စယာနုဂ္ဂဟအဖွဲ့များကိုလည်း တည်ထောင်၍ အမျိုးဘာသာအတွက် သာသနာပြုခဲ့ကြလေသည်။

၁၉၀၆ ခုနှစ် မေလ ၁၈ ရက်နေ့တွင်မူ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအတွက် YMBA ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးကို ထိုစဉ်ကလူငယ်လေးများဖြစ်ကြသော ဦးဘဘော၊ ဦးမောင်ကြီးနှင့် ဦးဘရင်တို့ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးသုံးဦး၏ လှုံ့ဆော်မှုဖြင့် မြန်မာလူငယ် ၁၁ ဦးတို့က စတင်တည်ထောင်ခဲ့ကြသည်။ ၁၉၁၁ ခုနှစ်တွင် တစ်ပြည်လုံး၌ YMBA အသင်းခွဲပေါင်း ၂၀၀ ကျော်အထိ တိုးတက်သွားခဲ့သည်။

> **ထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံတွင်လည်း မြန်မာနိုင်ငံရဟန်းတော်များ၏ ဆရာစဉ်ဆက် ဆောင်ရွက်ခဲ့သော ပရိယတ်သင်ကြားပို့ချမှုလုပ်ငန်း၏ စနစ်ကျမှု၊ တွင်ကျယ်မှုကြောင့် စစ်မှန်သောထေရဝါဒဗုဒ္ဓသာသနာတော်ကြီးသည် မြန်မာနိုင်ငံတွင် အခြားထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများထက် အဘက်ဘက်မှသာလွန်ကာ မီးရှူးတန်ဆောင်ပမာ ထွန်းပြောင်နေခဲ့ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ ဆရာဒကာ လက်တွဲညီညာမှုတို့ကြောင့်လည်း တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ် ၁၅ ပါးအထိပင် ပေါ်ထွန်းခဲ့သည်။ လက်ရှိကာလတွင် သာသနာ့အာဇာနည် အရှင်သူမြတ် ၁၁ ပါးမှာ သက်ရှိထင်ရှားစွာ သာသနာ့အကျိုးကို သယ်ပိုးလျက်ရှိ**

မြန်မာနိုင်ငံ၏ ပရိယတ္တိသာသနာသည် ပုဂံခေတ်မှ ဗြိတိသျှခေတ်အထိ အများအားဖြင့် ဝိနည်းနှင့် အဘိဓမ္မာကို ဦးစားပေးခဲ့ကြသည်။ ပဋိပတ္တိ၏ ဓမ္မဘဏ္ဍာတိုက်ကြီးများဖြစ်သော မဇ္ဈိမ၊ အင်္ဂုတ္တရနှင့် အထူးသဖြင့် သံယုတ္တနိကာယ်ကြီးများကို သင်ကြားပို့ချလေ့လာမှု နည်းခဲ့ကြသည်။ ကျမ်းအိပ်များဟုပင် ပြောစမှတ်ပြုကြကုန်၏။

လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတွင်မူ သဒ္ဒါကိုဦးစားပေးလွန်းသော စာသင်၊ စာမေးပွဲစနစ်သည် ချုပ်ငြိမ်းစပြုခဲ့လေသည်။ အစိုးရက နှစ်စဉ်ကျင်းပပေးနေသော အဘိဓမ္မာ၊ ဝိသုဒ္ဓိစာမေးပွဲများ၊ နိကာယ်ဆောင်များကို မွေးထုတ်ပေးလိုက်သော အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးမှူးသော နိကာယ်စာမေးပွဲများ၊ တိပိဋကဓရ ရွေးချယ်ပွဲကြီးနှင့် သံယုတ္တနိကာယ် မြန်မာပြန်စာမေးပွဲ (ရန်ကုန်)၊ မဇ္ဈိမနိကာယ် မြန်မာပြန်စာမေးပွဲ(ပဲခူး) သာမဏေကျော် စသော စာမေးပွဲများသည် မြန်မာပြည် ပရိယတ္တိသာသနာကို တစ်ခေတ်ပြောင်းပေးလိုက်သော စာမေးပွဲကြီးများဖြစ်ကုန်၏။ ပဋိပတ္တိဘက် လုံးဝမျက်နှာမူသော နိတ္ထရဏတ္ထစာမေးပွဲကြီးများပင်ဖြစ်လေသည်။

ဗြိတိသျှခေတ်မှ လွတ်လပ်ရေးခေတ်အထိ ပဋိပတ္တိသာသနာ၏ ခရီးစဉ်မှာမူ ပရိယတ္တိထက်ပင် ခေတ်စော၍ နိုးကြားတက်ကြွလာသည်ကို တွေ့မြင်ရပေမည်။

ထုံးအိုင်၊ အင်းအိုင်များ ပြည့်လျှံသောအခါ ချောင်း၊ မြောင်းအဖြစ် စီးဆင်းသွားကြကုန်၏။ အရပ်ရပ်ချောင်းမြောင်းများစုပေါင်း၍ မြစ်ငယ်များ ဖြစ်လာကုန်၏။ မြစ်ငယ်များမှ မြစ်ကြီးများအသွင် ကူးပြောင်းကာ သမုဒ္ဒရာကြီးဖြစ်လာ၏။

ထိုဥပမာကဲ့သို့ ကုန်းဘောင်ခေတ်ဦးပိုင်းအထိ ပဋိပတ်သာသနာကား မပြတ်မလပ်ရုံ ဟိုတစ်ကွက်သည်တစ်ကွက် ထုံးအိုင်၊ အင်းအိုင်များသဖွယ်ရှိခဲ့၏။ စီးဆင်းနိုင်အောင် အင်အားမပြည့်ခဲ့။

## ကျော်လွှားဖြတ်သန်း

ကုန်းဘောင်ခေတ်နှောင်း ထွဋ်ခေါင်ဆရာတော်(၁၁၆၀-၁၂၄၂)၊ ဘုန်းတော်ကြီး ဦးသီလ (၁၁၉၄-၁၂၆၉)တို့ခေတ်တွင်ကား ချောင်းမြောင်းသဖွယ် အနယ်နယ်အရပ်ရပ် စီးဆင်းလာ၏။ အတန်ငယ် ထူထပ်မြင့်မားသော တောအုပ်၊ တောင်စွယ်များကိုမူ ကျော်လွှားဖြတ်သန်းလာနိုင်သော အင်အားမရှိသေးချေ။

လယ်တီဆရာတော်(၁၂၀၈-၁၂၈၅)၊ သေကျွတောင်ဆရာတော်(၁၂၃၃-၁၂၉၃)နှင့် မိုးညှင်းဆရာတော်(၁၂၃၄-၁၃၂၆)တို့ လက်ထက်တွင် ပဋိပတ္တိရေစီးကြောင်းသည် သိသိသာသာ အားကောင်းလာကာ ချောင်းမြောင်းအသွင်မှ မြစ်ငယ်များအသွင် စီးဆင်းလာခဲ့၏။ ရေစီးအားထက် ရေစီးသံသည် နိုင်ငံအဝှမ်း ရိုက်ခတ်သွားခဲ့သည်။

၁၃၀၉ ခုနှစ် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင်ကား ရေလှိုင်းစီးအား မြင့်မားတိုးတက်ကာ အားကောင်းချင်တိုင်း ကောင်း၍လာပေတော့သည်။ သထုံဇေတဝန်ဆရာတော်(၁၂၃၁-၁၃၁၆)၊ စွန်းလွန်းဆရာတော်(၁၂၉၉-၁၃၁၄)၊ ကန္နီဆရာတော် (၁၂၄၁-၁၃၂၈)၊ ဝေဘူဆရာတော်(၁၂၅၇-၁၃၃၉)၊ မိုးကုတ်ဆရာတော်(၁၂၆၁-၁၃၂၄)၊ မဟာစည်ဆရာတော် (၁၂၆၆-၁၃၄၄)စသော ပဋိပတ္တိဝန်ဆောင် ဆရာတော်ဘုရားကြီးများသည် သာသနာ့ကျက်သရေကို တိုးမြှင့်စေတော်မူခဲ့ကြသည်။

## ပြန်လည်ထွန်းတောက်လာ

မြန်မာနိုင်ငံ၏ ပဋိပတ္တိဂုဏ်သတင်းမှာလည်း ကမ္ဘာ့အလယ်၌ သင်းထုံလာခဲ့သည်။ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာ အိန္ဒိယနိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ကွယ်သွားခဲ့သော ဗုဒ္ဓသာသနာတော်သည် ယခုအခါ အိန္ဒိယနိုင်ငံ၌ ပြန်လည်ထွန်းတောက်လာခဲ့ပြီဟု ဆိုရပေမည်။

ရန်ကုန်မြို့ အင်းလျားမြိုင်လမ်း အပြည်ပြည်ဆိုင်ရာ ဝိပဿနာအဖွဲ့မှ ဝိပဿနာ တရားပြဆရာကြီး သရေစည်သူ ဦးဘခင်၏ တာဝန်ပေးချက်အရ တပည့်ရင်းဖြစ်သူ မြန်မာနိုင်ငံသား မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ၏ ၁၉၆၉ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာပြန်လည်ထွန်းကားရေးအတွက် ကြီးမားသောလုံ့လဖြင့် ကြိုးစားဆောင်ရွက်ချက်ကြောင့် ယခုအခါဝယ် အိန္ဒိယနိုင်ငံ၌ ဝိပဿနာရိပ်သာများ၊ ယာယီဝိပဿနာဌာနများ များစွာ တည်ထောင်နိုင်ခဲ့ပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာတော် ပြန်လည်ထွန်းလင်းတောက်ပလာခြင်း၏ အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အနီးဝယ် ဉာဏ်တော် ၃၂၅ ပေရှိ ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးကိုလည်း တည်ထားကိုးကွယ်တော်မူနိုင်ခဲ့ပါသည်။

ပစ္စက္ခတွင်မူ မြတ်ဗုဒ္ဓ၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ဥရောပနိုင်ငံများ၌သာမက အာဖရိကတိုက်နှင့် ယခု သီတဂူဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းတို့ကြောင့် ရုရှားနိုင်ငံအထိပင် ရောင်ဝါနေကဲ့သို့ ထွန်းလင်းတောက်ပတော်မူလာခဲ့လေသည်။ မြန်မာနိုင်ငံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ လာရောက်၍ လေ့လာနည်းခံသည့် ယောဂီများလည်း အဆက်မပြတ်ရှိလာသည်။

ပရိယတ္တိသာသနာတော် အနေဖြင့်လည်း ပရိယတ်ကို သင်ကြားပို့ချဖြန့်ဖြူးရာဌာနများဖြစ်သည့် စာသင်တိုက်ကြီးများ၏ ကျေးဇူးကြောင့် မြန်မာနိုင်ငံတော်၌ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးသည် ရောင်ဝါနေသို့ ထွန်းလင်းတောက်ပလျက်ရှိပေသည်။

## ဆရာဒကာ လက်တွဲညီညာ

ထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံတွင်လည်း မြန်မာနိုင်ငံ ရဟန်းတော်များ၏ ဆရာ စဉ်ဆက်ဆောင်ရွက်ခဲ့သော ပရိယတ်သင်ကြားပို့ချမှုလုပ်ငန်း၏ စနစ်ကျမှု၊ တွင်ကျယ်မှုကြောင့် စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးသည် မြန်မာနိုင်ငံတွင် အခြားထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများထက် အဘက်ဘက်မှသာလွန်ကာ မီးရှူးတန်ဆောင်ပမာ ထွန်းပြောင်နေခဲ့ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ ဆရာဒကာ လက်တွဲညီညာမှုတို့ကြောင့်လည်း တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ် ၁၅ ပါးအထိပင် ပေါ်ထွန်းခဲ့သည်။ လက်ရှိကာလတွင် သာသနာ့အာဇာနည်အရှင်သူမြတ် ၁၁ ပါးမှာ သက်ရှိထင်ရှားစွာ သာသနာ့အကျိုးကို သယ်ပိုးလျက် ရှိနေပေသည်။

သို့ရာတွင် ယခုရက်ပိုင်း၊ လပိုင်းအတွင်း မိုက်မဲသူအချို့သည် သာသနာတော်ဂုဏ် သိက္ခာညှိုးနွမ်းဆုတ်ယုတ်သွားစေနိုင်သော အပြုအမူများကို လူမှုကွန်ရက်စာမျက်နှာထက်တွင် ရေးသားပုံဖော်လာခဲ့ကြသည်ကို ဝမ်းနည်းစိတ်မကောင်းစွာ တွေ့မြင်နေရပေသည်။

ဒီမိုကရေစီအမည်ခံ ခေတ်သစ်ကွန်မြူနစ်များသည် မြတ်ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို မိုးကုတ် ဆရာတော်ဘုရားကြီးက ဝေနေယျသတ္တဝါများ နားလည်သဘောပေါက်စေရန် ပုံဖော်ရေးဆွဲထားသည့် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းအား နိုင်ငံရေးအလို့ငှာအသုံးပြု၍ ကာတွန်းဖြင့် လှောင်ပြောင်သရော်ကြလေသည်။

အချို့က ဝေသာလီပြည်ကြီး ကပ်ကြီးသုံးပါးဆိုက်ရောက်စဉ်က ကပ်ဘေးကြီးမှ သတ္တဝါဝေနေယျများ ကင်းဝေးစေရန် မြတ်ဗုဒ္ဓကိုယ်တော်တိုင် သင်ကြားပို့ချပေးမှုဖြင့် ဝေသာလီပြည် တံတိုင်းသုံးထပ်အကြားတွင် အရှင်အာနန္ဒာ ကိုယ်တော်တိုင် ရွတ်ပွားချီးမြှင့်တော်မူသော ရတနသုတ်ပရိတ်တော်ကို ယခု ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဝယ် ရွတ်ပွားပူဇော်လျက်ရှိသည်ကို လှောင်ပြောင်သရော်ကြသည်။ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၏ ပုံတော်များကိုလည်း မဖွယ်မရာပုံဖော်၍ စော်ကားကြပြန်သည်။

စာမျက်နှာ ၁၀ သို့ »»»

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှတင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ



ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ တင်သွင်းလာသည့်ယာဉ်များအား တွေ့ရစဉ်။



**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင် အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း ကုန်သွယ်ရေးစခန်း ငါးခုတို့မှ တင်သွင်းရာတွင် ကုမ္ပဏီ ၂၃ ခုမှ ယာဉ်စီးရေ ၃၉ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် နှစ်စီးဖြင့် တန် ၄၀၊ အောက်ဆီဂျင်(အရည်)အိုးဖြင့် ငါးတန်၊ အောက်ဆီဂျင် (အိုးခွံ) ၄၉၆၇ ခု၊ အောက်ဆီဂျင် Plant နှစ်ခု၊ Oxygen Generator နှစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၁၅၆ ခု၊ တစ်ကိုယ်ရေ သုံးကာကွယ်ရေးဝတ်စုံ ၁၁၃၄၀၊ လက်အိတ်နှင့် နှာခေါင်းစည်းများ တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ် နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင်ထုတ်သည့်စက် နှစ်ခုမှာ နေပြည်တော်နှင့် ရန်ကုန်မြို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက် ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၂၃**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၂၃ ခုမှ Oral-Z Tablet ၇၈၆၀၊ Nutrivit-C Tablet ၅၇၄ ခု၊ Enocard 60 MG Injection ၅၂၅၀၊ Tigevar Injection ၃၂၀၀၊ M-Noxa ၁၂၈၀၀၊ Zinc-C Chewable Tablets ၅၀၀၀၊ Vitamin C+Zinc+Vitamin D3 Tablets ၁၀၀၆၄ ခု၊ Vitamin C 5000 MG Tablets ၁၀၀၃၆ ခု၊ Nasal Cannula ၁၀၈၀၊ Oxygen Concentrator ၄၅၈ ခု၊ Oximeter ၄၈၅ ခု၊ Plastic Connector ၄၀၀၊ Oxygen Mask ၇၅၀၀၊ Oxygen Regulator ၆၀၀၊ Oxygen Concentrator Spare Parts ၁၀၂ ခု၊ Oxygen Regulator Spare Parts ၁၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Concentrator ၃၇၀၊ Gas Cylinder ၄၈၀၊ ဆေးဝါးမျိုးစုံ ၂၁ မျိုး ၁၆၃၈၇၃ ဒသမ ၅၆ ကီလိုဂရမ်၊ နယ်စပ် (တာချီလိတ်၊ မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကော့သောင်း) တွင် ကုမ္ပဏီ ၄၀ မှ Oxygen Cylinder ၅၅၃၂ ခု၊ Oxygen Concentrator ၄၂၅ ခု၊ နှာခေါင်းစည်း ၁၀၈၅၀၇ ကီလိုဂရမ်၊ Liquid Oxygen ၁၅၃၁၁ ဒသမ ၇၂ ကုဗမီတာ၊ Liquid Oxygen ၅၉ ဒသမ ၇၁ တန်၊ Flow Meter ၂၆၆၃ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၆၀၀၀၊ အောက်ဆီဂျင်ထုတ်သည့်စက် သုံးခု၊ Oxygen Mask ၂၄၀၀၊ Disposable Cap ကီလိုဂရမ် ၁၂၀၀၊ Air Tank လေးခု၊ Refrigerated Air Dryer တစ်ခု၊ Oxygen Bag ၅၀၀ ကီလိုဂရမ်၊ Oxygen Compressor လေးခု၊ Cylinder Spare Parts ကီလိုဂရမ် ၁၆၀၊ မျက်နှာအကာ ကီလိုဂရမ် ၁၂၅၀၊ Gloves ၅၄၄၁ ကီလိုဂရမ်၊ Regulator Valve နှစ်ခု၊ Trolley ၃၀၀ တို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

»»» **စာမျက်နှာ ၉ မှ**

ယခုနောက်ဆုံး ကမ်းကုန်အောင် ရက်စက်ယုတ်မာမှုကား PDF အကြမ်းဖက် သမားများသည် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် လောင်းပြည့်ကျေးရွာနှင့် ပင်တင်း(တောင်)ကျေးရွာ တို့မှ ကျောင်းထိုင်ဆရာတော်ကြီးများကိုပင် ဒလန်ဟုစွပ်စွဲ၍ ရက်ရက်စက်စက် သတ်ဖြတ်လာသည်အထိ ကျူးလွန်လာခဲ့ကြလေသည်။

မင်းကင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သံဃာတော်အချို့သည်လည်း PDF အကြမ်းဖက် အဖွဲ့များ၏ ခြိမ်းခြောက်စွပ်စွဲ အကျပ်ကိုင်ခြင်း တို့ကြောင့် မိမိတို့၏ ကျောင်းများ၌ ဝါတွင်းကာလ အတွင်း ဝါဆိုဝါကပ်ခြင်းပင် မပြုလုပ်နိုင်ကြတော့ဘဲ အခြားလုံခြုံစိတ်ချရသော မြို့ရွာအသီးသီးသို့ တိမ်းရှောင် ဝါဆိုနေကြရကြောင်း သိရသည်။

ထိုထိုသော ရက်စက်ရိုင်းစိုင်းယုတ်မာသည့် သာသနာဖျက်လုပ်ရပ်များမှာ မြတ်ဗုဒ္ဓ၏အရှိန်အဟုန်နှင့် အင်အားကြီးမားသော သဒ္ဓမ္မသုံးဖြာ သာသနာတော် ရေစီးကြောင်းကို ပြောင်းလဲ ကွေ့ကောက်အောင်၊ နောက်ဆုတ် တန့်အီအောင် မထိုးဖောက်နိုင်သော်လည်း ရောဝတီမြစ်ကြောင်းတွင် ပေါလောမျောပါသည့် ဒိုက်ဖတ်များ၊ အမှိုက်များပမာ အတန်ငယ် ညစ်ပေအောင်တော့ လုပ်ဆောင်နိုင်ကြသည်ဟု ဆိုရမည်။

သို့ဖြစ်၍ **“မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်းတရား မမှေးမှိန်သေးမီ၊ အကျင့်ပျက်များ မထွန်းကားမီ၊ အကျင့်ကောင်းများ မမှေးမှိန်မီ၊ အဓမ္မဘက်သားများ အားမကောင်းသေးမီ၊ ဓမ္မဘက်သားများ အားမယုတ်သေးမီ၊ အကျင့်ပျက်သမားများ အားမကောင်းသေးမီ၊ အကျင့်ကောင်းသမားများ အားမယုတ်သေးမီ ဤသို့ အချိန်မီနေခိုက်မှာ ဓမ္မနှင့် ဝိနယကို ငါတို့များ သင်္ဂါယနာတင်ကြကုန်စို့”**ဟူသော အရှင်မဟာကဿပအရှင်မြတ်ကြီး၏ ထုံး နှလုံးမူ၍ သာသနာအန္တရာယ်ကို မြန်မာမှန်လျှင် တားဆီးကာကွယ်ကြရပါမည်။

အဘယ်ကြောင့်ဆိုသော် ရတနာသုံးပါးအပေါ်၌ ရိုသေလေးစားမှု နည်းပါးလာခြင်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော်ကာလရှည်ကြာ မတည်တံ့နိုင်ခြင်း၏ အကြောင်းကြောင့် ဖြစ်ပေသည်။

**အကြောင်း (၅)မျိုး ဟောကြားတော်မူ**

မြတ်စွာဘုရားရှင်သည် အရှင်ကိမိလမထေရ်၏ မေးလျှောက်မှုအရ ရှေးဦးစွာ သာသနာတော် အရှည် မတည်တံ့ဘဲ ကွယ်ပျောက်သွားခြင်းအကြောင်းနှင့် စပ်လျဉ်း၍ **“မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံဝင်သွားသည့်အခါ ဘိက္ခုပရိသတ်၊ ဘိက္ခုနီပရိသတ်၊ ဥပါသကာပရိသတ်၊ ဥပါသိကာပရိသတ်ဟူသည့် ပရိသတ်လေးပါးတို့သည် မြတ်စွာဘုရားအပေါ်၌ မရိုမသေ မလေးမစားနေကြခြင်း၊ တရားတော်အပေါ်၌ မရိုမသေ မလေးမစားနေကြခြင်း၊ သံဃာတော်အပေါ်၌ မရိုမသေမလေးမစားနေကြခြင်း၊ မိမိတို့ကျင့်သုံးရမည့် သီလသိက္ခာစသည်၌ မရိုမသေ မလေးမစားနေကြခြင်း၊ မိမိတို့အချင်းချင်း အပြန်အလှန် မရိုမသေ မလေးမစားနေကြခြင်း”** ဟူသည့် အကြောင်း (၅)မျိုးတို့ကို ဟောကြားတော်မူခဲ့ပါသည်။

ထို့နောက် အပြန်အလှန်အားဖြင့် သာသနာတော် အရှည်ခံ၍ တည်တံ့တော်မူနိုင်ခြင်း အကြောင်းနှင့်စပ်လျဉ်း၍ **“ထိုပရိသတ်လေးပါးတို့သည် ဘုရားရှင်ကိုယ်တော်မြတ်အပေါ်၌ ရိုသေလေးစား၍နေကြခြင်း၊ တရားတော်အပေါ်၌ ရိုသေလေးစား၍နေကြခြင်း၊ သံဃာတော်အပေါ်၌ ရိုသေလေးစား၍နေကြခြင်း၊ မိမိတို့ကျင့်သုံးရမည့် သီလသိက္ခာစသည်၌ ရိုသေလေးစား၍ နေကြခြင်း၊ မိမိတို့အချင်းချင်း အပြန်အလှန် ရိုသေလေးစား၍ နေကြခြင်း”**ဟူသည့် အကြောင်း (၅)မျိုးတို့ကို ဟောကြားတော်မူခဲ့ပါသည်။

သို့ဆိုလျှင် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအပေါ် မရိုမသေမလေးမစား ပြုမူလုပ်ကိုင်နေကြသည့် ထိုထိုသော သာသနာ့ပစ္စတ္ထိက သာသနာ့ရန်သူ၊ သာသနာ့ အညစ်အကြေး၊ သာသနာ့အန္တရာယ်တို့ကို မပယ်မရှား၊ မတားမဆီး၊ မပိတ်မပင်ဘဲ လျစ်လျူရှုခဲ့ကြပါမူ ယင်းအန္တရာယ်များ တစ်စတစ်စ ကြီးပွားလာလျှင် သာသနာတော်ကြီး ယိမ်းယိုင်တိမ်းပါး ပျက်စီးသွားနိုင်ပေသည်။

သာသနာကွယ်ပျောက် အမှောင်ရောက်ပါက လောက၌ နေမင်းကြီးကွယ်ပျောက်ဝင်သွားသည် ရှိသော မှောင်အတိအကျရောက်လာသကဲ့သို့ သာသနာ့ နေဝန်း မထွန်းမပ ကွယ်ပျောက်ရာကာလ၌ ဤလောကကြီးဝယ် အကုသိုလ်အမှောင်ထုကြီး ဖုံးလွှမ်းလာမည်သာဖြစ်သည်။

သို့ဖြစ်ရကား **“ရဟန်းတို့ မြတ်စွာဘုရားဖြစ်စေ၊ မြတ်စွာဘုရား၏အဆုံးအမ တရားတော်(သာသနာတော်)ဖြစ်စေ လောက၌ တည်ရှိနေလတ်သော် ထိုတည်ရှိနေခြင်းသည် များစွာသော သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားချမ်းသာများခြင်းငှာ၊ သတ္တဝါအပေါင်းကို ငဲ့ညှာထောက်ထား သနားခြင်းငှာ၊ လူနတ်တို့၏ အစီးအပွား ချမ်းသာများခြင်းငှာ ဖြစ်၏”** ဟူသည့် မြတ်စွာဘုရားရှင်၏ ဟောဖော်ညွှန်ပြဆိုဆုံးမမှုနှင့်အညီ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တံ့ထွန်းကားပြန့်ပွားရေး အတွက် သံဃာတော်အရှင်သူမြတ်တို့က ဓမ္မနုဂ္ဂဟဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရမင်းနှင့် ပြည်သူပြည်သား၊ ဒါယကာ ဒါယိကာမများက အာမိသ နုဂ္ဂဟဖြင့်လည်းကောင်း ဆရာဒကာ လက်တွဲညီညာစွာ အားပေးချီးမြှောက်ကြပါစို့။ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်သည် ကြာမြင့်စွာသော ကာလပတ်လုံးတည်ပါစေ သတည်း။ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုပါ ဘုရား။ ။

**ကျမ်းကိုး** - **မကွေး ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာများ၊ ဓမ္မာစရိယ ဦးဌေးလှိုင်၏ မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ။**

# သံသရာကြွေးပါမယ့် လုပ်ရပ်တွေကိုပါ ကျူးလွန်လာတဲ့ အကြမ်းဖက်သမားများ

မေဝင့်ရှိန်

လူမှုမီဒီယာတွေ တွင်တွင်ကျယ်ကျယ်သုံးလာတော့ ကောင်းကျိုးရှိသလို ဆိုးကျိုးကလည်း ကပ်ပါလာတယ်။ ဒေသနီးဝေး ကွာခြားချက်မရှိဘဲ လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် ဆက်သွယ်နိုင်တဲ့ကောင်းကျိုးမျိုး ရှိပါရဲ့။ သို့ပေမြား ဆိုးကျိုးအနေနဲ့ လူမှုမီဒီယာတွေ အထူးသဖြင့် ဖေ့စ်ဘွတ်မှာ အဆဲတစ်လိုင်းက ကြီးစိုးနေတယ်။ မကောင်းတဲ့ အကျင့်ဆိုတာ ကူးစက်လွယ်တာမို့ ထင်ပါရဲ့။ သူတစ်ပါးနဲ့ အမြင်မတူတဲ့၊ သဘောထားမတူတဲ့ ကိုယ့်ထင်မြင်ချက်ကို ကြမ်းတမ်းတဲ့စကားလုံးတွေ

**တစ်ဦးတစ်ယောက်ချင်းရဲ့ မကောင်းတဲ့အလေ့အကျင့်ဟာ တခြားသူတွေကို ကူးစက်ပြီး အလေ့အထဖြစ်လာတတ်ပါတယ်။ မြန်မာဆိုတာ ယဉ်ကျေးတဲ့ လူမျိုးပေမို့ မယဉ်ကျေးတဲ့အလေ့အကျင့်ကို တစ်ဦးချင်းအလိုက် သိမြင် ရှောင်ရှားကြရမှာပါ။ လူမှုဆက်ဆံရေးနယ်ပယ်မှာ ဆဲရေးတိုင်းထွာ နားမခံ သာတဲ့စကားပြောဆိုမှုကို ရှောင်ရှားတာဟာ ကျင့်ဝတ်တစ်ခုဆိုတာ မမေ့လျော့ သင့်ပါ။ တစ်ဖက်သားမကျေနပ်စေတဲ့ စကားမျိုးမှန်သမျှဟာ ဆဲရေးတဲ့အထဲ မှာ ပါဝင်ပါတယ်**

နဲ့ ဖော်ပြရင်း ဖေ့စ်ဘွတ်တင်တာတစ်မျိုး၊ Live လွှင့်တာတစ်မျိုးနဲ့ ခေတ်မီနေသယောင်။

### လူမှုဆက်ဆံရေးနယ်ပယ်

တစ်ဦးတစ်ယောက်ချင်းရဲ့ မကောင်းတဲ့ အလေ့အကျင့်ဟာ တခြားသူတွေကို ကူးစက်ပြီး အလေ့အထဖြစ်လာတတ်ပါတယ်။ မြန်မာဆိုတာ ယဉ်ကျေးတဲ့လူမျိုးပေမို့ မယဉ်ကျေးတဲ့ အလေ့အကျင့်ကို တစ်ဦးချင်းအလိုက် သိမြင်ရှောင်ရှားကြရမှာပါ။ လူမှုဆက်ဆံရေးနယ်ပယ်မှာ ဆဲရေးတိုင်းထွာနားမခံသာတဲ့စကား ပြောဆိုမှုကို ရှောင်ရှားတာဟာ ကျင့်ဝတ်တစ်ခုဆိုတာ မမေ့လျော့သင့်ပါ။ တစ်ဖက်သား မကျေနပ်စေတဲ့ စကားမျိုးမှန်သမျှဟာ ဆဲရေးတဲ့အထဲမှာ ပါဝင်ပါတယ်။

"လျှာခေါးမ"မဖြစ်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ နှုတ်ထွက်စကားတိုင်းအတွက် လျှာကို အသုံးပြုရပါတယ်။ ကောင်းတဲ့စကားဆိုရာဝယ် လျှာကို အသုံးပြုကြသလို မကောင်းတာဆိုတော့လည်း ဒီလျှာကိုပဲ အသုံးပြုရတာ ဖြစ်ပါတယ်။ ဒီလိုမကောင်းတဲ့စကားတွေ ဆိုတတ်တာကို လျှာခေါးမလို့ ခေါ်ကြတာဖြစ်ပါတယ်။ ခေါးဆိုတာ အရာဝတ္ထုတွေ ဖြတ်တောက်ဖို့ သုံးသလို လျှာခေါးမ ပုံစံနဲ့ မကောင်းတဲ့စကားတွေဆိုရင်း ကိုယ့်ဘာသာ မထိခိုက်စေဖို့ ဖြစ်ပါတယ်။

လတ်တလော နိုင်ငံရေးအခြေအနေနဲ့ ပတ်သက်ပြီးတော့ အမြင်သဘောထား မတူညီတာတွေရှိပါတယ်။ နိုင်ငံရေးခံယူချက်ဆိုတာ ကိုယ်စိတ်ဆန္ဒရှိတဲ့အတိုင်း ရပ်တည်လို့ရပါတယ်။ ဒီလိုပဲ သူတစ်ပါးရဲ့ ရပ်တည်ချက်ကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ လက်ရှိမှာ NUG နဲ့ သူရဲ့ စစ်ဘေးရှာ PDF အဖွဲ့တွေဟာ ဒီမိုကရေစီလို့ ကြွေးကြော်နေပေမယ့် အမြင်မတူသူတွေအပေါ် ဥပဒေမဲ့လုပ်ရပ်တွေ ကျူးလွန်ပြီး နိုင်ငံရေးယုံကြည်ချက်ကို သက်သေပြနေပါတယ်။

### ဗုဒ္ဓတရားတော်တွေက ဆုံးမညွှန်ပြထား

ဒီလိုမတူညီတာတွေ အခြေပြုပြီး ပြောဆိုငြင်းခုံရင်း သံဃာတော်အရှင်သူမြတ်တွေကိုပါ ငြိမ်းချမ်းမှုမရှိတဲ့စကားတွေနဲ့ ပြောဆိုဝေဖန်တာတွေဟာ စိတ်မကောင်းစရာတွေပါ။ ကိုယ့်ရဲ့ ရိုင်းစိုင်းမှုတွေထဲမှာ သီလ၊ သမာဓိ၊ ပညာ ပြည့်ဝတော်မူကြသော သံဃာတော်အရှင်သူမြတ်တွေ ပါနေပြီဆိုရင် ပြောဆိုသူအတွက် အင်မတန်အပြစ်ကြီးလေးပါတယ်။ ပထမဇောစေတနာအနေနဲ့ အကျိုးပေးပြီဆိုရင် လက်ငင်းအကျိုးပေးပြီးတော့ နောင်ဘဝတောင် မကူးဘဲ ပြတဲ့ကံအကျိုးခံစားရတတ်တယ်လို့ ဗုဒ္ဓတရားတော်တွေက ဆုံးမညွှန်ပြထားပါတယ်။ ဘာသာတရားဆိုတာ ယဉ်ကျေးသိမ်မွေ့အောင်ပဲ လမ်းညွှန်ပြတာပါ။

ယဉ်ကျေးသိမ်မွေ့မှုမရှိဘဲ သံဃာတော်အရှင်သူမြတ်တွေ စော်ကားမိလို့ နောင်ဘဝတောင် မကူးဘဲ လက်ရှိဘဝတင် အကုသိုလ်ကံကြွေးကို ခံစားရတဲ့အဖြစ်အပျက်တစ်ခု ဖတ်မှတ်ဖူးတာကို မျှဝေလိုပါတယ်။"မောင်ကလျှုတော့ မယ်ကြည်ဖြူ၊ မယ်လျှုတော့ မောင်ရှင်လန်း" ဆိုတာမျိုး မဟုတ်ဘဲ မယ်က မကြည်ဖြူဘဲ အကုသိုလ်ကံပြုလုပ်ခဲ့တာကြောင့် ကံကြွေးဆပ်ရတဲ့အကြောင်းပါ။ ခင်ပွန်းသည် နန္ဒိယက သံဃာတော်အရှင်မြတ်တွေ၊ မရှိဆင်းရဲသူတွေကို လှူဒါန်းပေးကမ်းတတ်သူဖြစ်ပေမယ့် ဇနီးဖြစ်သူ ရေဝတီကတော့ လှူဒါန်းတာဟာ ကုန်ခန်းတယ်လို့သာ ထင်မြင်သူဖြစ်ပါတယ်။ မကြည်ဖြူရုံတင်မဟုတ်၊ ဆဲရေးတိုင်းထွာတဲ့အပြင် ကာယကံမြောက် မကောင်းမှုတွေကိုပါ ကျူးလွန်ခဲ့ပါတယ်။ ဒီလို ပြစ်မှားစော်ကားတဲ့အထဲ မြင့်မြတ်တဲ့ ရဟန်းသံဃာတွေပါတဲ့အခါ ရေဝတီဟာ သူ့နှုတ်ထွက်စကား ကြမ်းတမ်းမှုအတွက် ဒိဋ္ဌဓမ္မဝေဒနီယအကုသိုလ် အကျိုးပေးတော့ အရှင်လတ်လတ် ငရဲရောက်တဲ့အထိ ကံကြွေးကို ခံစားခဲ့ရတာကို ဖတ်ရှုဖူးပါတယ်။

### ဝါတွင်းကာလမှာ ဝါမဆိုရ

အခုခေတ်မှာလည်း သံဃာတော်အရှင်မြတ်တွေ မှန်းသိသော်လည်း သိရဲ့နဲ့ပင် ပြစ်တင်ပြောဆိုမှုတွေဟာ သံသရာအထိပါမယ့် အကုသိုလ်ကံတွေ လုပ်နေကြတာဖြစ်ပါတယ်။ မင်းကင်းမြို့နယ် ကျေးရွာတချို့က သံဃာတော်တွေကို PDF တွေက လူမှုကွန်ရက်တွေကတစ်ဆင့် သူလျှိုဒလန်အဖြစ် စွပ်စွဲတာ၊ ခြိမ်းခြောက်တာရှိတဲ့အတွက် ဝါတွင်းကာလမှာ ကိုယ့်ကျောင်းကို ဝါမဆိုရဘဲ တခြားတစ်မြို့တစ်ရွာမှာ တိမ်းရှောင်နေရတာတွေရှိတယ်လို့ သိရပါတယ်။ ဒီလို စွပ်စွဲပြစ်တင်ပြောဆိုရုံတင်မကဘဲ ဆရာတော်တွေကို ကာယကံမြောက် အကြောင်းမဲ့သတ်ဖြတ်တဲ့ အကြောင်း ကြားသိရတဲ့အတွက် ဝမ်းနည်းစရာပါပဲ။

ဩဂုတ် ၁၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် သံပေါက်ကျေးရွာအုပ်စု လောင်းပြည့်ကျေးရွာရှိ ကောဝိသရာမဘုန်းတော်ကြီးကျောင်းက ကျောင်းထိုင်ဆရာတော် ဦးကောဝံသ (၇၄) နှစ်၊ ဝါတော် ၅၄ ဝါကို သတင်းပေးဒလန်ဖြစ်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ PDF တွေက တူမီးသေနတ်နဲ့ ပစ်သတ်ခဲ့တဲ့အတွက် ကျောင်းထိုင်ဆရာတော် ပျံလွန်တော်မူတယ်လို့ သတင်းတွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၁၆ ရက်ကလည်း PDF အကြမ်းဖက်အဖွဲ့က မင်းကင်းမြို့နယ် ပင်တင်း(တောင်) ကျေးရွာက ကျောင်းထိုင်ဆရာတော် ဦးသုမင်္ဂလ

**အခုခေတ်မှာလည်း သံဃာတော်အရှင်မြတ်တွေမှန်း သိသော်လည်း သိရဲ့နဲ့ပင် ပြစ်တင်ပြောဆိုမှုတွေဟာ သံသရာအထိပါမယ့် အကုသိုလ်ကံတွေ လုပ်နေ ကြတာဖြစ်ပါတယ်။ မင်းကင်းမြို့နယ် ကျေးရွာတချို့က သံဃာတော်တွေကို PDF တွေက လူမှုကွန်ရက်တွေကတစ်ဆင့် သူလျှိုဒလန်အဖြစ် စွပ်စွဲတာ၊ ခြိမ်းခြောက်တာရှိတဲ့အတွက် ဝါတွင်းကာလမှာ ကိုယ့်ကျောင်းကို ဝါမဆိုရဘဲ တခြားတစ်မြို့တစ်ရွာမှာ တိမ်းရှောင်နေရတာတွေရှိတယ်လို့ သိရပါတယ်။ ဒီလိုစွပ်စွဲပြစ်တင်ပြောဆိုရုံတင်မကဘဲ ဆရာတော်တွေကို ကာယကံမြောက် အကြောင်းမဲ့သတ်ဖြတ်တဲ့အကြောင်း ကြားသိရတဲ့အတွက် ဝမ်းနည်းစရာပါပဲ**

သက်တော် (၆၃) နှစ် ဝါတော် (၄၃) ဝါကို ကနီမြို့နယ် မိချောင်းကျေးရွာအနီးမှာ သတ်ဖြတ်ခဲ့တယ်လို့ သိရပါတယ်။

### အပြုနဲ့အဖျက်ကို သိရှိကြရမှာဖြစ်

အကြမ်းဖက်သူတွေဟာ သံသရာအထိပါမယ့် အကုသိုလ်ကံတွေကို ကျူးလွန်နေကြပြီ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံနဲ့လူမျိုးကို ကျေးဇူးပြုဖို့ ကြိုးစားရာမှာ မှန်ကန်တဲ့၊ အကုသိုလ်ကင်းတဲ့လုပ်ရပ်တွေ ဖြစ်ဖို့လိုပါတယ်။ အပြုနဲ့အဖျက်ကို သိရှိကြရမှာ ဖြစ်ပါတယ်။ အမှန်၊ အရှိ ဖြစ်တည်မှု မဟုတ်တဲ့ စိတ်ကူးယဉ်နိုင်ငံရေးကို ယုံကြည်ပြီး အသိမှား၊ အမြင်မှားနဲ့ လက်ရှိဘဝတင်မဟုတ်ဘဲ သံသရာပါ မကောင်းတဲ့လုပ်ရပ်တွေ ရပ်တန့်ဖို့ လိုအပ်နေပါပြီ။ ဖြိုဖျက်ခြင်းတွေ၊ သတ်ဖြတ်ခြင်းတွေနဲ့ အကြမ်းဖက်မှုကျူးလွန်သူတွေဟာ ပြုတဲ့ကံကို ပြန်လည်ခံစားကြရမှာပါ။

ရတနာသုံးပါးတွင်ပါဝင်တဲ့ သံဃာကို ကိုးကွယ်ဆည်းကပ်ရာအဖြစ် မသတ်မှတ်ဘဲ အကြမ်းဖက်သတ်ဖြတ်တာတွေဟာ အကုသိုလ်ကံကို အမြင့်ဆုံးကျူးလွန်နေတာဖြစ်ပါတယ်။ "သတိမမူ ဂူမမြင်" ဆိုသလို သတိတရား၊ အသိတရား မလွတ်စေလိုပါ။ အမြင်မှားပြီး အမှားမမြင်စေလိုပါ။ အုပ်စုဖွဲ့အကြမ်းဖက်ဝါဒဆိုတာ ဒီမိုကရေစီနဲ့ ဆန့်ကျင်နေတာကို အသိ၊ သတိ ရှိကြဖို့လိုပါတယ်။ နိုင်ငံရေးမသမာသူတွေဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးလို့ ဗန်းပြပြီး အဖျက်အမှောင့် အကြမ်းဖက်လုပ်ရပ်တွေကို ကျူးလွန်စေတာဖြစ်ပါတယ်။ နိုင်ငံရေးအကျိုးအမြတ်ရဖို့အတွက် ဗုဒ္ဓဘာသာဝင်တွေ ကိုးကွယ်ရာဖြစ်တဲ့ ရတနာသုံးပါးပါ သံဃာတော်တွေကို ပြစ်မှားကျူးလွန်စေတာဟာ ကံကြီးထိုက်မှာ မြေကြီးလက်ခတ်မလွဲပါပဲ။

နိုင်ငံရေးအရ အသာစီးလိုချင်တဲ့အတွက် သံသရာအထိ မကောင်းမယ့်လုပ်ရပ်တွေအထိ ကျူးလွန်စေတဲ့ NUG ရဲ့ ဩဇာအောက်က ရုန်းထွက်ဖို့ အချိန်တန်ပါပြီ။ အွန်လိုင်းပေါ်ကနေ ဆွယ်တရားတွေ ရဲရဲတောက်ဆိုရင်း NUG က ဘေးလွတ်ရာမှာပဲ ရှိနေတာကို သတိပြုပါ။ NUG ရဲ့ ဩဇာအောက်က လူငယ်တွေမှာတော့ အသက်တွေ၊ အနာဂတ်တွေ ပေးရတာတွေ များလှပါပြီ။ NUG က ဗုံးခွဲ၊ မီးရှို့၊ လူသတ် အကြမ်းဖက်ခြင်းတွေ ပြည်တွင်းမှာ ကျူးလွန်စေတဲ့အတွက် ရဟန်းရှင်လူပြည်သူအပေါင်းမှာ စိုးတထိတ်ထိတ်နဲ့သာ။

လူတိုင်းဟာ ကိုယ့်သမိုင်းကိုယ်ရေးနေကြတာလို့ ဆိုကြသလို ကောင်းခြင်း၊ ဆိုးခြင်းတွေဟာ ဘယ်သူမပြု မိမိမှုသာ။ ဒါကြောင့် ဘယ်သူတရား ပျက်ပျက် ကိုယ်မပျက်ပါစေနဲ့။ ကံငါးပါးကို စောင့်ထိန်းတဲ့ ကိုယ့်ကျင့်တရားကို တန်ဖိုးထားတတ်ကြပါစေ။ မီးရှို့၊ လူသတ်တဲ့ မကောင်းတဲ့ လုပ်ရပ်တွေနဲ့ ရပ်တည်ချက်မများစေဘဲ အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ရှောက်နိုင်ကြပါစေလို့သာ ဆန္ဒပြုရေးသားလိုက်ရပါတယ်။ ။

# ဂျပန်နိုင်ငံက လေယာဉ်များစေလွှတ်၍ အာဖဂန်နစ္စတန်ရှိ ဂျပန်သံရုံးဝန်ထမ်းများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးမည်



**တိုကျို ဩဂုတ် ၂၃**
ဂျပန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံရှိ ဂျပန်နိုင်ငံသံရုံးနှင့် အခြားသောအဖွဲ့အစည်းများ၌ အလုပ်လုပ်ကိုင်နေသည့် ဂျပန်နိုင်ငံသားများနှင့် ဒေသခံဝန်ထမ်းများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန် ဂျပန်နိုင်ငံ၏ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ လေယာဉ်သုံးစင်းကို အာဖဂန်နစ္စတန်နိုင်ငံသို့ စေလွှတ်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံအစိုးရ၏ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြားသည်။

အဆိုပါ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေးမစ်ရှင်အတွက် C-2 သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းနှင့် C-130s သယ်ယူပို့ဆောင်ရေးလေယာဉ်နှစ်စင်းတို့အား စေလွှတ်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံအစိုးရအဖွဲ့၏ အတွင်းရေးမှူးချုပ် ကာတိုက ပြောကြားသည်။

ဂျပန်နိုင်ငံ၏ လက်ရှိအာဏာရပါတီဖြစ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ပြီးခဲ့သည့်သီတင်းပတ်ကာလအတွင်းက ဗြိတိန်စစ်ဘက်လေယာဉ်ဖြင့် အာဖဂန်နစ္စတန်နိုင်ငံရှိ ဂျပန်နိုင်ငံသံရုံးဝန်ထမ်းများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမည့် ဆုံးဖြတ်ချက်ကို ဝေဖန်ခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ဂျပန်နိုင်ငံသံရုံးအား ဩဂုတ် ၁၅ ရက်တွင် ပိတ်သိမ်းခဲ့ပြီးနောက် ပြီးခဲ့သည့်အင်္ဂါနေ့က ဂျပန်သံတမန်များအား ဒူဘိုင်းသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ဆောင်နေသည့် ဂျပန်နိုင်ငံသားတချို့ကိုမူ ယခုထိတိုင် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမပေးနိုင်သေးကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**




# လက်ဘနွန်နိုင်ငံသို့ လောင်စာဆီရောင်းချခြင်းလုပ်ငန်းမှာ သာမန်ကုန်သွယ်ရေးလုပ်ငန်းဖြစ်ကြောင်း အီရန်နိုင်ငံပြောကြား

**တီဟီရန် ဩဂုတ် ၂၃**
အီရန်နိုင်ငံအနေဖြင့် လက်ဘနွန်နိုင်ငံသို့ လောင်စာဆီရောင်းချခြင်းလုပ်ငန်းမှာ စွမ်းအင်ဆိုင်ရာ သာမန်ကုန်သွယ်မှုတစ်ရပ်သာဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆာအိ ခါတီဇာဒက်က ယနေ့ပြောကြားသည်။

အီရန်နိုင်ငံအနေဖြင့် စွမ်းအင်ဆိုင်ရာ လိုအပ်ချက်ရှိနေသော မိတ်ဆွေနိုင်ငံများအား ယခုကဲ့သို့ လောင်စာဆီတင်ပို့ရောင်းချခြင်းမှာ တရားဝင်လုပ်ငန်းဆောင်ရွက်မှုတစ်ရပ်ဖြစ်ပြီး သာမန်ကုန်သွယ်မှုတစ်ရပ်သာဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အီရန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၏ တစ်ဖက်သတ် ပိတ်ဆို့အရေးယူမှုများကို နှစ်ပေါင်းအတန်ကြာခံခဲ့ရကြောင်း ၎င်းကပြောကြားသည်။

အချို့နိုင်ငံများအနေဖြင့် ထိုကဲ့သို့သော အရေးယူပိတ်ဆို့ခံရမှုကြောင့် ထိခိုက်ခဲ့သော နိုင်ငံများထံမှ အကျိုးစီးပွားရယူလိုသည်ကို အီရန်နိုင်ငံအနေဖြင့် နားလည်သိရှိပြီး ဒေသတွင်း ထိုကဲ့သို့ လွှမ်းမိုးမှုမျိုးကို လက်သင့်ခံမည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။

လက်ဘနွန်နိုင်ငံသည် နိုင်ငံအတွင်း ဒီဇယ်၊ ဓာတ်ဆီနှင့် အခြားလောင်စာဆီများ လျော့နည်းလာမှုကြောင့် လက်ရှိအချိန်၌ အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

# အကျဉ်းသားများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အရှိန်မြင့်တက်လာ

**ဗီယင်ကျန်း ဩဂုတ် ၂၃**
လွန်ခဲ့သည့်ရက်အနည်းငယ်က လာအိုနိုင်ငံတောင်ပိုင်း ဆာဗန်နာခက်ပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၀ ကျော် တွေ့ရှိခဲ့ခြင်းနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှုန်း အရှိန်မြင့်မားလာကြောင်း သိရသည်။

မကြာသေးမီက နိုင်ငံ၏တောင်ပိုင်းတွင် တွေ့ရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀ ကျော်အနက် အများစုမှာ အကျဉ်းသားများဖြစ်ကြောင်း သိရသည်။ အဆိုပါ အကျဉ်းသားများသည် အကျဉ်းထောင်အရာရှိတစ်ဦးထံမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရဖွယ်ရှိကြောင်း ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီ အကြီးအကဲ လင်သောင်ဆင်တာဗန်က ပြောကြားသည်။

ပြည်နယ်အာဏာပိုင်များသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အကျဉ်းသားများအတွက် သီးခြားစောင့်ကြည့်ရေးစင်တာတစ်ခုကို ထူထောင်ပေးပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုမရှိသည့်အကျဉ်းသားများကို အခြားအကျဉ်းထောင်များသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ နောက်ထပ်ကူးစက်ခြင်းမှ ကာကွယ်တားဆီးရန် အကျဉ်းသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးကော်မတီက ချမှတ်ထားသည့် ရောဂါကာကွယ်ရေးဆိုင်ရာ အစီအမံများကို လိုက်နာရမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

လာအိုနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၂၆၂၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# တိုကျိုမြို့၌ ကိုဗစ်-၁၉ လူနာများအတွက် အောက်ဆီဂျင်စက်ရုံ ဖွင့်လှစ်

**တိုကျို ဩဂုတ် ၂၃**
တိုကျိုမြို့ရှိ အောက်ဆီဂျင်လိုအပ်နေသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများကို အောက်ဆီဂျင်ထောက်ပံ့ပေးနိုင်ရန်အတွက် အောက်ဆီဂျင်စက်ရုံတစ်ရုံကို တိုကျိုမြို့ပြအစိုးရက ယနေ့တွင် ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါစက်ရုံအား တိုကျိုမြို့ရှိ ဘူရာရပ်ကွက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအောက်ဆီဂျင်စက်ရုံတွင် ဆေးရုံခုတင် ၁၃၀ ကိုထားရှိပြီး ဆရာဝန်သုံးဦးအပါအဝင် သူနာပြု ၂၅ ဦးကို ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် တာဝန်ပေးအပ်ထားကြောင်း သိရသည်။

၎င်းစက်ရုံတွင် အောက်ဆီဂျင်အကူအညီဖြင့် လာရောက်ကုသသူများသည် ရောဂါမသက်သာပါက သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်းကုသမှုခံယူနိုင်ရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးကြောင်း သိရသည်။

ယခုဖွင့်လှစ်လိုက်သော အောက်ဆီဂျင်စက်ရုံသည် ဆေးရုံများရှိ အရေးပေါ်ဌာနများအား ဝန်ထုပ်ဝန်ပိုးလျော့ကျစေမည်ဖြစ်ကာ အောက်ဆီဂျင်စက်ရုံ နှစ်ရုံကိုလည်း မကြာမီထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- စိုးသူရ**

# ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၅၀၀၃ ဦးရှိလာ

**အစ္စလာမ်မာဘတ် ဩဂုတ် ၂၃**
ပါကစ္စတန်နိုင်ငံ၌ ယမန်နေ့တွင် ကိုဗစ်-၁၉ရောဂါကြောင့် ၈၀ ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၀၀၃ ဦး ရှိလာကြောင်း ပါကစ္စတန်နိုင်ငံ ကိုဗစ်-၁၉ရောဂါဆိုင်ရာ လုပ်ငန်းစင်တာက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်း ဖြစ်ပွားနေစဉ် လက်ရှိအချိန်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၇၂ ဦး ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၂၇၅၈၄ ဦးရှိလာကြောင်း အဆိုပါစင်တာက ပြောကြားသည်။ နိုင်ငံတောင်ပိုင်းရှိ ဆင်းပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးဖြစ်ပွားသည့်ဒေသဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၀၈၅၅ ဦးရှိကာ ရောဂါဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်သည့် ပန်ဂျပ်ပြည်နယ်၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၃၈၀၈၄၄ ဦးရှိသည်။ နိုင်ငံအတွင်းရှိ ၁၀၁၂၆၆၂ဦးမှာ ရောဂါမှပြန်လည်ကျန်းမာလာကြောင်း သိရသည်။

နိုင်ငံအတွင်း လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၉၁၅၈၅၆ လုံးကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေအပြည့် ထိုးနှံပြီးစီးသူ ၁၃၄၃၄၆၀၅ ဦး ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၆၇၂ ဦးရှိ

**ကွာလာလမ်ပူ ဩဂုတ် ၂၃**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၆၇၂ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၅၇၂၇၆၅ ဦးရှိလာကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၇၆၆၄ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ပြီး ရှစ်ဦးသည် ပြည်ပမှ ပြန်လာသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ရှမ် အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇၄ ဦးထပ်မံတိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၄၃၄၂ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၉၀၅၃ ဦးထပ်တိုးလာခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၁၂၉၇၇၂၃ ဦးရှိလာကြောင်းနှင့် ယင်းအရေအတွက်သည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု၏ ၈၂ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ ၂၆၀၇၀၀ ရှိကြောင်း၊ ယင်းတို့အနက် ၁၀၄၀ သည်အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၅၀၂ ဦးသည် အသက်ရှူ အထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**





# အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄ ဒသမ ၇ သန်းကျော်ရှိလာ

**တီဟီရန် ဩဂုတ် ၂၃**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၆၇၅ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၇၁၅၇၇၁ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၁၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၁၀၂၆၄၈ ဦးရှိလာကြောင်း အီရန်နိုင်ငံ၏ ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှဆင်းခွင့်ရရှိသူစုစုပေါင်း ၃၉၆၁၀၂၄ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူ စုစုပေါင်း ၇၆၉၅ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးသူ ၁၆၉၈၆၈၈၂ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူ ၆၁၅၀၈၁၇ ဦးရှိကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၀၇၂ ဦးရှိ

**နယူးဒေလီ ဩဂုတ် ၂၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၀၇၂ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၂၄၄၉၃၀၆ ဦးရှိလာကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၌ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုသည် ရက်ပေါင်း ၁၆၀ ကာလအတွင်း အနည်းဆုံးဖြစ်ကြောင်းလည်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၈၉ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၄၃၄၇၅၆ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ စုစုပေါင်း ၃၃၃၉၂၄ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၄၄၁၅၇ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၁၆၈၀၆၂၆ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၁၂၇၆၃၀၉၉ ဦး | |
| သေဆုံးသူ | ၄၄၄၇၉၁၂ ဦး | |
| ပြန်လည်ကျန်းမာလာသူ | ၁၉၀၃၉၃၄၈၅ ဦး | |



# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၄၉၁ ဦး ထပ်မံတွေ့ရှိ

**ဗန်ကောက် ဩဂုတ် ၂၃**

ထိုင်းနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၄၉၁ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၆၆၇၈၆ ဦးရှိလာကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးစင်တာက ယနေ့ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၂ ဦးကို ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၉၅၆၂ ဦးရှိလာကြောင်း သိရသည်။ အဆိုပါရောဂါကြောင့် သေဆုံးသူများ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ အသက် ၆၀ နှင့်အထက်ရှိသူများနှင့် နာတာရှည်ရောဂါအခံရှိသူများဖြစ်ကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာစီမံခန့်ခွဲရေးစင်တာက ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ပြီးခဲ့သော သီတင်းပတ်နှစ်ပတ်မှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်ကုန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ကို ထိုးနှံပေးနိုင်ရန် အစိုးရက ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်ထိုးနှံမှုခံယူမည့်သူများနှင့် ကလေးငယ်များအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ သန်း ၁၂၀ ကို လာမည့်နှစ်တွင် ဝယ်ယူသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ယင်းမာပင်မြို့နယ်၌ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က တန်ပိုယာဉ်ဖြတ်သန်းခကောက်ခံရေးဂိတ်အား ဝင်ရောက်ဖျက်ဆီးမီးရှို့၍ ဂိတ်တာဝန်ကျကုမ္ပဏီဝန်ထမ်းများကို ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် အမျိုးသား တစ်ဦး ဒဏ်ရာရရှိ



**နေပြည်တော် ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၌ PDF အကြမ်းဖက် လက်နက်ကိုင်အဖွဲ့က တန်ပိုယာဉ်ဖြတ်သန်းခ ကောက်ခံရေးဂိတ်အား ဝင်ရောက်ဖျက်ဆီးမီးရှို့၍ ဂိတ်တာဝန်ကျ ကုမ္ပဏီဝန်ထမ်းများကို ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**မီးရှို့ဖျက်ဆီး**

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာအနီး မုံရွာ-ယာကြီး-ကလေးဝသွားကားလမ်း မိုင်တိုင်အမှတ် ၅ မိုင် ၃ ဖာလုံရှိ "မုံရွာအုပ်စု" ကုမ္ပဏီပိုင်ဆိုင်သည့် တန်ပိုယာဉ်ဖြတ်သန်းခ ကောက်ခံရေးဂိတ်သို့ PDF အကြမ်းဖက် လက်နက်ကိုင်အဖွဲ့ အင်အား ၁၀၀ ခန့်က မျက်နှာဖုံးများစွပ်လျက် လက်နက်များ ကိုင်ဆောင်၍ ရောက်ရှိလာပြီး ဂိတ်တာဝန်ကျ ကုမ္ပဏီဝန်ထမ်းများကို ကားလမ်းပေါ်တွင် ခေါင်းငုံ့ဒူးထောက်မှောက်ခိုင်းကာ တန်ပိုယာဉ် ဖြတ်သန်းခ ကောက်ခံရေး ဂိတ်အဆောက်အအုံ နှစ်လုံးအား တုတ်၊ ဓား၊ ဒေသန္တရလက်လုပ်မိုင်း တစ်လုံးတို့ဖြင့် ထုရိုက်ဖောက်ခွဲဖျက်ဆီး၍ ကုမ္ပဏီဝန်ထမ်းများ နေထိုင်သော အဆောက်အအုံ လေးလုံးနှင့် မော်တော်ယာဉ်နှစ်စီးတို့ကို ဓာတ်ဆီလောင်း၍ မီးရှို့ဖျက်ဆီးခဲ့ပြီး နံနက် ၂ နာရီခွဲတွင် အဆိုပါ PDF အကြမ်းဖက် အဖွဲ့များ ပြန်လည်ထွက်ခွာသွားသည်။

ထိုသို့ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးမှုကြောင့် အဆောက်အအုံ ခြောက်လုံးနှင့် မော်တော်ယာဉ် နှစ်စီး မီးလောင်ပျက်စီးခဲ့ပြီး အကြမ်းဖက်သူများ၏ ရိုက်နှက်မှုကြောင့် ကုမ္ပဏီဝန်ထမ်း အမျိုးသား တစ်ဦးတွင် ပြင်းထန်ဒဏ်ရာများ ရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အား ဖမ်းဆီးရမိရေး နယ်မြေခံ တပ်မတော် စစ်ကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဖားကန့်မြို့နယ်၌ ငွေကျပ်သိန်း ၄၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၂၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက် ညနေ ၅ နာရီခန့်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာအနီးတွင် သတင်းအရ အိုက်အောင်(၃၆)နှစ်အား ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၃၉၆ ဂရမ် သိမ်းဆည်းရမိခဲ့ပြီး မော်စီစာကျေးရွာရှိ ၎င်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀၀၊ ဘိန်းဖြူအလေးချိန် ဂရမ် ၂၉၇၀ ထပ်မံ သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ မူးယစ်ဆေးဝါးများ လက်ခံမည့်သူ မအေးညွန့်ကို ဖားကန့်မြို့နယ် လုံးခင်း-ဖားကန့်သွားကားလမ်း အောင်သာယာရပ်ကွက်တွင် လည်းကောင်း၊ မူးယစ်ဆေးဝါးများ ပို့ပေးခဲ့သူ လီတားကို မြောက်ဖြူကျေးရွာရှိ နေအိမ်တွင် လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်များအရ ည ၇ နာရီခွဲခန့်တွင် မူးယစ်ဆေးဝါးများ ပိုင်ရှင် မျိုးအောင်ကို ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ အမှတ် (၅) ရပ်ကွက်ရှိ နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၅၅၅၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းရယ်မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများအား အဆင့်မြှင့်တင်ဆောင်ရွက်

**မိုင်းရယ် ဩဂုတ် ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၁၀၂ ဒသမ ၉၀၁ သန်းဖြင့် မန်ပုံ - မိုင်းကောင်းလမ်းမကြီးမှ မိုင်းဟိန်းကျေးရွာအထိ ၃ မိုင် ၄ ဖာလုံ အရှည် မြေသားလမ်းပိုင်းအား ရာသီမရွေး သွားလာနိုင်မည့် အမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါလမ်းပိုင်းအား အဆင့်မြှင့်တင်ပေးနိုင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ သွားလာရေးလွယ်ကူမြန်ဆန်ကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**





# ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီး(ဟောင်း)များဖြစ်ကြသော ဦးဝေလင်း၊ ဦးဝင်းညွန့်၊ ဦးလဆိုင်း(ခ)ဦးဒါရှီလဆိုင်း၊ ဦးနော်လီ(ခ) ဇခေါင်ခမ်းရယ်၊ ဦးဇော်ဝင်းနှင့် ဦးနေဝင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၃**

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်၊ ဝန်ကြီး(ဟောင်း)များဖြစ်ကြသော ဦးနေဝင်း၊ ဦးဇော်ဝင်း၊ ဦးဝေလင်း၊ ဦးဝင်းညွန့် တို့နှင့် ဆက်စပ်တာဝန်ရှိပုဂ္ဂိုလ်များ အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်၊ ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး(ဟောင်း) ဦးဝေလင်းနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး(ဟောင်း) ဦးဝင်းညွန့်တို့သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ မူလလျာထားချက်တွင် ပါရှိခြင်းမရှိသည့် မြစ်ကြီးနား-ဗန်းမော်လမ်း AC ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂၃ မိုင်လုပ်ငန်းကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့်အညီ တင်ဒါခေါ်ယူဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတော်သို့ အပ်နှံရမည့် ငွေကျပ်သန်း ၁၁၀၀၇ ဒသမ ၀၀၉ ဖြင့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ခြင်း၊ QC အဖွဲ့၏ စစ်ဆေးချက်အရ လမ်းအရည်အသွေး မပြည့်မီသဖြင့် ပြန်လည်ပြုပြင်ရခြင်း၊ စာချုပ်စည်းကမ်းနှင့်အညီ ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းများကို ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ကြောင်း။

ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်၊ ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး(ဟောင်း) ဦးဝေလင်းနှင့် ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး(ဟောင်း) ဦးလဆိုင်း (ခ) ဦးဒါရှီလဆိုင်းတို့သည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ၂၀၂၀ ပြည့်နှစ်အတွင်း ဖမ်းဆီးရမိသည့်သလင်းကျောက် တန်ချိန် ၁၀၀၀၀ ကို လေလံစနစ်ဖြင့် ရောင်းချခဲ့ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာမှုမရှိခြင်း၊ ကချင်ပြည်နယ် သတ္တုတွင်းဦးစီးဌာန၏ ဒေသပေါက်ဈေး သတ်မှတ်မှု တစ်တန်လျှင် ၆၀၀၀၀ ကျပ် ဖြစ်သော်လည်း တစ်တန်လျှင် ၃၆၀၀၀ ကျပ်ဖြင့် ဈေးနှုန်းလျှော့၍ ကုမ္ပဏီနှစ်ခုအား တန် ၅၀၀၀ စီ ခွဲဝေရောင်းချခဲ့သဖြင့် တန် ၁၀၀၀၀ အတွက် နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သန်း ၂၄၀ နစ်နာဆုံးရှုံးစေခဲ့ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၀)အရ သလင်းကျောက် ရောင်းချရရှိငွေ၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၇၂ သန်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းမှုမရှိခြင်းတို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးစေခဲ့ကြောင်း။

**ဆုံးရှုံး**

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်နှင့် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး(ဟောင်း) ဦးဝေလင်းတို့သည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ဂေဟာ နှစ်ထပ်ဆောင် ဆောက်လုပ်ရာတွင် ၂၀၁၈-၂၀၁၉ တွင် သုံးစွဲခွင့်မရှိသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ် အထွေထွေ ပိုလျှံရန်ပုံငွေ (General Reserve Fund- GRF) မှ ငွေကျပ် ၁၄၉၂ ဒသမ ၄၀၀ သန်းကို ထပ်မံသုံးစွဲရာတွင် ပြည်နယ်ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနက ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့် မကိုက်ညီကြောင်း တင်ပြခဲ့သော်လည်း ပြည်နယ်အစိုးရအဖွဲ့က ဆက်လက် သုံးစွဲဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ ငွေကြေးများ ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့ကြောင်း။

ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်နှင့် ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး(ဟောင်း) ဦးဝေလင်းတို့သည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြေမြင့်ရပ်ကွက်အတွင်း ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် ကွန်ကရစ်ရေပြွန်နှစ်စင်း တည်ဆောက်ခြင်း၊ တပ်ကုန်းရပ်ကွက်အတွင်း ကတ္တရာခင်းခြင်းနှင့် ကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ ဒူကထောင်ရပ်ကွက် ကတ္တရာလမ်းသစ် ခင်းခြင်းနှင့် ကွန်ကရစ်ရေပြွန် သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်း သုံးခုအတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄၈ သန်းကျော်ကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူဆောင်ရွက်မှုမရှိခြင်း၊ ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ လုပ်ကိုင်ခွင့်ပြုပေးခဲ့ခြင်းတို့သည် နိုင်ငံတော်၏ဘဏ္ဍာငွေ ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ခြင်းဖြစ်ကြောင်း။

ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး(ဟောင်း) ဦးဇော်ဝင်းသည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း နယ်စပ်စစ်ဆေးရေးဂိတ် တာဝန်ခံ ဝန်ထမ်းများထံမှ သစ်သီးဂျပ်ဖာများ၊ ငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၂၁ သိန်းခန့်ကို လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင် လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း။

ကချင်ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး(ဟောင်း) ဦးဝေလင်းသည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉ ခုနှစ်အတွင်း ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည် လမ်းတွင် ဖမ်းဆီးရမိသော ခတ်မြေသြဇာများ လေလံတင်ရောင်းချရရှိငွေကျပ် ၅၂၅ သန်းကျော်အနက် ဖမ်းဆီးရာတွင်ပါဝင်သောအဖွဲ့များကို ဆုကြေးငွေကျပ် ၁၅၇ သန်းကျော်ကို ခွဲဝေပေးရာတွင် ၎င်းအတွက် ငွေကျပ် ၅၇ သန်းကျော်ကို ဥပဒေနှင့်မညီဘဲ အကျိုးခံစားခွင့် ရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခြင်း ဖြစ်ကြောင်း။

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး(ဟောင်း) ဦးဝေလင်းသည် ၂၀၂၀ ပြည့်နှစ်အတွင်း မိုးကောင်းမြို့နယ် NLD ပါတီရုံး ဆောက်လုပ်ရန်အတွက် အကြောင်းပြကာ ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီပိုင်ရှင်များထံမှ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ တောင်းခံရယူခဲ့ကြောင်း။

**အဂတိလိုက်စားမှုကျူးလွန်ခြင်း**

ကချင်ပြည်နယ် အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး(ဟောင်း) ဦးလဆိုင်း (ခ) ဦးဒါရှီလဆိုင်းသည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ပြည်နယ် NLD ပါတီရုံးနှင့် ဖားကန့်မြို့နယ် NLD ပါတီရုံး ဆောက်လုပ်ရန်အတွက် အကြောင်းပြကာ ကျောက်မျက်လုပ်ငန်းရှင်များထံမှ စုစုပေါင်း ငွေကျပ်သိန်း ၉၆၀ ကို တောင်းခံရယူခဲ့ကြောင်း။

ကချင်ပြည်နယ် အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး(ဟောင်း)ဦးဝင်းညွန့်သည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ဝိုင်းမော်မြို့နယ် NLD ပါတီရုံး ဆောက်လုပ်ရန် အကြောင်းပြကာ ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကျပ်သိန်း ၂၀၀ ကို လည်းကောင်း၊ နေပြည်တော် ပါတီသုတေသနရုံး လိုအပ်သောပစ္စည်းများ ဝယ်ယူရန် အကြောင်းပြကာ ငွေကျပ် သိန်း ၂၅၀ တို့ကိုလည်းကောင်း တောင်းခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခြင်း ဖြစ်ကြောင်း။

ကချင်ပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး(ဟောင်း) ဦးနေဝင်း၊ ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး(ဟောင်း) ဦးနော်လီ (ခ) ဇခေါင်ခမ်းရယ်နှင့် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ တရားဝင်သုံးစွဲခွင့်မရှိသည့် လိုင်စင်မဲ့မော်တော်ယာဉ် ၂၃ စီးအတွက် စက်သုံးဆီ၊ ယာဉ်ပြင်ဆင်စရိတ်၊ အကြီးစား ပြင်ဆင်စရိတ် စုစုပေါင်းငွေကျပ် ၂၁၉ သန်းကျော်ကို ထုတ်ယူသုံးစွဲခဲ့၍ နိုင်ငံတော်၏ ငွေကြေးများ ထိခိုက်နစ်နာဆုံးရှုံးစေခြင်းဖြစ်ကြောင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီး(ဟောင်း)များဖြစ်ကြသော ဦးဝေလင်း၊ ဦးဝင်းညွန့်၊ ဦးလဆိုင်း (ခ) ဦးဒါရှီလဆိုင်း၊ ဦးနော်လီ (ခ) ဇခေါင်ခမ်းရယ်၊ ဦးဇော်ဝင်းနှင့် ဦးနေဝင်းတို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်အပေါ် ယင်းဥပဒေပုဒ်မ ၅၆ အရလည်းကောင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

## ရေစကြိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး

**ရေစကြို ဩဂုတ် ၂၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အများပြည်သူများအား အသိပညာပေး ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ရေစကြိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရေစကြိုမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ရေစကြိုမြို့ပေါ်နှင့် မြေဖြူ-မုန့်ညင်းကျေးရွာ၊ အောင်မိုးလမ်းခွဲ၊ ပခန်းငယ်ကျေးရွာများရှိ ပြည်သူများအား ကိုယ်စီလိုက်နာကြပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန်အတွက် တိုက်တွန်းနှိုးဆော်မှုများ ဆောင်ရွက်ခဲ့သည်။



**နော်နော်(ချင်းတွင်းသား)**

## သံတောင်ကြီးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**သံတောင်ကြီး ဩဂုတ် ၂၃**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများရှိလာသည့်အတွက် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန်နှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရန်အတွက် ကိုဗစ်-၁၉ရောဂါဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများကို ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များ၌ အသိပညာပေးနှိုးဆော်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (နီပေါနိုင်ငံ)

**နိဒါန်း**

နီပေါနိုင်ငံသည် ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဖြစ်ပြီး တောင်အာရှတွင်ရှိသော ကုန်းတွင်းပိတ် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နီပေါနိုင်ငံ၏ ဧရိယာအများစုသည် ဟိမဝန္တာတောင်တန်းဒေသအတွင်း တည်ရှိပြီး အိန္ဒိယမြောက်ပိုင်းလွင်ပြင် (Indo-Gangetic Plain) ၏ အစိတ်အပိုင်းတစ်ခုအဖြစ်လည်း ပါဝင်သည်။ နီပေါနိုင်ငံသည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၇,၃၅၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး ကမ္ဘာပေါ်တွင် ၉၃ နိုင်ငံမြောက် အကြီးဆုံးသော နိုင်ငံတစ်ခုဖြစ်သည်။ နိုင်ငံ၏ မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်တွင် အိန္ဒိယသမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဇွန်လ ၂၉ ရက်နေ့၌ နီပေါနိုင်ငံ၏ ထုတ်ပြန်ကြေညာချက်အရ နိုင်ငံ၏ လူဦးရေမှာ ၂၉,၆၅၃,၈၆၉ ဦးခန့်ရှိပြီး နိုင်ငံ၏ ၂၁ ဒသမ ၄ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်ကြသည်။ ကမ္ဘာ့အမြင့်ဆုံးဖြစ်သော တောင် ၁၀ လုံးအနက် ရှစ်လုံးသည် နီပေါနိုင်ငံတွင် တည်ရှိသည်။ ယင်းတောင်ရှစ်လုံးအနက် ကမ္ဘာ့အမြင့်ဆုံးဖြစ်သော ဧဝရတ်တောင် အပါအဝင်ဖြစ်ပြီး နီပေါနိုင်ငံ၏ ပြယုဂ်တစ်ခုဖြစ်သည်။ နိုင်ငံ၏ မြို့တော်သည် ကတ္တမန္ဒူ ဖြစ်ပြီး ရုံးသုံးဘာသာစကားမှာ နီပေါဘာသာဖြစ်၍ အသုံးပြုသည့် ငွေကြေးမှာ ရူပီးဖြစ်သည်။

နီပေါနိုင်ငံအနေဖြင့် ၁၉၉၀ ပြည့်နှစ်နှင့်၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလများတွင် ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်တွင် နီပေါနိုင်ငံ၏ဟိန္ဒူဘုရင်စနစ်အား အဆုံးသတ်ခဲ့ပြီး ဖက်ဒရယ်သမ္မတနိုင်ငံ တည်ထောင်ခဲ့သည်။ နီပေါနိုင်ငံ၏ လက်ရှိကျင့်သုံးလျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေအား ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖက်ဒရယ်ပါလီမန်၊ အောက်လွှတ်တော်၊ အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) ဟူ၍ လွှတ်တော်(၃)ရပ်ရှိသည်။ ဖက်ဒရယ်ပါလီမန်သည် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်နှစ်ရပ်ပေါင်း ဖွဲ့စည်းထားသော လွှတ်တော်ဖြစ်သည်။ အောက်လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၂၇၅ ဦးဖြင့် ဖွဲ့စည်းထားပြီး အထက်လွှတ်တော်ကို လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၅၉ ဦးဖြင့် ဖွဲ့စည်းထားသည်။

**ရွေးကောက်ပွဲစနစ်**

နီပေါနိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းကို Mixed Election System စနစ်ဖြစ်သည့် မဲများသူအနိုင်ယူစနစ် (First Past The Post-FPTP) နှင့် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation-PR) နှစ်မျိုးအားကျင့်သုံးသည်။ မဲများသူ အနိုင်ယူ (FPTP) စနစ်သည် ဆန္ဒမဲအများဆုံးရရှိသော ကိုယ်စားလှယ်လောင်းအား အနိုင်ပေးသော စနစ်ဖြစ်သည်။ အချိုးကျကိုယ်စားပြု(PR)စနစ်သည် ပါတီများ၏ လွှတ်တော်အတွင်း နေရာများရရှိအောင် ပြိုင်ဆိုင်သည့်စနစ် ဖြစ်သည့်အတွက် ပါတီတစ်ခုတည်းက လွှတ်တော်အတွင်း လွှမ်းမိုးမှု လျှော့ချနိုင်သည့်စနစ် တစ်ခုပင်ဖြစ်သည်။ အောက်လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ရွေးချယ်ရာတွင် ၆၀ ရာခိုင်နှုန်းအား မဲများသူအနိုင်ယူ (FPTP) စနစ်ဖြင့် ရွေးချယ်ပြီး ကျန် ၄၀ ရာခိုင်နှုန်းအား အချိုးကျကိုယ်စားပြု (PR)စနစ်ဖြင့် ရွေးချယ်သည်။ နီပေါနိုင်ငံတွင် မဲဆန္ဒရှင်တစ်ဦးသည် ဆန္ဒမဲပေးရာ၌ ရွေးကောက်ပွဲစနစ် နှစ်ခုစလုံးအတွက် ဆန္ဒမဲနှစ်မဲပေးခွင့်ရှိသည်။

**သမ္မတရွေးချယ်တင်မြှောက်ခြင်း**

နီပေါနိုင်ငံ၏သမ္မတသည် နိုင်ငံ၏အကြီးအကဲဖြစ်သည့်အပြင် နီပေါတပ်မတော်၏ အကြီးအကဲလည်းဖြစ်သည်။ နိုင်ငံတော်သမ္မတကို ဖက်ဒရယ်ပါလီမန်နှင့် ပြည်နယ်လွှတ်တော်တို့မှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်း (Electoral College) က ရွေးချယ်သည်။ နိုင်ငံတော်သမ္မတသည် အသက် ၄၅ နှစ် ပြည့်ပြီးသူဖြစ်ရမည်ဖြစ်ပြီး ဥပဒေနှင့် မဆန့်ကျင်သည့် ဖက်ဒရယ်ပါလီမန်အဖွဲ့ဝင် ဖြစ်ရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် တင်ပြလာသော အစိုးရအဖွဲ့ဝန်ကြီးများ ခန့်အပ်ရာတွင် လည်းကောင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ရာတွင်လည်းကောင်း အတည်ပြုနိုင်သည်။ ထို့ပြင် ဖက်ဒရယ်ဥပဒေအရ ဖက်ဒရယ်ပါလီမန်မှ တင်သွင်းလာသည့် ဥပဒေမူကြမ်းနှင့် အမိန့်ညွှန်ကြားချက်များကို အတည်ပြုပြဋ္ဌာန်းပေးသည်။

**လွှတ်တော်ဖွဲ့စည်းမှု**

၂၀၁၅ ခုနှစ် နီပေါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၃ အရ ဖက်ဒရယ်ပါလီမန်ကို အောက်လွှတ်တော်နှင့် အထက်လွှတ်တော် ဟူ၍ နှစ်ရပ်ပေါင်း ဖွဲ့စည်းထားသည်။ ဖက်ဒရယ်ပါလီမန်သည် အစိုးရအဖွဲ့အား ဖွဲ့စည်းခြင်း၊ မူဝါဒများနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးအတည်ပြုခြင်း၊ အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ လိုအပ်သော လမ်းညွှန်မှုများပေးခြင်းနှင့် နိုင်ငံတကာစာချုပ်များအား အတည်ပြုပေးခြင်းတို့ ဆောင်ရွက်သည်။


**အောက်လွှတ်တော်(House of Representatives)**

အောက်လွှတ်တော်ကို လွှတ်တော် ကိုယ်စားလှယ် ၂၇၅ ဦးဖြင့် ဖွဲ့စည်းထားသည်။ ပြည်နယ်ခုနစ်ခုတွင်ရှိသော နိုင်ငံ၏လူဦးရေအပေါ်မူတည်၍ သတ်မှတ်ထားသည့် မဲဆန္ဒနယ် ၁၆၅ နယ်ရှိ လွှတ်တော်ကိုယ်စားလှယ် ၁၆၅ ဦးကို မဲများသူအနိုင်ယူ (FPTP)စနစ်ဖြင့် ရွေးချယ်ပြီး ကျန်လွှတ်တော်ကိုယ်စားလှယ် ၁၁၀ အား အချိုးကျကိုယ်စားပြု (PR-Closed List) စနစ်ဖြင့် ရွေးချယ်တင်မြှောက်သည်။ ကိုယ်စားလှယ် ၁၁၀ ၏ သုံးပုံတစ်ပုံကို အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်နေရာအဖြစ် သတ်မှတ်ထားသည့်အတွက် နိုင်ငံရေးပါတီများက အမည်စာရင်းတင်သွင်းရာ၌ အမျိုးသမီး ကိုယ်စားလှယ် သုံးပုံတစ်ပုံ တင်သွင်းရမည်ဖြစ် သည်။ အောက်လွှတ်တော် သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး အောက်လွှတ်တော် ဖျက်သိမ်းခံရသည့်အခါတွင် ဖက်ဒရယ်ပါလီမန်၏ အာဏာကို အမျိုးသားလွှတ်တော်က ရယူကျင့်သုံးခွင့်ရှိသည်။

**အောက်လွှတ်တော်ဖွဲ့စည်းပုံ**

| စဉ် | ပြည်နယ် | အောက်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၂၇၅) ဦး | |
|---|---|---|---|
| | | မဲများသူအနိုင်ယူ(FPTP) | အချိုးကျကိုယ်စားပြု(PR) |
| ၁ | Purbanchal Province | ၂၈ | ၁၁၀ |
| ၂ | Madhes Province | ၃၂ | |
| ၃ | Bagmati Province | ၃၃ | |
| ၄ | Gandaki Province | ၁၈ | |
| ၅ | Lumbini Province | ၂၆ | |
| ၆ | Karnali Province | ၁၂ | |
| ၇ | Sudurpashchim Province | ၁၆ | |
| | စုစုပေါင်း | ၁၆၅ | ၁၁၀ |

**အထက်လွှတ်တော်ဖွဲ့စည်းပုံ**




## လီလီယန်

**အထက်လွှတ်တော်(National Assembly)**

အထက်လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် ၅၉ ဦးဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော်ကိုယ်စားလှယ် ၅၉ ဦးကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အဆိုပြုသည့် ရွေးကောက်ခံပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးရွာဒေသများ၏ ရွေးကောက်တင်မြှောက်ခံဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဒေသန္တရအစိုးရအဖွဲ့များ၏ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်များ၊ ဖက်ဒရယ်ဥပဒေအရ ရွေးကောက်ခံရသည့် ရွေးကောက်တင်မြှောက်ခံ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဒေသန္တရအစိုးရအဖွဲ့များ၏ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်များထဲမှ အနည်းဆုံး အမျိုးသမီး သုံးဦး၊ ဒဲလတ် (Dalit) လူမျိုးတစ်ဦး၊ မသန်စွမ်းသူ တစ်ဦး စုစုပေါင်း ၅၆ ဦးနှင့် နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်အပ်သည့် အနည်းဆုံးအမျိုးသမီးတစ်ဦးပါဝင်သော ကိုယ်စားလှယ် သုံးဦးတို့ဖြင့် ရွေးချယ်တင်မြှောက်သည်။ အထက်လွှတ်တော်၏ သက်တမ်းမှာ ခြောက်နှစ်ဖြစ်ပြီး နှစ်နှစ်လျှင်တစ်ကြိမ် လွှတ်တော် ကိုယ်စားလှယ်များ၏ သုံးပုံတစ်ပုံအား ပြန်လည်ရွေးချယ်ရမည်ဖြစ်သည်။

**ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများ**

နီပေါနိုင်ငံတွင် ပြည်နယ် ခုနစ်ခုရှိပြီး ပြည်နယ်တစ်ခုစီတိုင်းတွင် ပြည်နယ်လွှတ်တော်ဖွဲ့စည်းမှုရှိသည်။ ၂၀၁၅ ခုနှစ် နီပေါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၆ အရ ပြည်နယ်လွှတ်တော်တစ်ခုစီတိုင်းကို သက်ဆိုင်ရာပြည်နယ်မှ ရွေးကောက်တင်မြှောက်ခံရသည့် အောက်လွှတ်တော် ကိုယ်စားလှယ်ဦးရေ နှစ်ဆနှင့်ညီမျှသည့် ကိုယ်စားလှယ်အရေအတွက်ဖြင့် ဖွဲ့စည်းသည်။ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံတစ်ပုံသည် အမျိုးသမီးကိုယ်စားလှယ်များ ဖြစ်ရမည်။ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်နေရာ အများဆုံးရရှိသည့်ပါတီသည် အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ပြီး အစိုးရအဖွဲ့ဖွဲ့စည်းရန် လုံလောက်စွာ အနိုင်မရရှိပါက ညွန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းနိုင်သည်။

**ဒေသန္တရအစိုးရ ရွေးကောက်ပွဲများ**

ဒေသန္တရအစိုးရ ရွေးကောက်ပွဲများဆိုသည်မှာ ဒေသအတွင်းအုပ်ချုပ်မည့် ဒေသန္တရအစိုးရအဖွဲ့ဝင် ခြောက်ဦး၊ ဒေသစည်ပင်သာယာရေးဆိုင်ရာ ကိစ္စရပ်များအား စီမံခန့်ခွဲမည့် အဖွဲ့ဝင်များ၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ ကျေးရွာဒေသဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများအား ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပြီး မဲများသူအနိုင်ယူ (FPTP) စနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များအား ရွေးချယ်ရာတွင် အနည်းဆုံးအဖွဲ့ဝင်နှစ်ဦးသည် အမျိုးသမီးဖြစ်ရမည်ဖြစ်ပြီး ဒဲလတ် (Dalit)လူမျိုး သို့မဟုတ် လူနည်းစု တိုင်းရင်းသားလူမျိုးအဖွဲ့ဝင်တစ်ဦး အနည်းဆုံး ပါဝင်ရမည်။

**ရွေးကောက်ပွဲကော်မရှင်**
**(Election Commission of Nepal – ECN)**

ရွေးကောက်ပွဲကော်မရှင် (ECN)ကို ရွေးကောက်ပွဲကော်မရှင်ချုပ်အပါအဝင် အဖွဲ့ဝင်လေးဦးဖြင့်

**စာမျက်နှာ ၁၇ သို့** ❖

❖ စာမျက်နှာ ၁၆ မှ

ဖွဲ့စည်းထားပြီး ၎င်းတို့အနက် ရွေးကောက်ပွဲကော်မရှင်ချုပ်သည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည်။ ရွေးကောက်ပွဲကော်မရှင်ချုပ်နှင့်အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ထောက်ခံချက်ဖြင့် ဖွဲ့စည်းရသည်။ ရွေးကောက်ပွဲကော်မရှင်၏ရာထူးသက်တမ်းသည် ခြောက်နှစ်ဖြစ်သည်။

ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ၊ နိုင်ငံရေးပါတီဝင် မဟုတ်သူ၊ အသက် ၄၅ နှစ် ပြည့်ပြီးသူ၊ ထင်ပေါ်ကျော်ကြားသော ဂုဏ်သိက္ခာနှင့်ပြည့်စုံသူ ဖြစ်ရပါမည်။

**ရွေးကောက်ပွဲကော်မရှင်၏**
**တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဖက်ဒရယ်ဥပဒေနှင့် အခြားဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ ညွှန်ကြားချက်များအား လိုအပ်သလို ပြင်ဆင်ရေးဆွဲ အတည်ပြုနိုင်ပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်ဥပဒေများနှင့်အညီ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ကျင်းပပေးရသည်။

သမ္မတနှင့်ဒုတိယသမ္မတ ရွေးချယ်ရာတွင်လည်းကောင်း၊ ဖက်ဒရယ်ပါလီမန်တွင် တက်ရောက်မည့်ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် လည်းကောင်း၊ ပြည်နယ်လွှတ်တော်များမှ ကိုယ်စားလှယ်များ ရွေးချယ်ရာတွင်လည်းကောင်း၊ ကျေးရွာဒေသများမှ ကိုယ်စားလှယ်များ ရွေးချယ်ရာတွင်လည်းကောင်း အရည်အချင်းသတ်မှတ်ချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်များ ပေါ်ပေါက်လာပါက ရွေးကောက်ပွဲရလဒ်မကြေညာမီ ရွေးကောက်ပွဲကော်မရှင်၏ အဆုံးအဖြတ်ကိုခံယူရသည်။

ရွေးကောက်ပွဲကော်မရှင်သည် ဖက်ဒရယ်ဥပဒေတွင် ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များအရ လိုအပ်ပါက သက်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းနိုင်ပြီး ၎င်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအား ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အခြားသင့်လျော်သော အစိုးရဝန်ထမ်း တစ်ဦးဦးအား လွှဲအပ်ကျင့်သုံးဆောင်ရွက်စေနိုင်သည်။

**ကျင်းပသည့်ရွေးကောက်ပွဲများ**

ရွေးကောက်ပွဲကော်မရှင် (ECN) သည် အောက်ပါရွေးကောက်ပွဲများကို ကျင်းပဆောင်ရွက်ပေးရသည် –

(က) ဖက်ဒရယ်ဆိုင်ရာဥပဒေပြုရေး လွှတ်တော်ရွေးကောက်ပွဲ (Federal Parliament Election)
(ခ) ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ (State Assemblies Election)
(ဂ) ဒေသန္တရအစိုးရ ရွေးကောက်ပွဲ (Local Government Election)

**မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း**

နီပေါနိုင်ငံတွင် မဲဆန္ဒရှင်စာရင်းရေးသွင်းခြင်းလုပ်ငန်းကို တစ်နှစ်ပတ်လုံး ရေးသွင်းဆောင်ရွက်ပါသည်။ အသက် ၁၆ နှစ်နှင့်အထက်ရှိသော နီပေါနိုင်ငံသားတိုင်းသည် ၎င်းတို့၏အမည်စာရင်းများကို ခရိုင်(၇၇) ခုတွင် ရုံးစိုက်သော ခရိုင်ရွေးကောက်ပွဲ ကော်မရှင်ရုံးများတွင်လည်းကောင်း၊ ခရိုင်အဆင့် စီမံခန့်ခွဲမှုရုံးများတွင်လည်းကောင်း၊ ကော်မရှင်မှ တာဝန်ပေးအပ်ထားသည့် မဲဆန္ဒရှင်စာရင်း ကောက်ယူရေးအဖွဲ့များထံတွင်လည်းကောင်း မှတ်ပုံတင်စာရင်းသွင်းနိုင်ပါသည်။ သို့ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အသက်ကန့်သတ်ချက်မှာ အသက် ၁၈ နှစ်နှင့်အထက်ဖြစ်ပါသည်။ မဲစာရင်းရှိ မဲဆန္ဒရှင်တိုင်းသည် နိုင်ငံသားမှတ်ပုံတင်ကတ်ရှိသူ ဖြစ်ရပါမည်။ ကော်မရှင်သည် လိုအပ်လာပါက မဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းစဉ်အတွက် အမိန့်နှင့်ညွှန်ကြားချက်များအား ထုတ်ပြန်နိုင်သည်။ ကော်မရှင်သည် တစ်နိုင်ငံလုံး၏ မဲဆန္ဒရှင်စာရင်းများအား ၎င်းတို့၏ ဗဟိုဆာဗာတွင် ထားရှိ၍ ထိုမဲစာရင်း၏ အချက်အလက်များ နှစ်ကြိမ်ထပ်ခြင်းကိစ္စရပ်များ မရှိစေရန်အတွက် စိစစ်ပြင်ဆင်ပြီးနောက် စိစစ်ပြီးစာရင်းများကို သက်ဆိုင်ရာခရိုင်များအလိုက် ပြန်လည်၍ ဖြန့်ဝေပေးပါသည်။ မဲစာရင်းအချက်အလက်များ မှန်ကန်မှုရှိ/မရှိ စိစစ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်း လုပ်ငန်းစဉ်များဖြင့် မှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိရန် ဆောင်ရွက်ပြီးနောက် မဲဆန္ဒရှင် အသိအမှတ်ပြုကတ်ပြားအား ထုတ်ပေးပါသည်။

**ပြည်နယ်လွှတ်တော်ဖွဲ့စည်းပုံ**

| စဉ် | ပြည်နယ် | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း | | |
|---|---|---|---|---|
| | | မဲများသူအနိုင်ယူ (FPTP) | အချိုးကျကိုယ်စားပြု (PR) | ကိုယ်စားလှယ် စုစုပေါင်း |
| ၁ | Purbanchal Province | ၅၆ | ၃၇ | ၉၃ |
| ၂ | Madhes Province | ၆၄ | ၄၃ | ၁၀၇ |
| ၃ | Bagmati Province | ၆၆ | ၄၄ | ၁၁၀ |
| ၄ | Gandaki Province | ၃၆ | ၂၄ | ၆၀ |
| ၅ | Lumbini Province | ၅၂ | ၃၅ | ၈၇ |
| ၆ | Karnali Province | ၂၄ | ၁၆ | ၄၀ |
| ၇ | Sudurpashchim Province | ၃၂ | ၂၀ | ၅၃ |
| စုစုပေါင်း | | ၃၃၀ | ၂၂၀ | ၅၅၀ |

**လွှတ်တော်ကိုယ်စားလှယ်လောင်း၏**
**အရည်အချင်းများ**

အောက်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းသည် အသက် ၂၅နှစ် ပြည့်ပြီး သက်ဆိုင်ရာမဲစာရင်းတွင် ပါဝင်သူဖြစ်ရမည်။

အထက်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလောင်းများ၏ သတ်မှတ်ချက်မှာ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အသက်၂၂ နှစ်ပြည့်ပြီး သက်ဆိုင်ရာမဲစာရင်းတွင် ပါဝင်သူ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီများ၏ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများ၊ မြို့တော်ဝန်နှင့်ဒုတိယမြို့တော်ဝန်များသည် အသက် ၂၃ နှစ်ပြည့်ပြီး သက်ဆိုင်ရာမဲစာရင်းတွင် ပါဝင်သူ၊ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် အသက်၂၁ နှစ်ပြည့်၍ သက်ဆိုင်ရာမဲစာရင်းတွင် ပါဝင်ရမည်ဖြစ်ပြီး ၎င်းတို့ကို ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အုပ်ချုပ်မှုအောက်ရှိ ကျေးရွာကောင်စီ သို့မဟုတ် စည်ပင်သာယာရေးကောင်စီ၏ အဖွဲ့ဝင်များထဲမှ ရွေးချယ်သည်။

ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင် မဲဆန္ဒနယ် ၂ နယ်အထိ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။ အကယ်၍ ၎င်းကိုယ်စားလှယ်လောင်းသည် မဲဆန္ဒနယ် ၂ နယ်လုံးတွင် အနိုင်ရရှိသည့် ကိစ္စရပ်များပေါ်ပေါက်လာပါက ကာယကံရှင် ကိုယ်စားလှယ်လောင်းက ယင်းကိုယ်စားပြုလိုသည့်မဲဆန္ဒနယ်ကို ရွေးချယ်၍ ကိုယ်စားပြုခွင့်ရမည်ဖြစ်ပြီး ကျန်မဲဆန္ဒနယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲများ ပြန်လည်ကျင်းပပေးရပါသည်။

ရွေးကောက်ခံပိုင်ခွင့်ပြဋ္ဌာန်းချက်များ မပြည့်စုံသူ၊ နီပေါနိုင်ငံသားမဟုတ်သူ၊ စိတ်ပေါ့သွပ်နေသူ၊ လူမွဲအဖြစ်ခံယူထားသူ၊ နိုင်ငံ့ဝန်ထမ်း သို့မဟုတ် နိုင်ငံတော်၏ လစာနှင့်ရိက္ခာ ထောက်ပံ့မှုများအား ခံစားနေသူ၊ ကျေးရွာဒေသအဖွဲ့များတွင် တာဝန်ထမ်းဆောင်နေသူ၊ ရွေးကောက်ပွဲဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်မှလွတ်မြောက်ခွင့်ရရှိပြီး ၆ နှစ် မပြည့်သေးသည့်ပုဂ္ဂိုလ်၊ ဥပဒေအရ ပြစ်ဒဏ်ချမှတ်ခံရပါက ပြစ်ဒဏ်မှလွတ်မြောက်ခွင့်ရပြီး ၂ နှစ် မပြည့်သေးသည့် ပုဂ္ဂိုလ်၊ နိုင်ငံတော်ပုန်ကန်မှုနှင့် ဆက်စပ်မှုရှိသည်ဟု ထင်မြင်ယူဆခံရသူ သို့မဟုတ် နိုင်ငံတော်၏ အခြေခံမူဝါဒများအား ဖောက်ဖျက်သည်ဟု ထင်မြင်ယူဆခံရသူ သို့မဟုတ် နီပေါအစိုးရအဖွဲ့မှ အရည်အချင်းမပြည့်မီဟု သတ်မှတ်ခံရသူစသည့်အချက်များနှင့် မကိုက်ညီသည့် ပုဂ္ဂိုလ်များသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိပေ။

**လွှတ်တော်ကိုယ်စားလှယ်လောင်း**
**အမည်စာရင်းတင်သွင်းခြင်း**

နီပေါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံရေးပါတီများသည် မဲများသူအနိုင်ယူ(FPTP) စနစ်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အမည်စာရင်းတင်သွင်းရာ၌ "အားလုံးပါဝင်ခွင့်ရှိခြင်း မူဝါဒ"နှင့်အညီ ဥပဒေပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်သည့် မည်သည့်ပုဂ္ဂိုလ်ကိုမဆို အမည်စာရင်းတင်သွင်းခွင့်ရှိပါသည်။ အချိုးကျကိုယ်စားပြု (PR)စနစ်အတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများက ရွေးကောက်ပွဲမကျင်းပမီ ရက်ပေါင်း(၉၀) ကြိုတင်၍ ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ရပါသည်။ အချိုးကျကိုယ်စားပြု (PR–Closed List) အရ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်လောင်းများအား တိုက်ရိုက်ရွေးချယ်ရခြင်းမဟုတ်ဘဲ ပါတီအား ရွေးချယ်ခြင်းဖြစ်ပါသည်။

ရွေးကောက်ပွဲကျင်းပပြီးနောက် နိုင်ငံရေးပါတီများက မိမိတို့အချိုးကျရရှိသည့် ကိုယ်စားလှယ်နေရာပေါ်မူတည်၍ မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများအား နီပေါရွေးကောက်ပွဲကော်မရှင် (ECN) သို့ တင်ပြရပါသည်။ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ကိုယ်စားလှယ်အရေအတွက်၏ ၁၀ ရာခိုင်နှုန်းအား သီးခြားသတ်မှတ်ထားသည့်အုပ်စုများမှ ပုဂ္ဂိုလ်များကိုသာ ရွေးချယ်ခွင့်ရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ သီးခြားသတ်မှတ်ထားသည့် အုပ်စုများမှာ ဖွံ့ဖြိုးတိုးတက်မှုနည်းသော တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသော မက်ဒ်ရှီးစ် (Madehsis)ဒေသမှ ကိုယ်စားလှယ်များနှင့် ဥပဒေနှင့်အညီ သတ်မှတ်ထားသော အခြားပုဂ္ဂိုလ်များ ပါဝင်ပါသည်။ ၎င်းကိုယ်စားလှယ်လောင်းများတွင် အမျိုးသမီး ၅၀ ရာခိုင်နှုန်း ပါဝင်ရမည်ဖြစ်ပါသည်။

နီပေါဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ခွဲတမ်းသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော ကိုယ်စားလှယ်လောင်း အမည်စာရင်းများအား တင်သွင်းပါက ရွေးကောက်ပွဲကော်မရှင်က အမည်စာရင်းတင်သွင်းသည့်နေ့ရက်မှ (၇) ရက်အတွင်း ပယ်ဖျက်ကြောင်း ပေးပို့ပါသည်။ ပေးပို့ခံရသည့် ပါတီသည် ပေးပို့သည့်ရက်မှ (၃) ရက်အတွင်း အမည်စာရင်းအသစ်အား ပြန်လည်တင်ပြရမည် ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် နိုင်ငံရေးပါတီမှ အမည်စာရင်းတင်သွင်းသော ကိုယ်စားလှယ်လောင်းများသာမက ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသည့် နိုင်ငံသားတိုင်းသည် တစ်သီးပုဂ္ဂလအဖြစ်လည်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

**ဆန္ဒမဲလက်မှတ်**

မဲများသူအနိုင်ယူစနစ်တွင် အသုံးပြုသည့် ဆန္ဒမဲလက်မှတ်များတွင် ကိုယ်စားလှယ်လောင်းများနှင့်စပ်လျဉ်း၍ ၎င်း၏အမည်နှင့် ဓာတ်ပုံများအား ဖော်ပြမထားဘဲ ကိုယ်စားလှယ်လောင်း၏ သင်္ကေတများကိုလည်းကောင်း အချိုးကျကိုယ်စားပြုစနစ်တွင် အသုံးပြုသည့် ဆန္ဒမဲလက်မှတ်များတွင် ပါတီသင်္ကေတများကိုလည်းကောင်း ဖော်ပြထားပြီး မဲဆန္ဒနယ်အားလုံးအတွက် တစ်မျိုးတည်းသာ အသုံးပြုရန် သတ်မှတ်ထားပါသည်။

**ရွေးကောက်ပွဲရလဒ်ကြေညာခြင်း**

မဲများသူအနိုင်ယူ (FPTP) စနစ်တွင် ရွေးကောက်ပွဲတာဝန်ခံအရာရှိသည် ၎င်းအုပ်ချုပ်မှုအောက်ရှိ မဲရုံများအားလုံးမှ မဲလက်မှတ်များအား သတ်မှတ်ထားသည့်နေရာတွင် စုစည်း၍ တစ်ပြိုင်နက်တည်း ရေတွက်ပါသည်။ ဒေသတွင်း ခိုင်လုံမဲအများဆုံးရရှိသည့် ကိုယ်စားလှယ်အား အနိုင်ရကိုယ်စားလှယ်အဖြစ် သတ်မှတ်ပါသည်။

အချိုးကျကိုယ်စားပြု (PR) စနစ်တွင် နိုင်ငံရေးပါတီတစ်ခုသည် ဆန္ဒမဲရရှိမှု အနည်းဆုံး ၃ ရာခိုင်နှုန်း ရရှိရမည်ဖြစ်သည်။ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည် ၎င်းအုပ်ချုပ်မှုအောက်ရှိ မဲရုံတစ်ရုံချင်းစီတွင် ပါတီတစ်ခုချင်းစီ၏ ခိုင်လုံမဲအရေအတွက်နှင့် ပယ်မဲအရေအတွက်များအား သတ်မှတ်ထားသည့် ပုံစံများဖြင့်ပြုစု၍ ကော်မရှင်အား တင်ပြရသည်။ ကော်မရှင်သည် တစ်နိုင်ငံလုံး မဲရလဒ်များအား စုစည်း၍ ပါတီတစ်ခုချင်းစီရရှိသည့် ခိုင်လုံမဲနှင့် ပယ်မဲအရေအတွက်များအား ပြုစုပါသည်။ ကော်မရှင်ကရရှိသည့် ခိုင်လုံမဲအရေအတွက်ပေါ် မူတည်၍ နိုင်ငံရေးပါတီများက တင်သွင်းထားသော (Closed List )ကိုယ်စားလှယ်လောင်း အမည်စာရင်းအရ လွှတ်တော်တွင်ရရှိမည့် ကိုယ်စားလှယ်နေရာများအား သတ်မှတ်ကြေညာပါသည်။ နိုင်ငံရေးပါတီတစ်ခုချင်းစီအားလည်း ရရှိသည့် ကိုယ်စားလှယ်နေရာအရေအတွက်ကို အကြောင်းကြားပါသည်။

**နိဂုံး**

နီပေါရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအားလုံးကို တာဝန်ယူဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ပါသည်။ နီပေါနိုင်ငံတွင် လွှတ်တော်အတွင်း အမျိုးသမီးများနှင့် လူနည်းစုတိုင်းရင်းသားများ ပါဝင်ဆောင်ရွက်ခွင့်ရရှိရန် ဆောင်ရွက်ထားရှိပြီး လက်ရှိ အသုံးပြုသည့် ရွေးကောက်ပွဲစနစ်အရလည်း ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ပေးနိုင်ကြောင်း တွေ့ရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် အခက်အခဲများကြားမှ ၂၀၁၇ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ နီပေါနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများအား ဒီမိုကရေစီစံနှုန်းများနှင့်အညီဖြစ်စေရန် အပြုသဘောဆောင်သည့် တရားဝင်ပြုပြင်ပြောင်းလဲမှုများရှိသော်လည်း အားလုံးပါဝင်နိုင်မှုရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲအသိပညာပေးမှုနည်းပါးခြင်းနှင့် တောတောင်ထူထပ်သည့်ဝေးလံဒေသများသို့ထိထိရောက်ရောက် ဆောင်ရွက်ရန် ခက်ခဲသည့်အတွက် အမျိုးသမီးများနှင့် လူနည်းစုတိုင်းရင်းသားများသည် ၎င်းတို့၏ရပိုင်ခွင့်နှင့်ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးရန် အားနည်းနေဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုးကားချက်များ**


- CONSTITUTION OF NEPAL 2015
- Nepal Population (2021)–Worldometer
- Election Commission,Nepal
- Nepal Law Commission
- www.aljazeera.com/news/2017/12/7/ (Website)

# မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ်၏ သုဝဏ္ဏဘူမိ Event Park ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးစင်တာဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် တာဝန်ရှိသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုအား ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ - ဆန်းကျော်ဦး(ပြန်/ဆက်)

**နေပြည်တော် ဩဂုတ် ၂၃**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေးထိုးနှံပေးခြင်းများကို နိုင်ငံတစ်ဝန်း၌ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘူမိ(Event Park )ရှိ မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ်(MCCOC)၌ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် တိုင်းဒေသကြီး ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးစင်တာ ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်လျက်ရှိနေမှုများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**မိမိတို့၏ ကိုယ်ပိုင်အစီအစဉ်ဖြင့်**

အဆိုပါ စင်တာတွင် လူမျိုးဘာသာမရွေး မိမိတို့၏ ကိုယ်ပိုင်အစီအစဉ်ဖြင့် ထိုးနှံရန်အတွက် အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များကို ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လင်းခေးမြို့နယ် ကျေးရွာပေါင်း ၁၃ ရွာ၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**လင်းခေး ဩဂုတ် ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၃ ရွာ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို မတ်လတတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကျေးရွာပေါင်း ၁၃ ရွာ၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျေးရွာပေါင်း ၁၃ ရွာ**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သည့် ကျေးရွာပေါင်း ၁၃ ရွာမှာ ကုန်းဆာ၊ နောင်ခေါက်၊ ကျိုင်းဟုတ်၊ ကွန်ကျိုင်း၊ မကျိုင်းမွန်း၊ ဝမ်အင်၊ ပန်လုံ၊ နောင်တောလော၊ နားမိုင်း ၊ ဝမ်ကျောင်း၊ နားဝမ်၊ နားမွတ်နှင့် ဟိုကွန်ကျေးရွာတို့ဖြစ်သည်။

ကျေးရွာတစ်ရွာလျှင် နိုင်ငံတော် ထောက်ပံ့ ငွေကျပ် သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၁၃၀၀ နှင့် ပြည်သူလူထု ထည့်ဝင်ငွေကျပ်သိန်း ၂၄၀ ကျော်တို့ဖြင့် ကျေးရွာတွင်း လမ်းခင်းခြင်း လုပ်ငန်း ခုနစ်ခု၊ ကျေးရွာတွင်း တံတားတည်ဆောက်ခြင်းလုပ်ငန်း နှစ်ခု၊ တွင်းတိမ်တူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်း တစ်ခု၊ ရေချိုးဆိပ်ဆောက်လုပ်ခြင်းလုပ်ငန်း တစ်ခု၊ ကျောက်စီမြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်း လေးခုကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းမြင့်မိုရ်

## သာစည်မြို့နယ်၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**သာစည် ဩဂုတ် ၂၃**

သာစည်မြို့နယ်အတွင်းရှိပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အောက်ဆီဂျင်လုံလောက်စွာရရှိနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချထားပေးမည့် အောက်ဆီဂျင်စက်နှင့် မြို့နယ်မှ စေတနာရှင်၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုများဖြင့် အောက်ဆီဂျင်ထုတ် စက်ရုံတည်ဆောက်သွားမည်ဖြစ်ရာ အောက်ဆီဂျင်စက် ထားရှိရေး စက်ရုံတည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယမန်နေ့က သာစည်မြို့ အမှတ်(၁) မင်းရန်နိုင်ရပ်ကွက်ရှိ စက်ရုံဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။



**တက်ရောက်**

ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ မိတ္ထီလာတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး သန်းနိုင်စိုး၊ မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွဋ်၊ သာစည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဇော်မင်းထူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရွှေနဂါး ပဲခွဲစက်နှင့် စက်သုံးဆီအရောင်းဆိုင်မှ 100 KVA ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ အလှူရှင် ဦးဘစံ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အဆိုပါစက်ရုံမှာ အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ Steel Structure Open Type အဆောက်အအုံဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အောက်ဆီဂျင်စက်၊ ဒေါက်တာ အရှင်စန္ဒောဘာသ (Ph.D India)၊ သာသနာ့တက္ကမဟာဓမ္မာစရိယ၊ ကြာကန်ကျောင်းတိုက် ဆရာတော်က မြေနေရာ၊ ဦးဘစံ-ဒေါ်လှဲ့လှဲ့ထွန်း မိသားစု(ရွှေနဂါး ပဲခွဲစက်နှင့် စက်သုံးဆီအရောင်းဆိုင်)က 100 KVA ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ၊ ဦးကျော်ဆန်း-ဒေါ်ခင်မိမိ(အောင်သုခ ရွှေဆိုင်မိသားစု)က စက်ရုံအဆောက်အအုံ၊ ရန်ကုန်မြို့နေ ဦးလှမောင်ရွှေ-ဒေါ်တင်တင်ဦး မိသားစုက အုတ်တံတိုင်း မျက်နှာစာ ၁၀ ခန်း၊ မြို့နယ်မှ စေတနာရှင်၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုများဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသားအကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်များအတွင်းရှိ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၄၄၄ ဦးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၄၆၁ ဦးတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်းရှိ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၄၅၀ တို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခြောက်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၇၇၅၁ ဦးတို့ကို လည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ချောင်းဆုံမြို့နယ် တောင်စွန်းကျေးရွာ မိုးစပါးမျိုးစေ့ထုတ် စံပြစိုက်ကွက် စိုက်ပျိုးထားမှု ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ ဩဂုတ် ၂၃**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၇ နာရီက ချောင်းဆုံမြို့နယ် တောင်စွန်းကျေးရွာရှိ မိုးစပါးပေါ်ဆန်းရင်မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့မှ စီးပွားဖြစ် မျိုးသန့်၊ မျိုးစေ့ထုတ်လုပ်ခြင်း ( RS to CS) မျိုးစေ့ထုတ်ကေ ၅၀ စိုက်ပျိုးထားရှိမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**မျိုးကောင်းမျိုးသန့်**

ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်း၌ အခြေခံလိုအပ်ချက်ဖြစ်သည့် အထွက်နှုန်းကောင်းမွန်စေရန်အတွက် မျိုးကောင်းမျိုးသန့်ရရှိစေရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများရရှိစေရေးနှင့် စိုက်ပျိုးရေးနည်းစနစ်ကောင်းများရရှိစေရေး ဆောင်ရွက်ပေးကြရန် မှာကြားသည်။

**လျာထားကေပြည့်မီ**

ချောင်းဆုံမြို့နယ်အနေဖြင့်မိုးစပါး ၆၅၃၇၆ ကေ စိုက်ပျိုးရန်လျာထားပြီး ယနေ့အထိ ၆၅၂၁၁ ကေ စိုက်ပျိုးနိုင်ခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၇၅ ရာခိုင်နှုန်းစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မွန်ပြည်နယ်တွင် ယခင်နှစ်အလားတူကာလတွင် စိုက်ကေ ၅၆၅၆၆၂ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ၅၂၇၁၄ ကေ ပိုမိုစိုက်ပျိုးနိုင်ခဲ့သဖြင့် စိုက်ပျိုးရာသီကုန်အထိ ရည်မှန်းစိုက်ပျိုးကေ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မွန်ပြည်နယ်တွင် ၂၀၂၁ ခုနှစ် မိုးစပါး ၆၈၅၁၀၈ ကေ စိုက်ပျိုးရန်ရည်မှန်းထားပြီး ဩဂုတ်လတတိယပတ်အထိ ၆၁၈၃၇၆ ကေ စိုက်ပျိုးနိုင်ခဲ့၍ ၉၀ ဒသမ ၂၆ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကဖြစ်

**ရေတာရှည် ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက ရေတာရှည်မြို့နယ် ညောင်ပင်ကိုင်း-ပိတောက်ခင်-ရွာသစ်လမ်း (၁/၄) မိုင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**စေတနာထားဆောင်ရွက်**

တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကဖြစ်နေသဖြင့် သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ကြရန်၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူစဉ်ကာလအတွင်း မြို့နှင့် ကျေးလက် ကွာဟမှုမရှိစေရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိဌာနအနေဖြင့်လည်း နိုင်ငံတော်ဘဏ္ဍာယိုဖိတ်မှု၊ အလေအလွင့်မရှိရလေအောင်၊ လုပ်ငန်းအရည်အသွေးပြည့်မီအောင် စေတနာထား ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ပြီး စက်ယန္တရားများဖြင့် ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်မှုကို ကြည့်ရှုသည်။

အဆိုပါ ညောင်ပင်ကိုင်း-ပိတောက်ခင်-ရွာသစ်လမ်းသည် လမ်းဦးစီးဌာနပိုင် ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတို့ကို ချိတ်ဆက်ထားသော Class A အဆင့် အမျိုးအစားဖြစ်ပြီး ရေတာရှည်မြို့နှင့် (၀/၄) မိုင်အကွာတွင်တည်ရှိကာ စုစုပေါင်းလမ်းအရှည် (၄/၀) မိုင်ရှိကြောင်း သိရသည်။

**လူဦးရေ ၃၃၇၆ ဦးကျော် အကျိုးပြု**

အဆိုပါ ညောင်ပင်ကိုင်း-ပိတောက်ခင်-ရွာသစ်လမ်းသည် ရေတာရှည်မြို့နယ်အတွင်းရှိပိတောက်ခင်ကျေးရွာအုပ်စု၊ ခင်တန်ကြီးကျေးရွာအုပ်စု၊ ဇလုပ်ကြီးကျေးရွာအုပ်စုတို့ရှိ ကျေးရွာများ အဓိကအားထားဆက်သွယ်အသုံးပြုနေရသော ကုန်ထုတ်လမ်းမကြီးဖြစ်သည့်အပြင် ညောင်ပင်ကိုင်း၊ ပိတောက်ခင်၊ တောင်နီကုန်း၊ သဲကော၊ သပြေကုန်း၊ ကြို့ပင်သာ၊ ဘိုးရှမ်းကုန်း၊ ချောင်းခွ၊ ရွာသစ် စသည့်ကျေးရွာကိုးရွာ၊ အိမ်ခြေ ၈၈၁ အိမ်၊ လူဦးရေ ၃၃၇၆ ဦးကျော်တို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဆက်သွယ်သွားလာရေးကဏ္ဍများတွင် အကျိုးပြုလျက်ရှိသော ကျေးရွာချင်းဆက် လမ်းမကြီးဖြစ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)



# နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

**ကော့ကရိတ် ဩဂုတ် ၂၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ရန်ကုတ်ကျေးရွာအုပ်စု ကမ္မရာကျေးရွာနှင့် ဆိတ်ဖူးကုန်းကျေးရွာတို့မှ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်အကြားနှင့် အသက် ၁၈ နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေးနိုင်ရေးကို ယနေ့နံနက် ၁၀ နာရီခွဲက အ-မ-က (ကမ္မာရာ) ကျောင်း၌ ကွင်းဆင်းပြုလုပ်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ ဦးစီးအရာရှိ ဦးသန်းဝင်းအောင်က ကြီးကြပ်၍ ဝန်ထမ်းများက အဆိုပါကျေးရွာများရှိ ကျေးလက်နေပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေးကို စနစ်တကျ စိစစ်ပြုလုပ်ပေးခဲ့ရာ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် စတင်ပြုလုပ်သူအမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် စတင်ပြုလုပ်သူ အမျိုးသား ၆၃ ဦး၊ အမျိုးသမီး ၈၄ ဦးတို့အား ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စောအောင်မျိုးလွင်(ပြန်/ဆက်)

# ချင်းတွင်းမြစ်နှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးလက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မိုး/ဇလ

# ပူတာအိုခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်




**မြစ်ကြီးနား ဩဂုတ် ၂၃**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပူတာအိုခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးတို့အတွက် ယမန်နေ့မွန်းလွဲပိုင်းက ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် တွေ့ဆုံသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများအတွက် ငွေကျပ် ၂၆ သိန်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးသုံးပစ္စည်းများဖြစ်သည့် အိမ်သုံးအောက်ဆီဂျင်စက် ၁၇ လုံး၊ နှာခေါင်းစည်း အခု ၃၁၈၀၀၊ မျက်နှာကာအခု ၂၀၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၀၀၀၊ လက်အိတ်အစုံ ၃၆၀၀၊ Hand Gel ဘူး ၃၀၀၊ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၀ လုံး၊ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများအတွက် ဆန်အိတ် ၃၀ နှင့် ပူတာအိုမြို့ပေါ် ပန်းလှိုင်၊ ပူတောင်းအုပ်စု၊ မန်စေအုပ်စု၊ မာမူးလဲအုပ်စုနှင့် မူလာရှီးဒီရပ်ကွက်တို့အတွက် စံနမူနာပြအဖြစ် အိမ်ခြံဝင်းဟင်းသီးဟင်းရွက်စိုက်ခင်း ဖြစ်ထွန်းအောင်မြင်စေရေး ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ငွေကျပ်တစ်သိန်းစီဖြင့် စုစုပေါင်းငွေကျပ် ငါးသိန်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ လေးဖွဲ့၊ ဘာသာရေးအဖွဲ့အစည်း ၁၄ ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ လေးဖွဲ့တို့အတွက် ငွေကျပ်နှစ်သိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၄၄ သိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ကြည့်ရှု**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့မရပ်ကွက်ရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းရှိ ခါကာဘိုရာဇီဒေသ ဇီဝမျိုးစုံမျိုးကွဲ သုတေသနစခန်းအတွင်း သုတေသနပြုလေ့လာတွေ့ရှိထားရှိမှု အခြေအနေများနှင့် ဇီဝမျိုးစုံပြတိုက်အတွင်း လေ့လာတွေ့ရှိချက်များနှင့် သုတေသနပြုတွေ့ရှိချက်များ ခင်းကျင်းပြသထားရှိမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■

# ဆေးဝါးများ လက်လီ/လက်ကား ရောင်းချသည့်အစီအစဉ် အရောင်းပြခန်း(၂) ဖွင့်လှစ်ရောင်းချ

**ရန်ကုန်  ဩဂုတ် ၂၃**
မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏စီစဉ်မှုဖြင့် ပြုလုပ်သော ဆေးဝါးများ လက်လီ/လက်ကား ရောင်းချသည့် အစီအစဉ် အရောင်းပြခန်း(၂)ကို ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



**ခင်းကျင်းပြသရောင်းချ**

ဈေးနှုန်းချိုသာသော ကိုဗစ်-၁၉ ကူးစက်ရောဂါကုသရေးဆေးဝါးများအပါအဝင် အခြားအိမ်သုံးဆေးဝါးများအား ပြည်သူများ လက်လီ/လက်ကား ဝယ်ယူနိုင်ကြစေရန် ရည်ရွယ်၍ ခင်းကျင်းပြသရောင်းချပေးနေခြင်းဖြစ်သည်။ ဈေးကွက်အတွင်း၌ ဆေးနှင့် ဆေးပစ္စည်းပြတ်လပ်မှုမရှိစေရေး၊ သတ်မှတ်အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စေရေးနှင့် ပြည်သူများ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် အိမ်သုံးဆေးဝါးများ လက်လီ/လက်ကား ရောင်းချခြင်းအစီအစဉ် အရောင်းပြခန်း(၂)ကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆေးဝါးတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ် (DIAC) ရရှိထားကြသည့် အသင်းဝင်ကုမ္ပဏီပေါင်း ၂၀ ကျော်က ပြခန်းပေါင်း ၂၀ ကျော်ဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ကုသရေးနှင့် သက်ဆိုင်သော ဆေးဝါးများအပါအဝင် အခြားအားဆေးများနှင့် ဆေးပစ္စည်း အမျိုးအစားပေါင်း ၂၀၀ ကျော်ကို ခင်းကျင်းပြသ ရောင်းချပေးနေကြောင်း မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဝင်းမော်ဖြိုးထံမှ သိရသည်။

"အရောင်းပြခန်း(၂)ဖွင့်လှစ်ပြသတဲ့ ဒီနေ့မှာပဲ ဆေးအသစ်တွေ ထပ်မံရောက်ရှိလာတာမို့ ပြပွဲလာပြည်သူတွေနဲ့ အထူးစည်ကားလျက်ရှိပါတယ်။ လက်ရှိအလုံမြို့နယ်မှာ ဖွင့်လှစ်ထားတဲ့ အရောင်းပြခန်း(၁)ဟာဆိုရင်လည်း တစ်နေ့ထက်တစ်နေ့ ရောင်းအားတက်လာသလို ခင်းကျင်းပြသရတဲ့ အချိန်တွေဟာဆိုရင်လည်း အချိန်ပိုများလာပြီး လာရောက်ကြည့်ရှု လေ့လာဝယ်ယူကြတဲ့ မိဘပြည်သူတွေအနေနဲ့လည်း စိတ်ဝင်တစား ရှိလာကြတာမို့ ပန်းဘဲတန်းမြို့နယ်က မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနမှာ ထပ်မံဖွင့်လှစ်ဆောင်ရွက်ထားတဲ့ အရောင်းပြခန်း(၂)ကိုပါ လာရောက်ဝယ်ယူအားပေးကြပါလို့ မိဘပြည်သူများကို ဖိတ်ခေါ်ချင်ပါတယ်။ လက်ရှိ ဖွင့်လှစ်ပြသရောင်းချပေးနေတဲ့ အရောင်းပြခန်း(၁)ကိုလည်း ရောင်းချမှုမရပ်နားဘဲ ဆက်လက်ဖွင့်လှစ်ရောင်းချပေးလျက်ရှိပါတယ်"ဟု မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဝင်းမော်ဖြိုးက ပြောသည်။

**တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်စေရန်**

ယခုအခါ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ကုသရေးနှင့်သက်ဆိုင်သော ဆေးဝါးများနှင့် ဆေးပစ္စည်းများအပါအဝင် ဆေးဝါးကုမ္ပဏီများမှ တင်သွင်းကြသော ဆေးဝါးနှင့် ဆေးပစ္စည်းမျိုးစုံတို့အား ကုမ္ပဏီတိုက်ရိုက်ရောင်းချဈေးနှုန်းများဖြင့် ပြည်သူများ တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်စေရန်အတွက် တင်သွင်းဆေးဝါးများ၏ Price List များကို စုစည်း၍ ယခုအပတ်မှစတင်ကာ တစ်ပတ်လျှင် တစ်ကြိမ် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ Website (www.mccpmd.org) နှင့် လူမှုကွန်ရက်စာမျက်နှာတို့မှ တစ်ဆင့် အသိပေး ကြေညာပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**သတင်း- ပွင့်သစ္စာ**
**ဓာတ်ပုံ- စိုးမြင့်အောင်**

## ဒေသခံပြည်သူများအတွက် ဆန်၊ စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော်  ဩဂုတ် ၂၃**
စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဦးလေးကျေးရွာနှင့် ငပြေမကျေးရွာတို့ရှိ ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ အိမ်သုံးဆေးဝါးများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် စိန်ကုန်းကျေးရွာရှိ ပြည်သူ အိမ်ထောင်စု ၈၄ စုတို့အတွက် ဆန်နှင့် နှာခေါင်းစည်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရမည်းသင်းမြို့နယ်တွင် နေကြာကို မိုးသီးနှံအဖြစ် စိုက်ပျိုး

**ရမည်းသင်း  ဩဂုတ် ၂၃**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ စိုက်ပျိုးတောင်သူများမှာ မိုးရာသီတွင် နေကြာကို ပဲတီစိမ်း၊ နှမ်း၊ မြေပဲ၊ ငရုတ်၊ ဝါကဲ့သို့ပင် မိုးသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

ထိုသို့ နေကြာစိုက်ပျိုးရာတွင် စားသုံးဆီအတွက် အဓိက စိုက်ပျိုးကြပြီး ပိုလျှံမှသာ ရောင်းချကြသည်။ နေကြာစိုက်ပျိုးကာလမှာ သုံးလသာဖြစ်ပြီး စိုက်ပျိုးမြေတစ်ဧကလျှင် မြေအနေအထားပေါ်မူတည်၍ တင်း ၂၀ မှ တင်း ၄၀ ဝန်းကျင် ထွက်ရှိနိုင်ကြောင်း သိရသည်။ ဆီကြိတ်ပါက နေကြာအစေ့အဆန် အောင်မြင်မှုအပေါ်မူတည်၍ နေကြာတစ်တင်းလျှင် ဆီ လေးပိဿာမှ ခြောက်ပိဿာဝန်းကျင် ထွက်ရှိနိုင်ကြောင်း သိရသည်။



နေကြာမှ ဆီကြိတ်ပြီး ထွက်လာသော နေကြာဖတ်များကို ပဲဖတ်၊ နှမ်းဖတ် ကဲ့သို့ပင် နွားစာ၊ ဝက်စာများတွင် ထည့်သွင်းကျွေးမွေးနိုင်သည်။

ယခုအခါ ရမည်းသင်းမြို့နယ်အတွင်း၌ နေကြာများ စိုက်ပျိုးပြီးဖြစ်၍ ခုတ်သိမ်းချိန်ရောက်ပါက ခုတ်သိမ်းကြပြီး ယင်းစိုက်ပျိုးမြေများအား မြေအစိုဓာတ်ရရှိမှုအပေါ်မူတည်၍ သင့်လျော်သော သီးနှံများကို ပြန်လည်စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**
**စာတည်း**



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ဥပဒေဆိုသည်ကို ရေနံ့သာခင်ခင်ကြီး များစွာမကျေနပ်။ ဥပဒေသည် တဒင်္ဂဖြစ်စဉ်အပေါ်တွင်သာ မူတည်ချမှတ်သောအရာဖြစ်သည်။ တဒင်္ဂဖြစ်စဉ်၏ နောက်ကွယ်မှ သမိုင်းကြောင်းကို မျက်ကွယ်ပြုထားတတ်သည်ဟု ထင်သည်။ ဥပဒေသည် အချိန်ကာလတည်းဟူသော ပယောဂတစ်မျိုးကြောင့် အဂတိလိုက်စားသည်ဟု . . .**

**ယမန်နေ့မှအဆက်**

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ပြုံးခဲ ရယ်ခဲသည်။ မျက်ဝန်းသည် ထာဝစဉ်လွမ်းရိပ်သန်းနေသည်။ မျက်နှာမှာ အစဉ် မှိုင်းနေတတ်သည်ဆိုခြင်းကို ရင်းနှီးသူတို့ သတိပြုမိခဲ့ကြသည်။ စကားနည်းသည်၊ စကားပြောပြီဆိုလျှင် ပြတ်ပြတ်တောက်တောက် ပြောတတ်သည်ဆိုခြင်းကို လူတို့သတိပြုခဲ့မိသည်မှာ ကြာပြီ။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သူ၏ဘဝ အကြောင်းကို မည်သည့်အခါမျှ ထုတ်ဖော် ပြောပြလေ့မရှိ။ အစပ်စုမခံ။ သည်အကြောင်း ဆိုက်ရောက်လာပြီဆိုလျှင် စကားလွှဲပြောင်းပစ်တတ်လေ့ရှိသည်။ ထို့ကြောင့် ငယ်ပေါင်းကြီးဖော် မဟုတ်ပါက ဒေါ်ရေနံ့သာ ခင်ခင်ကြီးဟူသည် ပဟေဠိတစ်ပုဒ်နှယ် ဆန်းကြယ်သော မိန်းမကြီးတစ်ယောက်အဖြစ် အထင်ရောက်ကြသည်။

တလောကပင် ယင်းအမည် သတင်းစာများ၌ ပါဝင်လာသည်ကို သတိထားကြည့်သူတို့ ဂရုပြုမိကြသည်။ ရင်းနှီးကျွမ်းဝင်သူတို့သာမက ဝေးနီးချုပ်စပ်တွင်ပင် သည်အမည် ဂယက်ရိုက်လျက် ပွဲတင်ထပ်သည်။

ဤသည်ကား ဒေါ်ရေနံ့သာခင်ခင်ကြီးက "လူတစ်ယောက်အား ရက်ရက်စက်စက် သတ်ဖြတ်လိုက်သည်" ဆိုသော သတင်းပေတည်း။

သတင်းကိုကြားရစက လူတို့သည် မိမိနားကိုပင် မယုံချင်အောင်ရှိသည်။ ဟုတ်ပါ့မလား၊ ဖြစ်နိုင်ပါ့မလား စသည်ဖြင့် ဒွိဟစိတ် ဝင်ကြသည်။

ရုံးတွင် ဒေါ်ရေနံ့သာခင်ခင်ကြီးကိုယ်တိုင်က လူသတ်မှုကို ကျူးလွန်မိပါသည်ဟု ဖြောင့်ဆိုဝန်ခံကြောင်း သိရသောအခါ လူတို့ ထိတ်လန့်အံ့သြကြရသည်။ တုန်လှုပ်ချောက်ချားကြသည်။ စင်စစ် ဒေါ်ရေနံ့သာခင်ခင်ကြီးကဲ့သို့ အဘက်ဘက်က ပြည့်စုံသူ၊ အရာရာ အဆင်ပြေသူတစ်ဦးအနေနှင့် ရန်ငြိုးရန်စမရှိပါဘဲလျက် လူတစ်ဦး၏ အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်လိုက်သည်ဆိုခြင်းမှာ ယုံနိုင်ဖွယ်ပင်မရှိ။

သို့တိုင်အောင်

မိမိ၏ အသက်လေးဆယ့်ငါးနှစ် ပြည့်မြောက်သောနေ့၊ မိမိမွေးနေ့မှာမှ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် လူသတ်မှုဖြင့် အကျဉ်းထောင်အတွင်း ရောက်ရှိနေရသည်မှာ အမှန်ပင်။

လူအပေါင်းတို့က မိမိအား ရက်စက်လှချေကလားဟု အထင်ရောက်ကြမည်။ တရားဥပဒေက အသေစားသေစေ သို့မဟုတ် တစ်သက်တစ်ကျွန်း သို့မဟုတ် ထောင်ဆယ်နှစ် စသည်ဖြင့် အပြစ်ဒဏ် ချမှတ်ခြင်း ပြုချင်ပြုပေလိမ့်မည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဥပဒေ၏ဒဏ်ခတ်မှုကို ကြည်ကြည်သာသာခံယူရန် ဆုံးဖြတ်ပြီးဖြစ်သည်။ သူ့ဘက်မှ လိုက်ပါဆောင်ရွက်ကြကုန်သော ရှေ့နေရှေ့ရပ်တို့အား "သိပ်ကြိုးကြိုးစားစား ကာကွယ်လျှောက်လဲမနေကြပါနဲ့ရှင်။ ကျွန်မထိုက်နဲ့ ကျွန်မကံ ရှိပါစေ။ ကျသမျှအပြစ်ဒဏ်ကို ခံဖို့ အသင့်ပါ" ဆိုခဲ့သည်။

ထို့အတွက် ရှေ့နေရှေ့ရပ်တို့သာမက လူအများကပင် အံ့သြကြသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် တရားသူကြီး၏ ရှေ့မှောက်တွင်ပင် မိမိတွင် အပြစ်ရှိကြောင်း၊ တကယ်တမ်း လူတစ်ယောက်ကို မိမိလက်ဖြင့် သတ်ဖြတ်ခဲ့ကြောင်း၊ ထို့အတွက် ရုံးတော်မှပေးအပ်မည့် အပြစ်ဒဏ်ကို ခံယူဖို့ အသင့်ရှိနေကြောင်း ထွက်ဆိုခဲ့သည်။ တရားသူကြီးမင်းသည် သူ၏ တစ်သက်တာ၌ ကြုံဆုံရလိမ့်မည်ဟု မထင်မှတ်ခဲ့သော အမျိုးသမီးကြီးတစ်ဦး၊ အမည်သတင်းကို အခါခါကြားဖူးလျက် ယခုမှသာ လူကိုမြင်ဖူးကာ သူ၏ ချမ်းသာကြွယ်ဝမှုနှင့် လှပမှုအတွက် စိတ်ဝင်တစားရှိခဲ့ရသော အမျိုးသမီးကြီး တစ်ဦး၏အမှုကို ကိုင်တွယ်နေရသဖြင့် ဝမ်းမြောက်မိဟန် ရှိသော်လည်း ဒေါ်ရေနံ့သာခင်ခင်ကြီး၏စကားကို ကြားလိုက်ရသည့်အခါ စိတ်မှာ မကျေနပ်နိုင်သလို ဖြစ်လာသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးအား အဘယ်ကြောင့် ထိုသူကို သတ်ဖြတ်ခဲ့လေသနည်းဟု စေ့ငုသည်။

"သူ့ကို ကျွန်မက သတ်လိုက်တာကိုသာ လူတွေက မြင်ကြတာပါ၊ ကျွန်မကို သူသတ်ခဲ့တယ်ဆိုတာကိုတော့ လူတွေက မမြင်ခဲ့ကြပါဘူး။ ဟုတ်ပါတယ်။ ကျွန်မဟာ သူ့ကြောင့် သေခဲ့တယ်။ သူ့ကြောင့်ပဲ အသက်ရှင်ရက်နဲ့ သေခဲ့ရတယ်" စသည်ဖြင့် နာကြည်းခံပြင်းစွာ ပြောပြခဲ့သည်။

သည်တော့လည်း သေဆုံးသူနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ မည်သို့မည်ပုံ အဆက်အဆံရှိခဲ့သည်၊ တစ်ချိန်က မည်သို့ဖြစ်ပျက်ခဲ့သည် ဆိုခြင်းများအပေါ် လူတို့ စိတ်ဝင်စားလာသည်။ သိနားလည်လိုလျက် ရှိကြသည်။ သို့တိုင်အောင် ယင်းအဖြစ်သည်ကား ဆက်လက်၍ ပုစ္ဆာတစ်ပုဒ်သဖွယ်သာလျှင် ရှိခဲ့သည်။ မည်သူကမျှ ဖော်ထုတ်နိုင်စွမ်း မရှိခဲ့။

သို့ဖြင့် ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုမှုခံရခြင်းတွင် သူ၏ နှလုံးသားပြဿနာက တခြား။ ဥပဒေရေးရာက တခြားအဖြစ် နားလည်ထားကြသည်။

ဥပဒေဆိုသည်ကို ရေနံ့သာခင်ခင်ကြီး များစွာမကျေနပ်။ ဥပဒေသည် တဒင်္ဂဖြစ်စဉ်အပေါ်တွင်သာ မူတည်ချမှတ်သော အရာဖြစ်သည်။ တဒင်္ဂဖြစ်စဉ်၏ နောက်ကွယ်မှ သမိုင်းကြောင်းကို မျက်ကွယ်ပြုထားတတ်သည်ဟု ထင်သည်။ ဥပဒေသည် အချိန်ကာလတည်းဟူသော ပယောဂ တစ်မျိုးကြောင့် အဂတိလိုက်စားသည်ဟု ထင်သည်။

မိမိ၏ဘဝ၊ မိမိနှင့်အသတ်ခံရသူတို့၏ ကာလများစွာက ကြောင်းရာဖြစ်ပျက်များကို မျက်ကွယ်ပြုသည်ဟု အထင်ရောက်သည်။

စင်စစ်တွင် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ သတ်ဖြတ်ခြင်းခံလိုက်ရသူမှာ သည်ဘဝ၊ သည်လောက၊ သည်အသက်၊ သည်အရွယ်အထိ သူ၏ အချစ်မြတ်နိုးရဆုံးသော လူတစ်ယောက်ဖြစ်သည်ဆိုခြင်းကို ဥပဒေသည် လုံးဝ သဘောမပေါက်ချေတကား။

သည်အတွေးကြောင့် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သဲ့သဲ့မျှ ပြုံးလိုက်မိလေသည်။ အပြုံးကား နာကြည်းခံပြင်းရခြင်းမှ တွန်းကန်ပွင့်ထွက်လာရသော အပြုံး၊ သို့မဟုတ် မဲ့ပြုံး။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မျက်လုံးများကို မှေးမှိတ်ထားလိုက်သည်။ အိပ်ပျော်အောင် ကြိုးစားမိခြင်းကားမဟုတ်။ ဝေးအတိတ်မှ ဖြစ်ရပ်များဆီသို့ စိတ်အာရုံကို လွင့်ပါးလိုက်စေခြင်းသာ ဖြစ်သည်။

ထိုအခါ

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အတွေးအာရုံသည် ကျဉ်းမြောင်းမည်းမှောင်သော အခန်းထဲမှ ရုန်းကန်တိုးထွက်သွားလျက် အဝေးကို လွင့်ပျံသွားသည်။ ရွေ့လျားသွားသည်။ လျင်မြန်သော အဟုန်ဖြင့် မိုင်ပေါင်းမြောက်မြားစွာကို တစ်ခဏချင်း ဖြတ်ကျော်နိုင်စွမ်းရှိခဲ့သည်။

အမြင်အာရုံသို့ ဖုန်းဆိုးမြေ၏အသွင်အပြင် ဝင်ရောက်လာသည်။ ကြမ်းတမ်းခြင်း၊ ခက်ထရော်ခြင်း၊ ခြောက်သွေ့ခြင်း၊ ပူလောင်ခြင်း စသည်တို့ဖြင့် ဖြန့်ကြက်ထားသော မြေပေါ်မှာ တည်ရှိနေသည့် မြင့်မားသော သံပြွမ်းစင်၊ အထုအထည်ကြီးမားသော သံလှောင်ကန်ကြီးများ၊ အစဉ်မပြတ် လှုပ်ရှားနေသော စက်ရုံများ၊ မိုးမိုးမတ်မတ် ထိုးထိုးထောင်ထောင်ရှိသည့် မီးခိုးခေါင်းတိုင်များ၊ ခေါင်းတိုင်မှနေကာ ကောင်းကင်သို့ ပျံ့လွင့်နေသည့် အခိုးအငွေ့များ၊ ရှေ့ထိုး နောက်ငင် လှုပ်ရှားနေသည့် မောင်းတံများ၊ ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေသည့် လူအများ စသည်တို့သည် အမြင်အာရုံသို့ ရောက်ရှိလာသည်။

တစ်ဆက်တည်းမှာပင် သူ၏မျက်လုံးအစုံဝယ် မောင်မောင်ဦး၊ ခင်မောင်ညွှန့်၊ ဦးအောင်ခန့်၊ ဒေါ်မြလေး၊ ဦးကောင်းမိုး၊ ဒေါ်သူဇာ၊ မဝင်းရီ၊ ကိုညိုထွန်း စသူများ၏ ရုပ်အသွင်တို့ ထင်ဟပ်လာသည်။ ထိုသူတို့နှင့်စပ်လျဉ်း၍ ငိုခဲ့ရ၊ ရယ်ခဲ့ရ၊ ဆွေးခဲ့ရ၊ တမ်းတခဲ့ရ၊ ကြည်နူးခဲ့ရ၊ နာကြည်းခဲ့ရခြင်းစသည့် ဝေဒနာများသည် ရင်ထဲမှာ ပြန်လည်ပေါ်ပေါက်လာသည်။

သို့နှင့်အမျှ

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အကြားအာရုံသို့ ရေနံ့သာခင်ခင်ကြီး၏ ရေစီးသံ၊ လှိုင်းကြက်ခွပ်သံ၊ ဂယက်ပွက်သံတို့သည်လည်း တိုးတိတ်ညင်သာသော အသံအဖြစ် သဲ့သဲ့ညင်းညင်းမျှ ပျံ့လွင့်ရောက်ရှိလာပြန်လေသည်တည်း။

x x x x x

**အပိုင်း တစ်**

မြောက်ဖျားရှိ နှင်းဆွတ်တောင်တန်းများ၊ ထူပိန်းနက်ရှိုင်းသော တောအုပ်များ၊ ကြမ်းတမ်းခက်ထရော်သော ကျောက်ဆောင်များတွင် မြစ်ဖျားခံခဲ့ကာ မာန်ဟုန်ပြင်းစွာ စီးဆင်းလာခဲ့သည့် ဧရာဝတီမြစ်အလျဉ်သည် သည်နေရာ တစ်ဝိုက်ဆီသို့ အရောက်၌ အရှင်မောဂ္ဂလန်မထေရ်မြတ်၏ အဆုံးအမ၌ တည်အံ့ဘိသော နန္ဒောပနန္ဒ နဂါးမင်းအသွင် သိမ်မွေ့ညံ့သက်သော သဘောသို့ သက်ဝင်ရောက်ရှိပြီးဖြစ်ကာ အချို့နေရာများတွင် မြွေပါးပျဉ်းနှယ် ဖြူဖွေးမတ်စောက်သော ကမ်းပါးယံကြီးများ၊ အချို့နေရာတွင် လွင်ငယ်ပမာ အပြန့်ကျယ်သော သောင်ပြင်များကိုဖြစ်ပေါ်စေလျက် မြို့ကို ချဉ်းတုံခွာတုံပြု၍ မပြတ်သောအလျဉ်ဖြင့် ထာဝစဉ် ငြိမ့်ငြိမ့်ယဉ်ယဉ် စီးဆင်းမြဲ စီးဆင်းလေရာ ... ။

ပုပ္ပားတောင်တခိုမှ စိမ့်စမ်းအသွယ်သွယ်တို့ ပေါင်းစည်းမိလျက်၊ အလယ်ပိုင်းလွင်ပြင်တစ်လျှောက်မှ သည်နေရာတစ်ဝိုက်အထိ ယင်းအမည်ဖြင့် ထင်ရှားအံ့သည်ဖြစ်၍ မိုးအခါ တောင်ကျချောင်းရိုင်းအသွင် ရေအလျဉ် ပြည့်မောက်ကြမ်းတမ်းစွာ၊ နွေအခါ စိမ့်စမ်းအသွင် ညင်ညင်သာသာ ရွေ့လျားရာ ချောင်းတစ်သွယ်သည် မိခင်ရင်ငွေ့ကို ခိုလှုံအံ့ဘိသည့် သားငယ်အသွင် လာရောက်ပူးပေါင်း စီးဝင်လေရကာ၊ ရေအလျဉ်နှစ်သွယ်အကြားမှာ ကြက်လျှာစွန်း သဏ္ဌာန်တည်ရှိပြီး အံ့ကိုးပါးဖြင့် အနားသတ်ထားသည့် ယင်းနေရာကို ပဝေရှေးက "ဆိပ်သာကွန်းထောက်မြို့"ဟု ခေါ်ဝေါ်သမုတ်အပ်လျက် အနောက်မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းနှင့် ထီးပြိုင်နန်းပြိုင် တကောင်းပြည့်ရှင် ဘုရင်ဇမ္ဗူဒီပဓဇမင်းလက်ထက်ဆီကတည်းကပင် သည်မြို့၏သမိုင်း ရေးရေးမျှ စခဲ့ချေ၏။

သည်စဉ်က ဧရာဝတီမြစ်သည်ပင် သည်အနီးအနားတွင် သမုဒ္ဒရာသို့ စီးဝင်ရလေသော အဟုန်ရှိသည်ဆို၏။ အလွန်သာယာချမ်းမြေ့ဖွယ်သော ဆိပ်ကမ်းတစ်ခုသည် ယခုအခါ မင်းလင့်တောင်အနီးတစ်ဝိုက်မှာ ရှိခဲ့ဖူးသည်ကို အစွဲပြု၍ ဆိပ်သာကွန်းထောက်မြို့ဟု ခေါ်စမုတ်တွင်ခဲ့သည်ဟု ယူမှတ်ကြသည်။

ကျောက်မဆင်၊ ကျောက်မိကျောင်း၊ စကြည်တောင်၊ ရွှေကျို့ပင်၊ လင့်တပင်၊ မင်းလင့်တောင်၊ ဇလေးလုံး၊ ပျားကြီးတောင်၊ တောင်ခမောက်တို့သည်ကား သည်နေရာ အဝန်းအဝိုင်း၏ နယ်နိမိတ်အံ့ကိုးပါးတည်း။

ပုဂံသက္ကရာဇ် ၂၆၈ - ခုနှစ်တွင် ပုဂံပြည့်ရှင် တန်နက်မင်းမှာ မင်းအမျိုးအနွယ်ဖြစ်သော မြင်းခံတော် စလေငခွေးလုပ်ကြံ၍ ကံတော်ကုန်သည်။ စလေငခွေး နန်းတက်ရာဝယ် တန်နက်မင်း၏ မိဖုရားနှစ်ပါးသည် ပဋိသန္ဓေကို ထိန်းသိမ်းအံ့သောငှာ ဆွေတော်မျိုးတော်တို့နှင့်အတူ ပုဂံပြည်မှ တိမ်းရှောင်လာခဲ့သည်။ ကံမရွာဟုခေါ်သော အရပ်သို့ အရောက်တွင် ကံကောင်းထောက်မ၍ သည်အရပ်သို့ ရောက်ရလေသည်ဟု မြွက်ကြားခဲ့သည်ကို အစွဲပြု၍ "ကံမရွာ" ဟု ယခုတိုင် တွင်သည်။ ကံမရွာတွင် မိဖုရား၏ ဆွေတော်မျိုးတော်အချို့ စတည်းချသည်။ အိမ်ထောင်စုံ ဆွေတော်မျိုးတော် ဆယ့်နှစ်ဦးတို့မှာ ယင်းဆိပ်သာကွန်းထောက်သို့ ရောက်သည်။ မိဖုရားကား ကျောင်းဖြူအရပ်တွင် စံနေသည်။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# စိတ်အားသတ္တိ

ပီမိုးနင်း

တစ်စုံတစ်ရာကို လူသည် တောင့်တသည့်အခါ ဒိဋ္ဌရမည်ကို သိသည်နှင့်တစ်ပြိုင်တည်း စိတ်၏တန်ခိုး ဝေးလ်ပါဝါကင်းပျောက်မြဲဖြစ်လေသည်။ ထိုတန်ခိုးကိုထုတ်ရခြင်းသည် လိုသောအရာကို မရနိုင်သေးကြောင်း သက်သေဖြစ်လေသည်။ သို့ဖြစ်သောကြောင့် ကျန်းမာခြင်း၊ ရောဂါပျောက်စေလိုခြင်းမှစ၍ တစ်စုံတစ်ရာကို အလိုရှိသည့်အခါ ဝေးလ်ပါဝါကိုထုတ်ခြင်း၊ စိတ်ကိုတင်းခြင်း၊ အံကြိတ်ခြင်းသည် ခက်ခဲခြင်း၏ကြီးမားခြင်းကို ဝန်ခံရာရောက်သဖြင့် ရဖို့ခက်လေသည်။

အမှန်ဒိဋ္ဌရမည်ဟု ယုံကြည်ပြီးသောစိတ်၌ ထိုကဲ့သို့အားတင်းရန်မလိုပေ။ အားတင်းမည်လည်း မဟုတ်ပေ။ သို့ဖြစ်သောကြောင့် ဤစိတ်ပညာကျမ်း၌ ထိုထိုအခြားများစွာသော စိတ်ပညာဆရာများ ဟောပြောသော ဝေးလ်ပါဝါကို ပစ်ပယ်ခြင်းဖြစ်လေသည်။ ဤတွင် အေမလီကွေး၏နည်းသည် အခြားနည်းများနှင့် ခြားနားလေသည်။

သို့ဖြစ်လေရာ တစ်စုံတစ်ရာကို အလိုရှိ၍ တောင့်တရာ၌ ဤစိတ်အားသတ္တိထုတ်ခြင်းကို လုံးလုံးကြီးကင်းမဲ့စေရမည်။ စိတ်ချလက်ချယုံကြည်သောစိတ်နှင့် ထင်မြင်ကာ သောကပူပန်ခြင်းတည်းဟူသော အနှောင့်အယှက်တို့ကို ရှင်းလင်းနိုင်သူသည် လိုရာကို အမှန်ရနိုင်လေသည်။ ကျန်းမာခြင်းကိုသိလိုလျှင် ကျန်းမာခြင်းရ၏။ ရောဂါပျောက်လိုလျှင် ရောဂါပျောက်၏။ ကြေးငွေဥစ္စာကိုလိုလျှင် လူသတ္တဝါတို့ မီနိုင်သောအရာမှန်က မည်သည့်အရာမဆိုရနိုင်လေသည်။ မယုံမရှိအပ်၊ စိတ်ချပါကုန်။ ဤအရာ၌ လက်တွေ့များခဲ့လှလေပြီ။

စာရေးသူသည် စည်းစိမ်ဥစ္စာထက် ပညာနှင့်နာမည်ကျော်ကြားခြင်းကို ငယ်စဉ်ကပင် ပိုမို၍လိုလားခဲ့၏။ ဤစကားသည် အရိုးခံအတိုင်း ဝန်ခံခြင်းဖြစ်လေသည်။ သို့သော်လည်း တစ်ခုကိုရလျှင် အခြားဆိုင်ရာ ပတ်သက်ရာတို့သည် ပါဝင်မြဲဖြစ်ရာ ဝင်ငွေကြေးဥစ္စာမှာ နာမည်လောက် မလိုလားသော်လည်း မကင်းသောဆက်သွယ်ခြင်းကြောင့် ဝီရိယထုတ်သည်ထက် ပိုမို၍ရ၏။ အမျိုးမျိုးသောအရာတို့ကို တောင့်တထင်မြင်ခြင်းဖြင့် မတွေးမခေါ်မျှော်လင့်ဖွယ်မရှိသောနေရာတို့၌ အခါခါရဖူးလေသည်။

အမှန်ယုံကြည်လျှင် အမှန်ရ၏။ ယုံကြည်ခြင်းစင်ကြယ်သလောက် အကျိုးမှာထင်ရှားနိုင်လေသည်။

ဥပမာ – သင့်မှာ ငွေကြေးအဘယ်၍ အဘယ်မျှကို လိုချင်သည်ဟု တောင့်တကာထင်မြင်ရ၏။ ရလိမ့်မည်ဟူ၍လည်း ယုံကြည်၏။ သို့ပါလျက် မရဘဲနေအံ့။ အဘယ်အတွက်ကြောင့်ပေနည်းဟု မေးဖွယ်ရှိလေသည်။

ဤအရာ၌ ယုံကြည်ခြင်းမှာ အသင်၏စိတ်ကို တစ်နည်းအားဖြင့် လှည့်စားနေသည်ဟု ဆိုရပေမည်။ အကြောင်းမူကား တောင့်တသောအရာအတွက် အသင်၏စိတ်မှာ တစ်နည်းနည်းအားဖြင့် ပူလောင်ခြင်း၊ ကြောင့်ကြခြင်းဖြစ်၍နေပေလိမ့်မည်။ သို့ပူလောင်ခြင်းသည် ကြောင့်ကြခြင်းရှိသမျှ အသင်၏ယုံကြည်ခြင်းသည် အစစ်အမှန်ဟု မဆိုနိုင်ပေ။ နောက်၌ ဖော်ပြမည်ဖြစ်သောနည်းများအတိုင်း လိုသောအရာကိုရဖို့ရန် နံနက်၊ ညဦ့အချိန်ထား၍ အာရုံပြုသော်လည်း အခြားအချိန်များ၌ ထိုအရာအတွက် ကြောင့်ကြပူပင်၍နေချေက ထိုကြောင့်ကြပူပင်သောစိတ်သည် အချိန်သတ်မှတ်၍ အာရုံပြုရာ၌ထားရှိသော ယုံကြည်ခြင်းကို ဖျက်ဆီး၍ပစ်နိုင်လေသည်။

ဥပမာ နံနက် ၁၅ မိနစ်၊ ညဦ့ ၁၅ မိနစ် တစ်စုံတစ်ရာကို ဖြစ်မြောက်အောင်မြင်ဖို့ရန် စိတ်ချလက်ချယုံကြည်ကိုးစားစူးစိုက်စွာ ဆင်ခြင်ပြီးနောက် အခြားအားလပ်သောအချိန်များမှာ ထိုကိစ္စနှင့်ပတ်သက်၍ ရင်ထဲတွင်တလေးလေးနှင့် ကြောင့်ကြ၍နေချေက နံနက်နှင့်ညဦ့ကြိုးစားသမျှ စိတ်တန်ခိုးများကို ဖျက်ဆီးပစ်ရာသို့ရောက်နိုင်လေသည်။

သို့ဖြစ်လေရာ တစ်စုံတစ်ရာကို ဖြစ်မြောက်လိုသည့်အခါ ဖြစ်မှာမဟုတ်ပါဘူး၊ ဖြစ်မှဖြစ်ပါ့မလား၊ ဒီရောဂါပျောက်မှာမဟုတ်ပါဘူး၊ ဆရာဝန်ကဘယ်လိုပြောတာပဲ စသည်ဖြင့် တွေးခြင်း၊ စိတ်ပူခြင်း၊ ကြောင့်ကြခြင်း ပေါ်ပေါက်၍လာသည့်အခါတိုင်း မေ့လျော့ဖျောက်ဖျက်ပစ်ရမှာပဲ၊ ဒီရောဂါပျောက်တော့မှာပဲဟူ၍ ပေါ့ပေါ့ဆဆတွေးကာ စိတ်ကိုကြည်လင်စွာထားတတ်သောအလေ့ကို ဖြစ်စေရာ၏။ ထိုအကျင့်ကိုရသောအခါ စိတ်၏သုခကို အထူးဖြစ်စေသော အခြားနည်းလမ်းများကို ရရှိနိုင်မည်ကား အောက်ပါအတိုင်းပေတည်း။

စိတ်ကိုနိုင်ခြင်းသည် အကြီးဆုံးသောတန်ခိုးသတ္တိဖြစ်လေသည်။ အသေးအဖွဲ့မှတ်ထင်ရသော အရာလေးများ၌ လောဘ၊ ဒေါသ၊ မာန၊ မခံချင်ခြင်း စသည့် စိတ်ကိုဖျောက်ဖျက်တတ်သောအလေ့ကို ရအောင်ကြိုးစားအပ်လေသည်။

**ထိုစိတ်သည် မနိုင်နိုင်သောစိတ် မဟုတ်ပေ။ လေ့ကျင့်လျှင် နိုင်နိုင်လေသည်။ ထိုစိတ်ကိုနိုင်သောနှလုံးသည် တန်ခိုးရောင်ခြည် အမြဲဖြာလျက် မျက်နှာမှာပင် ထွန်းလင်း၍နေတတ်လေသည်။ ထိုပုဂ္ဂိုလ်၏အကြံအစည်များ၌ စိတ်၏တန်ခိုးသည် အတားအဆီးအပိတ်အဆို့မရှိသော ရေပွွန်မှရေသည် အဟုန်နှင့်ထွက်သည့်အလား တန်ခိုးအရှိန်ကြီးမားလျက် သကြားစက်၊ ရေခဲစက်၊ ဂျုံစက် ဓာတ်အားစက်ကြီးများကိုပင် မောင်းနှင်နိုင်သော ရေဟုန်နှင့်တူလေသည်**

ငွေကြေး အဘယ်မျှပင်ကြွယ်ဝ၍ ပေးကမ်းခြင်းအရာ၌ အနှမြောအစုံမက်မရှိသော်လည်း မနှမြောတန်သောအရာကလေးများမှာ နှမြောတတ်၏။ ငွေတစ်သောင်းကုန်လှူ၍နေခိုက်မှာ ဈေးမှ တောင်းကိုရွက်၍လိုက်လာသော ကူလီကုလားအပေါ်၌ တစ်ပြားပို၍ပေးရမည့်အတွက် နှမြောတတ်၏။ သူငယ်ချင်းအပေါင်းအဖော်များနှင့် ငွေကြေးမြောက်မြားစွာ အကုန်ခံလျက် ပျော်ပါးစားသောက်နေခိုက်မှာ ဝီစကီဖန်ခွက်မှောက်၍ လက်နှစ်သစ်လောက် ဖိတ်၍သွားလျှင်နှမြောတတ်၏။ မိမိဂုဏ်ကျက်သရေ အခြေအနေစီးပွားဥစ္စာကို မထိခိုက်လောက်သော မခံချင်စရာစကားလေးတစ်လုံး ပြုမူပုံတစ်ခုခုကို ခံရသည့်အခါ တွေးတောကာ စိတ်မကောင်းဖြစ်၍နေတတ်လေ၏။

သတင်းစာဆရာဖြစ်စက သတင်းစာ၌ အခြားသူတစ်ယောက်ယောက်က မခံချင်ဖွယ်ရာစကားကို အသုံးပြုလျက် ရေးသည့်အခါတွင် မခံချင်၊ မခံနိုင်ဖြစ်ပြီးလျှင် အရေပါးနုနုကလေးကို သဲကြမ်းနှင့် ပွတ်သည့်အလား နာကျင်၍သွားသဖြင့် အိပ်ရာ၌ပင် မခံချင်သောစိတ်နှင့် တွေးတောကာ ဒေါသဖြစ်၍နေမိ၏။

တစ်ရံသောအခါ၌ အလကားဟာပဲ၊ လေပဲ၊ မိမိကိုယ်ကို လူကောင်းတစ်ယောက်လို ယုံကြည်စွဲမှတ်ပြီး ဒါကလေးမျိုးအတွက် ဤမျှလောက် နာကျင်၍နေသင့်သလားဟူသော မေးခွန်းဖြင့် ဖြေမိလေ၏။ ထိုအခါမှစ၍ မခံချင်သည့်အရာတိုင်း ထိုနည်းဖြင့် စိတ်ကိုဖြေခဲ့ရာ ချမ်းသာခြင်းတစ်ခုကို တိုးတက်ရရှိခဲ့လေသည်။

မခံချင်သောစိတ်ကြောင့် ကျွန်ုပ်တို့လူမျိုးမှာ လူသတ်မှုများဖြစ်ကြရ၏။ ခိုက်ရန်ဖြစ်ပွားရ၏။

ထိုစိတ်ကို အလိုလိုက်သူတို့မှာ အတုံ့အလှည့် မပြန်ရသေးသမျှကာလပတ်လုံး စိတ်ဆင်းရဲ၍နေ၏။ အတုံ့အလှည့်ပြန်ခွင့်ရသောအခါ၌လည်း ကြီးစွာသောဘေးဒုက္ခနှင့်သော်လည်းကောင်း တွေ့တတ်၏။ အရှက်တကွဲသော်လည်းကောင်း ဖြစ်တတ်၏။

၎င်းတို့စိတ်တွင် တစ်ဖက်သားပြောပြသမျှ ပြုမူသမျှ၌ အထအနကောက်လျက် အမြဲအားဖြင့် မကောင်းသော အလွဲအမိပ္ပာယ်တို့ကိုသာ ကောက်ယူတတ်လေသည်။

အကြောင်းမူကား အခါများစွာသဘောရိုးပြောဆိုပြုမူသူများမှာ အထင်လွဲခြင်းခံကြရလေသည်။

ဘာလို့ခံနေရတာလဲ၊ သင်းက ဒီလိုပြောရင် ဟိုလိုပြန်ပြောလိုက်ပါလား။ ဘယ်လိုမှ အညံ့မခံနဲ့ ဟူသောစကားမျိုးဖြင့် ကလေးများစိတ်ကို အဆိပ်ဖြစ်အောင် ပြုကြလေသည်။ သို့ပြုကြသဖြင့် မြန်မာပြည်၌ ရာဇဝတ်မှုများ၍နေခြင်း ဖြစ်လေသည်။ အမေရိကတိုင်း၌ ရာဇဝတ်မှုများသော်လည်း ကျူးလွန်သူများသည် ဤနည်းမျိုးနှင့် ကျူးလွန်ခြင်းမဟုတ်၊ ရပေါက်ရလမ်းအတွက် ရာဇဝတ်မှုကို ကျူးလွန်ကြရလေသည်။

ထိုစိတ်သည် လွန်စွာဆင်းရဲစေ၏။ မိမိနှင့် အဖက်မတန်အောင် နိမ့်ကျသောတစ်ယောက်ယောက်က မခံချင်အောင် ပြုသည့်အခါ မလေးမစား မနေတတ်ခြင်း၊ လျစ်လျူမရှုခြင်းကြောင့် စိတ်ပင်ပန်းရုံမက ဣန္ဒြေပျက်ကြရလေသည်။

မိမိဘာသာတစ်ကိုယ်တည်း လူကောင်းလုပ်၍ နေဖို့ရန် များစွာလွယ်ကူ၏။ သစ်တစ်ပင်အောက် ဝါးတစ်ပင်အောက်မှာ သူတော်ကောင်းဖြစ်ဖို့ မခက်ပေ။ အဟုတ်တကယ် မခံချင်အောင် ပြုမူခြင်းခံရသောအခါကျမှ သူတော်ကောင်းအလုပ်မလွယ်ကြောင်း သိရသည်။ သတ္တဝါအပေါင်းတို့၏အပေါ်၌ မေတ္တာစိတ်ကို ထားနိုင်၏။

မိမိအကြောင်းကို မတရားသဖြင့်ပြောသော ဆွေမျိုးသားချင်း၊ အဟုတ်တကယ် မုန်းစရာကောင်းအောင် ပြုမူကျင့်ကြံသော ဆွေမျိုးတစ်ယောက်နှင့် တကယ်တွေ့သည့်အခါ ပါးကိုရိုက်ချင်သောစိတ်ပေါ်၍အလာမှာ တကယ်စိတ်ကိုချုပ်ပြီး အလကားဟာပဲလေ အရေးမစိုက်လောက်ပါဘူးဟူသောစိတ်ကို ထားဖို့ရန်ကား လွယ်သောအရာမဟုတ်ပေ။ မနိုင်၍ သည်းခံရခြင်းသည် လွယ်ကူ၏။ နိုင်လျှင်သည်းသည်းခံမှ အမှန်သူတော်ကောင်းဖြစ်လေရာ ထိုစိတ်ကို မနိုင်သူ၏ဘဝသည် လွန်စွာဆင်းရဲ၍ ထိုစိတ်ကို နိုင်သူ၏ဘဝမှာ ရေချမ်းအိုးကို နှလုံး၌ ပိုက်ချီထားရသည့်အလား လွန်စွာမှချမ်းသာလေသည်။

ထိုစိတ်တို့သည် အမြဲကပ်၍ ရှိုက်မြိုက်လောင်ကျွမ်းစေသော ငရဲမီးများ ဖြစ်ကြလေသည်။

ထိုစိတ်သည် မနိုင်နိုင်သောစိတ် မဟုတ်ပေ။ လေ့ကျင့်လျှင် နိုင်နိုင်လေသည်။ ထိုစိတ်ကိုနိုင်သောနှလုံးသည် တန်ခိုးရောင်ခြည်အမြဲဖြာလျက် မျက်နှာမှာပင် ထွန်းလင်း၍နေတတ်လေသည်။ ထိုပုဂ္ဂိုလ်၏ အကြံအစည်များ၌ စိတ်၏တန်ခိုးသည် အတားအဆီးအပိတ်အဆို့မရှိသော ရေပွွန်မှရေသည် အဟုန်နှင့်ထွက်သည့်အလား တန်ခိုးအရှိန်ကြီးမားလျက် သကြားစက်၊ ရေခဲစက်၊ ဂျုံစက် ဓာတ်အားစက်ကြီးများကိုပင် မောင်းနှင်နိုင်သော ရေဟုန်နှင့်တူလေသည်။ ထိုစိတ်ကိုမနိုင်သူတို့မှာ တန်ခိုးအရှိန်အဝါ ဖြောင့်စွာမထွက်နိုင်သဖြင့် အားစွမ်းသတ္တိ ညံ့ဖျင်းမှေးမှိန်ရုံမက ဒေါသမီးဒေါသခိုးများ ပိတ်ဆို့ကာရံ၍နေသဖြင့် မှောင်ကျလျက်ရှိသောကြောင့် သတ္တိတန်ခိုးထွက်ပေါ်ခြင်းမှာ လမ်းမဖြောင့်ဘဲ ရှိနေလေသည်။ မနာလိုခြင်း၊ မုန်းခြင်း၊ မခံချင်ခြင်း၊ နှမြောခြင်း ဤစိတ်တို့ကင်းစေရမည်။

ဤကား နားထောင်၍ကောင်းအောင် ရေးသော တရားစကားမဟုတ်၊ မကောင်းသော (Emotion) စိတ်တို့သည် အသွေးအသားအာရုံကြောများ၌ အဆိပ်ဓာတ်နှင့်တူသော အလေ့အမှိုက်၊ အညစ်အကြေးများကို အဟုတ်ဖြစ်စေကြောင်း လောကဓာတ် ဓာတုဗေဒနည်းဖြင့် စမ်းသပ်တွေ့ရှိပြီး ဖြစ်လေသည်။

ကျွန်ုပ်တို့မြန်မာလူမျိုးများမှာ မနောကံကို ထိန်းကြပ်ချုပ်တည်း၍ မရနိုင်ဟု စွဲမှတ်၍ထားတတ်ကြသည်။ စင်စစ်မှာ စိတ်ကိုနိုင်အောင် ထိန်းခြင်းအလုပ်၌ လေ့ကျင့်ခန်းမရှိသောကြောင့် ဤမှားသောအယူကို စွဲ၍နေကြလေသည်။ အလေ့ရှိသောအခါ ခက်ခဲခြင်းမရှိပေ။ ကိလေသာကာမဂုဏ်စိတ်ကိုပင် ချုပ်တည်းလျှင်ရနိုင်ကြောင်း ယောကျ်ားနှင့် မိန်းမ တွဲ၍ကရာ၌ ဂုဏ်သရေရှိလူကြီးလူကောင်းများ၏ စိတ်ထားပုံကို ထောက်သဖြင့် သိနိုင်လေသည်။

"အတွေ့ကို မရှောင်နိုင်" ဟူသောစကားသည် မမှန်စကားဖြစ်ကြောင်း ဓားမကူးဆရာတော်က သက်သေပြခဲ့လေသည်။ ၎င်းပုဂ္ဂိုလ်မှာ လုံးလုံးမရှောင်သော်လည်း အရှောင်ဘက်အနိုင်ဘက်မှာ ပို၍များလေသည်။ ဆီဦးထောပတ်ကို မှီဝဲနိုင်သော၊ ဘုန်းကြီးသော ပုဂ္ဂိုလ်လည်းဖြစ်၏။ တွေ့ရသော အချိန်မှာ ကာမဂုဏ်ကို အထူးနိုးကြွစေသော အချိန်နှင့် အခြေအနေလည်းဖြစ်၏။ အဘယ်အခါမှ မတွေ့ရသဖြင့် မွတ်သိပ်ပူလောင်၍နေသည်မှာလည်းမှန်၏။ သို့ပါလျက် အဆုံးကိုရှောင်နိုင်ခဲ့သည်မှာ လူသည် မိမိ၏စိတ်ကို ထိန်းနိုင်သောတန်ခိုးသတ္တိနှင့် ကောင်းစွာပြည့်စုံကြောင်း ထင်ရှားသော သက်သေ ဖြစ်လေသည်။

ပစ္စည်းဆုံးပါးသည့်အခါ နှမြော၏။ ဤလောကမှာ မဆုံးပါးမပျက်စီးသူမရှိ။ ရှာဖွေကြရခြင်းမှာ ကုန်ကျဆုံးပါးဖို့အတွက်သာ ဖြစ်သည်ဟူသော ဆင်ခြင်နည်းဖြင့် ဖြေဖျောက်တတ်သောအကျင့်ကို ရသောအခါ စီးပွားပျက်၍ ဥစ္စာရှုံးမဖြစ်နိုင်ပေ။

အလဟဿကုန်တာမို့ နာမည်ကြီးတာပဲ ဟူသောစကားကိုလည်း ပြောတတ်ကြပေသည်။ ကုန်ခြင်းသာ ပဓာနပဲ၊ အဘယ်နည်းနှင့်ပဲ ကုန်စေကာမူ ဘာထူးသလဲ။ ငါ့လို အလဟဿကုန်သူတွေ အများကြီးပဲ၊ ရှင်ဘုရင်များတောင်မှ နန်းကျကြသေးတာပဲ။ ငါလူကောင်း လူချမ်းသာဟု ငါ့ကိုယ်ငါ စွဲမှတ်ပြီး ဒီလိုနှမြောနေခြင်းဟာ လူကောင်းလူချမ်းသာဖြစ်ခြင်းနှင့် ဖီလာကြီးပဲ။ နှမြောလို့ ပြန်ရဦးမှာလား၊ မရနိုင်သောအရာကို ဘယ်အတွက် နှမြောရပါသလဲ ဟူသောနည်းမျိုးဖြင့် ဖြေလျှင် နှမြောခြင်း ပြေပျောက်ကာ လောကနိဗ္ဗာန်ကလေးတစ်ပိုင်းကိုရသည်နှင့် တူလေသည်။ ထိုပုဂ္ဂိုလ်မျိုး၏သုခစည်းစိမ်သည် နှမြောသူများ မသိမတွေ့ မခံစားရသော ထူးမြတ်သောစိတ်၏စည်းစိမ်ဖြစ်လေသည်။ ။

# အခြေခံစားကုန်နှင့် အိမ်သုံးဆေးဝါးများ ရွေ့လျားဈေးကားစနစ်ဖြင့် ဈေးနှုန်းသက်သာစွာ လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် အခက်အခဲအမျိုးမျိုး ကြုံတွေ့ရလျက်ရှိပြီး စားရေးအခက်အခဲများနှင့် အခြေခံ အိမ်သုံးဆေးဝါးအခက်အခဲများကိုလည်း ရင်ဆိုင်ကြုံတွေ့လျက်ရှိကာ နည်းလမ်းအမျိုးမျိုးဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

**ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး**

သို့ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုရင်ဆိုင်ကြုံတွေ့နေရသည့် စားရေးနှင့် အခြေခံအိမ်သုံးဆေးဝါးများ အလွယ်တကူ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက်လည်း လုပ်ဆောင်ပေးလျက်ရှိသည်။

ထိုသို့ လုပ်ဆောင်ပေးလျက်ရှိရာ လူဦးရေထူထပ်ပြီး ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စားရေးအခက်အခဲမရှိစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့၏ ဦးဆောင်မှုနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၊ ဆီလုပ်ငန်းရှင်များအသင်းနှင့် ဆန် Exporter ကုမ္ပဏီကြီးများက ရွေ့လျားဈေးကားစနစ်ဖြင့် အခြေခံစားကုန်များကို မြို့နယ်အသီးသီးရှိ ဝန်ထမ်းအိမ်ရာများ၊ လူနေရပ်ကွက်များသို့ သက်သာသောဈေးနှုန်းများဖြင့် သွားရောက်ရောင်းချပေးနိုင်ခဲ့ခြင်းကြောင့် စားရေးအခက်အခဲဖြစ်ပေါ်နေမှုများကို တစ်ဖက်တစ်လမ်းမှ ဖြေလျှော့ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်**

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး၊ ဆေးဝါးများအားအရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူရရှိနိုင်စေရန်အတွက်လည်း အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် ကမ်းနားလမ်း အမှတ်(၁၀၄/၁၀၈) ၌ ဩဂုတ် ၁၉ ရက်မှစ၍ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဝင် ကုမ္ပဏီ ၂၇ ခုမှ အိမ်သုံးဆေးဝါး ၃၂၃ မျိုးကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ခဲ့သည်။



တာမွေမြို့နယ်၌ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများအား ရွေ့လျားဈေးကားများဖြင့် လိုက်လံရောင်းချပေးစဉ်။
ဓာတ်ပုံ - နိုင်လင်းအောင်(ပြန်/ဆက်)

ယနေ့တွင်လည်း တာမွေမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လှည်းကူးမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် သာကေတမြို့နယ်များ၌ အခြေခံစားကုန်များကို လည်းကောင်း၊ အလုံမြို့နယ်၊ ကမ်းနားလမ်းအမှတ်(၁၀၄/၁၀၈)၊ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံတို့၌ ဆေးနှင့် ဆေးပစ္စည်းရောင်းချသော ကုမ္ပဏီ ၄၃ ခုမှ အိမ်သုံးဆေးဝါး ၄၄၉ မျိုးကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိရာ မိဘပြည်သူများအနေဖြင့် လွတ်လပ်စွာဝယ်ယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**မင်္ဂလာဒုံ ဩဂုတ် ၂၃**

မင်္ဂလာဒုံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် အခြေခံလူတန်းစားပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ရပ်ကွက်/ကျေးရွာများ၌ စာရင်းကောက်ယူ၍ စေတနာရှင်အလှူရှင်များကို ဖိတ်ကြားပြီး လှူဒါန်းပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်ပြီး ဘုန်းတော်ကြီးကျောင်း ၄၈၁ ကျောင်း၊ သီလရှင်ကျောင်း ၁၆၆ ကျောင်းနှင့် အခြေခံလူတန်းစား အိမ်ထောင်စုများကို အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုးဖြစ်သည့် ဆန်၊ ဆီ၊ ကြက်ဥ၊ ယမ်ယမ်(ခေါက်ဆွဲ)၊ ကြာဆံတို့ကို စုပေါင်းပြီး စေတနာအလှူရှင် ပရဟိတ လူမှုအဖွဲ့အစည်းများဖြစ်ကြသည့် ကျော်ကုမ္ပဏီ၊ ရွှေစကြာ မော်တော်ယာဉ်လိုင်း၊ မင်္ဂလာဒုံ ရတနာဓာတ်ဆီဆိုင်များရှိ ဝန်ထမ်းများက ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်း၊ အိမ်ထောင်စု ၁၀၀၀ ရှိ နေအိမ်များတွင် နေထိုင်ကြရသည့် အခြေခံ လူတန်းစားအိမ်ထောင်စုများသို့ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့ကြသည်။



ထိုသို့လှူဒါန်းရာတွင် မြို့နယ်သံဃနာယက ဆရာတော်နှင့် ရပ်ကွက်/ကျေးရွာ သံဃနာယက ဆရာတော်များကို ဝတ္ထုငွေကျပ် ၅၀၀၀၀ စီနှင့် ဆန် ၁၆ ပြည်ပါ ဆန်တစ်အိတ်စီ၊ ဘုန်းကြီးကျောင်းများကို တစ်ကျောင်းလျှင် ဆန် ၁၆ ပြည်ပါ ဆန်တစ်အိတ်စီနှင့် ဆီတစ်ပိဿာစီ၊ သီလရှင်ကျောင်းတစ်ကျောင်းလျှင် ဆန် ၁၆ ပြည်ပါ ဆန်တစ်အိတ်စီနှင့် ဆီ ၅၀ ကျပ်သား တစ်ဘူး၊ ကြက်ဥ တစ်ကတ်၊ ခေါက်ဆွဲ တစ်ဘူး၊ အိမ်ထောင်စု ၁၀၀၀ အတွက် ဆန် ခြောက်ပြည်ပါ ဆန်တစ်အိတ်၊ ဆီ ၅၀ ကျပ်သား တစ်ဘူး၊ ခေါက်ဆွဲ တစ်ဘူး၊ ကြက်ဥ ၁၀ လုံး၊ ကြာဆံတစ်စည်းတို့ကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ လှူဒါန်းပေးခဲ့ကြကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေး အထောက်အကူပြုကော်မတီထံမှ သိရသည်။ **ဉာဏ်ဟိန်း**

❍ **ကျောဖုံးမှ**

အလားတူ မြို့နယ်ကိုဗစ်ကော်မတီအနေဖြင့် ပွဲတန်ဆာ၊ ပိန်းဇလုပ်၊ မဒေါက်မြို့များတွင်လည်း ပြည်သူများထံသို့ နေ့စဉ်သွားရောက်လှည့်လည်ကာ ဆန်များအား ဈေးနှုန်းချိုသာစွာဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

❒ **ကမ္ဘာ့ဈေးကွက်မှ**

“Pilkerton ထောပတ်မျိုးတွေကို ဒီနှစ်မှာ စမ်းသပ်စိုက်ပျိုးတာ အောင်မြင်ဖြစ်ထွန်းကြတဲ့အတွက် လာမယ့်နှစ်မှာ တိုးချဲ့စိုက်ပျိုးသွားမှာပါ။ တချို့ဒေသတွေမှာ ရာသီဥတုကပူပြင်းတဲ့အတွက် ဟက်(စ်)ထောပတ်သီးမျိုးက အထွက်နှုန်းလျော့တယ်။ အဲဒီနေရာတွေမှာ Pilkerton မျိုးတွေကို ရွေးချယ်စိုက်ပျိုးသွားမှာပါ။ ရာသီဥတု အခြေအနေနဲ့ ပင်လယ်ရေမျက်နှာပြင် ပေ ၃၀၀၀ အောက်ဆိုရင် Pilkerton မျိုးက သင့်တော်ပါတယ်။ ဒီမျိုးက Export ဝင်မျိုးတွေပါ။ ဒေသမျိုးတွေထက်စာရင် ဒီမျိုးတွေက ကမ္ဘာ့ဈေးကွက်မှာ ၈၅ ရာခိုင်နှုန်းလောက် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ စိုက်တဲ့တောင်သူတွေ ပြည်တွင်းဈေးကွက်မှာလည်း မျက်နှာပန်းလှမယ်။ Export ဈေးကွက်မှာလည်း ဈေးကွက်ဝင်မှာပါ။ စီးပွားရေးအရဆိုရင် တွက်ခြေကိုက်မယ့်မျိုးပါ”ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ထောပတ်သီးမျိုးကို ပြင်ဦးလွင်ဒေသတစ်ဝိုက်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခင်က ထောပတ်သီးများကို ပြည်ပသို့ တင်ပို့ရာတွင် ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ စင်ကာပူနှင့် ဟောင်ကောင်နိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ကြသော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်အတွက် တင်ပို့နိုင်ခြင်းမရှိ၍ ပြည်တွင်းဈေးကွက်များကိုသာ အားထားတင်ပို့ရောင်းချနေရကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❈ **လာမည့်နှစ်မှ**

Sambo၊ ပန်ကြပ်ဆီလတ်၊ Short Course Swimming၊ သေနတ်ပစ်၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ဘော်လီဘောနှင့် နပန်းအားကစားနည်းများ ပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ယှဉ်ပြိုင်မည့်အားကစားနည်းများ ရွေးချယ်ရခြင်းမရှိသေးကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ပါက အားကစားနည်း ၁၀ မျိုးအောက်သာ ယှဉ်ပြိုင်ဖွယ်ရှိနေသည်။

ယခုပြိုင်ပွဲကို ယခင်က အာရှရုံတွင်း အားကစားပြိုင်ပွဲနှင့် အာရှကိုယ်ခံပညာပေါင်းစုံ အားကစားပြိုင်ပွဲအဖြစ် ကျင်းပခဲ့သော်လည်း ၂၀၁၃ ခုနှစ်မှစတင်ကာ ပြိုင်ပွဲနှစ်ခုအားပေါင်းကာ အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံအားကစားပြိုင်ပွဲအမည်ဖြင့် ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်သည်။ အာရှရုံတွင်း အားကစားနှင့် ကိုယ်ခံပညာပေါင်းစုံ အားကစားပြိုင်ပွဲအမည် ပြောင်းလဲပြီးနောက်ပိုင်း သုံးကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ၂၀၁၃၊ ၂၀၁၇ ခုနှစ်တို့တွင် နှစ်ကြိမ် ကျင်းပခဲ့သည်။

**ကိုညီလေး**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၃**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**




**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

**အများသိစေရန် အသိပေးကြေညာခြင်း**

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မြို့သစ်(က)ရပ်ကွက်၊ ဗိုလ်အောင်လမ်း၊ အမှတ်-၁/၁၅၇ နေ ဒေါ်သဇင်[၇/ပခန(နိုင်)၂၆၆၇၃၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဇင်သည် ဦးဇင်မင်းဦး(ခ) စိုးဝင်းကျော်[၇/လပတ(နိုင်)၁၀၄၂၀၂]ကိုင်ဆောင်သူနှင့် (၂၀-၈-၂၀၂၁)ရက်တွင် အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ၍ ပစ္စည်းခန်းခွဲဝေခဲ့ကြပြီး ကျွန်ုပ်မိတ်ဆွေမှ

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မြို့သစ်(က)ရပ်ကွက်၊ ဗိုလ်အောင်လမ်း၊ အမှတ်-၁/၁၅၇၊ အကျယ်ပေ(၃၃x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအိမ်။

၂။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်ရပ်ကွက်၊ မြေတိုင်းအမှတ် (၂)၊ မြေကွက်အမှတ်-၁၂၇၇၊ အကျယ်ပေ(၀.၀၅၅)ဧကရှိ ဦးစိုးဝင်းကျော် အမည်ပေါက် ဂရန်ထွက်ရှိထားသောမြေကွက်၊

၃။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဘုရားကလေးကျေးရွာ၊ တရုတ်တန်းအနောက်ကွင်းလမ်း၊ အမှတ်-၅၄၀(ခ)၊ အကျယ်ပေ(၉၀x၈၀)ရှိမြေကွက်၊

၄။ Forland အမျိုးအစားမော်တော်ယာဉ်အမှတ်(BGO-5Q/8460)၊

၅။ Hino အမျိုးအစားမော်တော်ယာဉ်အမှတ် (BGO-3C/5093)တို့အား ခွဲဝေရရှိပိုင်ဆိုင်ခဲ့ပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါပစ္စည်းအရပ်ရပ်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ တစ်ဦးတည်းမှသာ လွှဲပြောင်းရောင်းချ၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိကြောင်းနှင့် ဦးဇင်မင်းဦး(ခ) စိုးဝင်းကျော်နှင့်ပတ်သက်သမျှ ကိစ္စအဝဝသည် ကျွန်ုပ်မိတ်ဆွေနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၄၄၆)**
**အမှတ်-၁၈၇၊ သံတောင်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာ။**
**ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

**မူးယစ်**
**ကိုပစ်**
**ပန်းတိုင်**
**သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

# လာအိုနိုင်ငံမှလွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၄၈ ဦးတို့အား နွေးထွေးစွာကြိုဆို

**တာချီလိတ် ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာရှိ ဝမ်ပုံဆိပ်ကမ်း၌ လာအိုနိုင်ငံမှ လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၄၈ ဦးတို့ကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့နယ်မှ တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။



အဆိုပါ လာအိုနိုင်ငံမှ လွှဲပြောင်းလာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၃၄၈ ဦးမှာ အမျိုးသား ၂၁၈ ဦးနှင့် အမျိုးသမီး ၁၃၀ တို့ဖြစ်ပြီး ၎င်းတို့အား တာချီလိတ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်- ၁၉ ရောဂါပိုးရှိ၊ မရှိ Rapid Test Kit စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့သည်။

စစ်ဗျူဟာအဖွဲ့ (အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းထွန်း၊ ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးကျော်၊ မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များက နွေးထွေးစွာ ကြိုဆိုလက်ခံခဲ့ကြပြီး ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိသည့်နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာနေရပ်အသီးသီးသို့ ရောက်ရှိနိုင်ရေးအတွက် အခမဲ့မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ၊ တစ်ကိုယ်ရေသုံး ပစ္စည်းများ၊ ထောက်ပံ့ငွေများလှူဒါန်းပေးခြင်းနှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပြီး နေရပ်ပြန်ပြည်သူများကို အားပေးစကားပြောကြားခဲ့ကာ နေရပ်အသီးသီးသို့ ဆက်လက် ပို့ဆောင်ပေးခဲ့သည်။

ပိုးတွေ့ရှိသည့် နေရပ်ပြန်ပြည်သူများကို ဝမ်လုံး အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာတွင်ထားရှိကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။ **ယာဆေး(ပြန်/ဆက်)**

## အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေး

**ဆင်ပေါင်ဝဲ**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်စားဝန်ထမ်းများအား ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများကို ပုံမှန်ထုတ်ပေးလျက်ရှိသည်။

ဆင်ပေါင်ဝဲမြို့နယ်တွင် ပင်စင်စားဝန်ထမ်း ၇၄၇ ဦးရှိပြီး ဩဂုတ် ၂၃ ရက်မှစတင်၍ နေ့စဉ် နံနက် ၇ နာရီခွဲမှ မွန်းလွဲ ၂ နာရီထိ ပင်စင်လစာငွေများ ထုတ်ပေးသွားမည်ဖြစ်သည်။ သတ်မှတ်ရက်များတွင် လာရောက်ထုတ်ယူခြင်းမရှိသော ပင်စင်စားဝန်ထမ်းများအား စက်တင်ဘာလဆန်းတွင် ဘဏ်လုပ်ငန်းချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

**ချိုချိုဝင်း (ဆင်ပေါင်ဝဲ)**

**ဒေးဒရဲ**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီခွဲမှစ၍ ထုတ်ပေးလျက်ရှိသည်။

ဒေးဒရဲမြို့နယ် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို နိုင်ငံတော်အစိုးရကသတ်မှတ်ထားသော ရုံးပိတ်ရက်များမှအပ ရုံးဖွင့်ရက်များတွင် ထုတ်ပေးလျက်ရှိရာ ဩဂုတ် ၂၃ ရက်မှစတင်၍ နံနက် ၇ နာရီခွဲမှ မွန်းလွဲ ၂ နာရီထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဒေးဒရဲမြို့နယ်တွင် အငြိမ်းစားဝန်ထမ်းပင်စင်လစာထုတ်ယူမည့်သူစုစုပေါင်း ၁၀၁၆ ဦးရှိကြောင်း သိရသည်။

**အေဇာလင်း (ပြန်/ဆက်)**

# ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဝါးခယ်မမြို့နယ်၌ မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွား

**ဝါးခယ်မ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဟသ်ာဒုံး ကျေးရွာတွင် ယနေ့ နံနက်ပိုင်းက ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့သည်။

**ဘေးလွတ်ရာ ရွှေ့ပြောင်း**

အဆိုပါကျေးရွာတွင် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါးအရှည် ပေ ၁၈၀၊ အကျယ်ပေ ၄၀ ခန့် ပြိုကျမှုဖြစ်ပွားခဲ့ရာ မြစ်ကမ်းပါးအနီးတွင် နေထိုင်သော လူနေအိမ်ခြောက်လုံးနှင့် မိသားစုဝင်များအား ရွှေလောင်းနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

**ကမ်းပြိုကျမှုများ ဖြစ်ပေါ်လေ့ရှိ**

ဟသ်ာဒုံးကျေးရွာအုပ်စုတွင် ဟသ်ာဒုံး၊ ကံစု၊ ၄ကံစု၊ ကုလားကျွန်း၊ ကူးတို့ဆိပ်သောင်၊ ကုလားကျွန်းသောင်၊ အရှေ့သောင်တန်း စသည့် ကျေးရွာခုနစ် ရွာရှိကြောင်း၊ ကျေးရွာအုပ်စုအတွင်း အိမ်ခြေ ၁၂၃၄ လုံး၊ အိမ်ထောင်စု ၁၂၄၉ စုနေထိုင်ပြီး ဟသ်ာဒုံးရွာမကျေးရွာတွင် အိမ်ခြေ ၁၈၈ လုံး၊ အိမ်ထောင်စု ၁၉၀၊ လူဦးရေ ၇၆၅ ဦးနေထိုင်ကြောင်းနှင့် ယင်းကျေးရွာအုပ်စုသည် ဧရာဝတီမြစ်ကမ်းပါးအနီးတွင် တည်ရှိသောကြောင့် အလားတူ မြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

**စောသန္တာဦး(ပြန်/ဆက်)**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀.၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁.၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂.၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## တစ်လပြည့်ကုသိုလ်တော်
## ဦးတင်စိန်
**ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အသက်(၈၇)နှစ်**

တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၉)လမ်း၊ အမှတ်(၁၀၂၉)နေ (ဦးကောက်-ဒေါ်အေးဖြူ)တို့၏သားသမက်၊ (ဦးသိန်းရွှေ-ဒေါ်ရင်လှ၊ ဒေါ်မြစိန်)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၄၂၅)နေ (ဒေါ်ခင်မြ)၏ ခင်ပွန်း၊ ဦးသန့်ဇင်-ဒေါ်သီသီတင်၊ ဒေါက်တာနီနီတင် (တွဲဖက်ပါမောက္ခ၊ မြန်မာစာ)၊ ဦးအောင်တင်-ဒေါ်ဝါဝါဝင်း၊ ဦးဆန်းတင်-ဒေါ်သန္တာမြင့်၊ ဦးဝင်းလှိုင်တင်-ဒေါ်ပြည့်ဖြိုးခိုင်၊ ဦးကိုကိုကျော်စွာ-ဒေါ်ချယ်ရီတင်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၄-၇-၂၀၂၂(စနေနေ့)တွင် နေအိမ်၌ ကွယ်လွန်ပါသဖြင့် ၂၅-၇-၂၀၂၂ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၂၂ရက်တွင် တစ်လပြည့်ကုသိုလ်အဖြစ် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းသင်္ကန်းလှူဖွယ်အစုစုတို့ကို ကပ်လှူပူဇော်ပါသည်။ အမျှရရှိ သာဓုခေါ်ဆိုနိုင်ပါစေသော်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင့်လွင်(ခ) ဦးအဘိန်း
**ထွန်းရာဘာဆိုလ်းပြားလုပ်ငန်း**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း(အောက်လမ်း)၊ အမှတ်(၃၄)၊ တတိယထပ်နေ ဒေါ်ကြူကြူစိန်၏ ချစ်လှစွာသောခင်ပွန်း၊ မစန္ဒာလွင်(ခ)အင်ယွဲ့လိန်၏ ကျေးဇူးရှင်မွေးဖခင်၊ (ဦးဝင်းနိုင်)-ဒေါ်စမ်းကြည်၊ (ဒေါ်ကျင်ဟွား)၊ ဦးအောကေး၊ ဦးတင်ဦး-ဒေါ်မြမြ၊ ဒေါ်ခင်ကြူကြူ၊ ဒေါ်သန်းရွှေ(ခ)အသုတ်၊ ဦးတင်အောင်(ခ)အင်းယားတို့၏အစ်ကိုကြီးသည် ၂၁-၈-၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် OSC Hospital ၌ ဇရာပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ဖူကျန့်ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ပြုံးမြင့် (ဟုမ္မလင်း)
**အသက်(၅၆)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ကံ့ကော်အိမ်ရာ၊ တိုက်(၂၅၉)နေ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြဌာနခွဲ)(ငြိမ်း) ဗိုလ်မှူးညွှန့်သိန်း(ငြိမ်း)၏ ဇနီး၊ သမီးကြီး မပြုံးခိုင်ဇင်၊ သမီးလတ် မသိန်းသန့်ဇင်၊ သမီးငယ် မဆုပိုပိုသန့်တို့၏ မိခင်၊ ဟုမ္မလင်းမြို့၊ နောင်ပကျစ်ရပ်နေ ဦးတင်ဝင်း-ဒေါ်ခင်မြင့်ဦး (အ.ထ.ပြ-ငြိမ်း)၏ ညီမ၊ ဆရာတော်ဦးပညာ၏ညီမ၊ ဦးအေးကို-ဒေါ်ခင်ကျန်မြင့်၊ ဦးနွယ်သစ်-ဒေါ်ခင်ယုမြင့်တို့၏ အစ်မသည် ၂၂-၈-၂၀၂၂ ရက် ညနေ ၅:၁၇ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် နေပြည်တော်ကုန်းဘောသုသာန်၌ ၂၃-၈-၂၀၂၂ ရက် ညနေ ၃ နာရီတွင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှအတမ်း ပေးဝေလိုပါသောကြောင့် ၂၈-၈-၂၀၂၂ ရက် နံနက် ၆ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ပြုံးမြင့်
**အသက်(၅၆)နှစ်**

ဗိုလ်မှူး ညွှန့်သိန်း(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်ပြုံးမြင့်သည် ၂၂-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၃)မှ**
**အရာရှိများနှင့်မိသားစုများ**

---

## ဒေါ်ရင်ကြိုင်
**အသက်(၈၁)နှစ်**

(ဦးညွှန့်-ဒေါ်ငြိမ်း)တို့၏ သမီး၊ (ဦးအောင်သန်း၊ ကျောင်းအုပ်ကြီး-ငြိမ်း)၏ဇနီး ဒေါ်ရင်ကြိုင်(ကုန်သွယ်လယ်ယာ၊ ကျွမ်းကျင်အဆင့်-၅)သည် ၂၀-၈-၂၀၂၂ ရက်တွင် မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ဦးပြုံးချိုလမ်း၊ အမှတ်(၉၉၄) နေအိမ်၌ ကွယ်လွန်သွားပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ရီ(Jimmy Ba Kyin)
**တိုင်းပညာရေးမှူး(ငြိမ်း)၊**
**ပထမအကြိမ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)**
**အသက်(၇၄)နှစ်**

ဦးတင်ရွှေ-ဒေါ်အုန်းမြင့်တို့၏ သားသမက်၊ ဟင်္သာတမြို့၊ ရုံးကြီးရပ်ကွက်၊ မရမ်းမြိုင်တာကြီးတန်းနေ ဒေါ်သန်းသန်းဝင်း(ပြည်တွင်းအခွန်ဦးစီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မလှနွယ်၏ဖခင်၊ ဦးအောင်ကြည်-(ဒေါ်ကြည်ကြည်အုန်း)၊ ဦးအောင်ချစ်သန်း-ဒေါ်လှလှရီ၊ ဗိုလ်ကြီးဟန်ညွှန့်(ငြိမ်း)-ဒေါ်သန်းသန်းအေး(ဇဋ္ဌိလသင်္ကန်းတိုက်)၊ ဦးညွှန့်ဦး-ဒေါ်ညွှန့်ညွှန့်လွင်(ရေခဲစက်)၊ ဒေါက်တာအောင်ကြိုင်-ဒေါ်သန်းသန်းထွေးတို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၂ယောက်တို့၏ဘကြီး၊ မြေးရှစ်ယောက်တို့၏အဘိုး ဦးခင်မောင်ရီသည် ၂၁-၈-၂၀၂၂ ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပြီ ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ရီ(Jimmy Ba Kyin)
**တိုင်းပညာရေးမှူး(ငြိမ်း)**
**ပထမအကြိမ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့နေ (ဦးဘကြင်-ဒေါ်သန်းသန်း)တို့၏ တတိယသား၊ ဟင်္သာတမြို့၊ ရုံးကြီးရပ်ကွက်၊ မရမ်းမြိုင်တာကြီးတန်းနေ ဒေါ်သန်းသန်းဝင်း (ပြည်တွင်းအခွန်ဦးစီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မလှနွယ်၏ ဖခင်၊ ဦးခင်မောင်ကြည် (Kenneth Ba Kyin)၊ မေဘကြင်၊ ဝင်နီဘကြင်၊ ရီတာဘကြင်-ဦးစိန်ဝင်း(မောင်စိန်ဝင်း-ပုတီးကုန်း)၊ အိုင်ရင်းဘကြင်၊ ဟယ်လင်ဘကြင်၊ ဦးခင်မောင်ကြင်တို့၏ ချစ်လှစွာသော ညီ/မောင်/အစ်ကို ဦးခင်မောင်ရီသည် ၂၁-၈-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ရပ်ဝေးရပ်နီးနေမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးကျော် (B.V.S၊ Dip in Food Tech)
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ပါရမီလမ်း၊ အခန်းနံပါတ်(၂၀၁)၊ တိုက်နံပါတ်(၇)နေ ဦးထွန်းအောင်ကျော်-ဒေါ်အေးကျင်တို့၏ သမီး၊ (ဦးစိုးလှိုင်)-ဒေါ်မြင့်အေးတို့၏ သမီးချွေးမ၊ ဦးအောင်မိုးမြင့် (RIT,Civil 87 batch)၏ချစ်လှစွာသောဇနီး၊ ဦးမြင့်ဆွေ (ဗိသုကာ)၊ ဒေါ်နန်းဆန်တို့၏ညီမ၊ တူ/တူမ နှစ်ယောက်တို့၏အဒေါ် ဒေါ်အေးအေးကျော်သည် ၂၂-၈-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၃:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟ ဆွေမျိုးတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွှန့်ညွှန့်ရီ
**အသက်(၈၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးဖိုးဒန်-ဒေါ်ဆင့်)တို့၏ သမီး၊ (ဒေါက်တာမောင်မောင်မြင့်)၏ ဇနီး၊ အမှတ်(၁၇၈)၊ (၄၉)လမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဦးမိုးမြင့်-ဒေါ်နီလာမောင်မောင်မြင့်၊ ဒေါက်တာအောင်မျိုးသန့်-ဒေါက်တာသီတာမောင်မောင်မြင့်တို့၏ ချစ်လှစွာသောမိခင်၊ ဦးကျော်ဘိုဘိုလင်း၊ ဒေါ်စောမို့မို့ကျော်၊ ဦးဖြိုးကျော်ကျော်-ဒေါ်စုမြတ်နိုး၊ ဦးသန်းလွင်စိုး-ဒေါ်ဝင်းသူတို့၏ အဒေါ်၊ မအိကြာဖြူ၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ညွှန့်ညွှန့်ရီသည် ၂၃-၈-၂၀၂၂(တနင်္လာနေ့) နံနက် ၄:၅၀ နာရီတွင် Sakura Hospital ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ကျန်ရစ်သူမိသားစုမှ အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စောမြတ်မွန် B.Sc (IC)
**အမက(၁၀)-ကြည့်မြင်တိုင်**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့နေ (ဦးစံရွှေ၊ ညွှန်မှူး၊ ကြေးမြေဦးစီး-ဒေါ်ခင်စောဦး)တို့၏ သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးချစ်သန်း)-ဒေါ်အေးမြင့်တို့၏ သမီးချွေးမ၊ ဦးသိန်းနိုင်-ဒေါ်သံဒါအေး၊ ဦးအောင်အောင်မျိုးသိမ်း-ဒေါ်မြတ်သူဇာ၊ ဦးအောင်ကျော်စိုး-ဒေါ်ခင်ညိုသန့်၊ ဦးကျော်ကြီး-ဒေါ်စန္ဒာသန်းတို့၏ အစ်မကြီး၊ မော်လမြိုင်မြို့နေ ဗိုလ်ကြီးအောင်ချိုဦး(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ကိုဖြိုးသက်ပိုင်-မဟေမာဝင်း၊ ကိုကျော်ဝဏ္ဏ-မဖြူဦးခိုင်၊ ကိုကောင်းထက်စံတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးနှစ်ယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်စောမြတ်မွန်သည် ၂၂-၈-၂၀၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၃ နာရီတွင် စစ်ကိုင်းမြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်ကြီးတင်မျိုးနိုင်(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၂-၈-၂၀၂၂ ရက်တွင် အမှတ်(၅၂၈)၊ မေတ္တာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၈)မှ**
**သူငယ်ချင်းများ**

---

## သင့်
## သွေးဖြင့်
## အသက်
## ကယ်ပါ

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးမြင့်(ခ)ဦးကွာစိ ၁၉-၇-၂၀၂၂
**အသက်(၇၂)နှစ်**
## ဦးကြည်ဝင်း(ခ)ဦးကြီးဝင်း(ထားဝယ်) ၂၀-၇-၂၀၂၂
**အသက်(၇၈)နှစ်**
## ဦးတင်ဝင်း(M.G.M Hotel Group) ၂၀-၈-၂၀၂၂
**အသက်(၆၂)နှစ်**

အထက်ဖော်ပြပါ မိတ်ဆွေသုံးဦးတို့သည် ယှဉ်တွဲပါနေ့ရက်များတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခဲ့ပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝါးတန်းလမ်း Doreen Tea Groupမှ မိတ်ဆွေသူငယ်ချင်းများ**

---

## အထူးကျေးဇူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဖိုးစော(ခ)ဦးရဲစန်းမြင့်
**အသက်(၄၁)နှစ်**
**"ရာစုသစ်" စက်မှုလက်မှုလုပ်ငန်း (ပူးတွဲတည်ထောင်သူ/လုပ်ငန်းရှင်)**

ကျေးဇူးရှင်ခင်ပွန်း ဦးဖိုးစော(ခ)ဦးရဲစန်းမြင့်သည် ၁၃-၈-၂၀၂၂ရက် ညနေ ၆နာရီတွင် မြင့်မြတ်သောဘုံဘဝသို့ ကူးပြောင်းသွားခဲ့ပါပြီ။ ခင်ပွန်းမကျန်းမာစဉ်ကာလအတွင်း ဂရုတစိုက်ဆေးဝါးကုသပြုစုပေးခဲ့သော ပင်လုံအထူးကုဆေးရုံမှ အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်းနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဝန်ထမ်းများအားလုံးနှင့် နာရေးတွင် လူကိုယ်တိုင်လာရောက်အားပေးနှစ်သိမ့်စကားပြောကြားပေးခဲ့သော ခင်ပွန်း၏သူငယ်ချင်း (ရာစုသစ်စက်မှုလက်မှုလုပ်ငန်းစပ်တူလုပ်ကိုင်သူ) ဦးမျိုးအောင်နှင့်ဇနီး ဒေါ်ဘုတ်ဆုံတို့အားလည်းကောင်း၊ လူကိုယ်တိုင်၊ Social Media မှ တစ်ဆင့် အားပေးစကားပြောကြားသူများအားလည်းကောင်း၊ စျာပနသို့ လိုက်ပါပို့ဆောင်ပေးကြသူများနှင့် နာရေးကာလအတွင်း အဘက်ဘက်မှ ဝိုင်းဝန်းပေးကြသော ဆွေမျိုး၊ မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူ ဇနီး ဒေါ်ခိုင်နွယ်ငွေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်လင်း
## (Golden Palm Co.,Ltd)
## အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃၆)၊ (၆၇) လမ်းနေ ဒေါ်ခင်သိန်း၏ခင်ပွန်း ဦးကျော်လင်း အသက်(၅၈) နှစ်သည် ၂၀-၈-၂၀၂၂ (သောကြာနေ့) ည ၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရတနာသိန်း**
**PVC ပိုက်နှင့်ပိုက်ဆက်ပစ္စည်းဖြန့်ချီရေး**
**စော်ဘွားကြီးကုန်း**

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှလှကြည်(လက်ပံတန်း)

### အသက် (၉၂)နှစ်

ရန်ကုန်မြို့နေ (ဦးတင်မောင်-ဒေါ်စိုးမှုး)တို့၏ သမီးထွေး၊ (ဦးမြရင်-ဒေါ်ခင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် (၁၈)၊ ရှုခင်းသာလမ်း၊ (၃/ခ) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးအောင်ထွဋ်)၏ ဇနီး၊ (ဦးကြည်ညွန့်-ဒေါ်ခင်စောမြင့်)၊ (ဦးခင်မောင်လွင်-ဒေါ်ခင်ခင်ရီ)တို့၏ညီမငယ်၊ ဦးသူရအောင်-ဒေါ်တင်တင်နွဲ့၊ ဦးဇေယျအောင် (ယခင်မြန်မာ့ရေလုပ်ငန်း)၊ ဒေါ်ရူပအောင်(UPG)၊ ဦးအေးဝင်း(UNIC) -ဒေါ်မာလာအောင်(ထ-၆၊ ဗိုလ်တထောင်၊ ထ-၁၊ ဒဂုံ၊ ငြိမ်း)၊ ဦးဝဏ္ဏအောင် (LKDM Eng Co., Ltd) -ဒေါ်ကေသီဦးတို့၏ ကျေးဇူးရှင်မွေးမိခင်ကြီး၊ ကိုဝေဖြိုးအောင်-မပြည့်မွန်သင်၊ ကိုပြည့်မောင်မောင်-မဆွေမွန်သူ၊ ကိုလင်းဆန်းဦး-မမေစန္ဒီအေး၊ မသီရိဇေယျ၊ ကိုဘုန်းသက်နိုင်၊ ကိုဆက်အေးဝင်း၊ ကိုမိုးထက်အောင်တို့၏ ချစ်လှစွာသောအဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၄-၇-၂၀၂၂ (စနေနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၅-၇-၂၀၂၂ (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှစိုး

### က.စ.လ(မော်တော်ယာဉ်ဌာန)(အငြိမ်းစား)

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီ (၂)လမ်း၊ အမှတ်(၅၁)နေ (ဦးစိန်ဟန်-ဒေါ်အေးတင်)တို့၏သား၊ (လင်းပင်ထိပ်တင်လတ်-ဒေါ်ခင်ခင်သိန်း)တို့၏ သားသမက်၊ ဦးအောင်မြင့်-(ဒေါ်ရီရီမြင့်)တို့၏ ညီ၊ (ဦးမြအောင်-ဒေါ်တင်တင်စိန်)တို့၏အစ်ကို၊ (ဒေါ်တင်ဆွေဦး)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးထွန်းလင်းဦး-ဒေါ်မြအေးပွင့်တို့၏ ဖခင်၊ တူ/တူမ လေးယောက်တို့၏ ဦးလေး၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၃-၈-၂၀၂၂ (တနင်္လာ နေ့) နံနက် ၇:၃၀ နာရီတွင် SSC ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဖုန်းရီ(ခ)ဒေါ်ဘေဘီ (ရန်ကင်း)

### အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးရွှေဖုန်း-ဒေါ်မြရှင်)တို့၏ သမီး၊ (ဦးဘချစ်-ဒေါ်သောင်းကြည်)တို့၏ သမီးချွေးမ၊ (ဦးလှဝင်း)၏ ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့နေ ဦးထွန်းထွန်းဝင်း-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသီဟန်စိန်-ဒေါ်မို့မို့ဝင်း၊ ဦးဇော်တင့်-ဒေါ်ခင်ဖုန်းဝင်း၊ ဦးသိန်းထွန်းဝင်း-ဒေါ်ခိုင်ညွန့်ရွှေ၊ ဦးဇေယျာဇော်မြင့်-ဒေါ်စန္ဒာဝင်း၊ ဦးဟန်ထွန်းဝင်း-ဒေါ်အိဖြူဖြူနှင်းတို့၏ မွေးသမိခင်၊ မြေးကိုးယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ဖုန်းရီ(ခ) ဒေါ်ဘေဘီသည် ၂၀-၈-၂၀၂၂ ရက် မွန်းလွဲ ၁:၂၄ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား သိရှိနိုင်ရန် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

လက္ခဏာနှင့်နက္ခတ်ဗေဒင်ပညာရှင်

## ကေပီဆရာ ဦးနိုင်ကြည်(ခ)ဦးမြင့်ဆွေ

ဂဏိတ(ဂဏဖလ)ဖလိတ

**ဘီအီးကွမ်း(ပီဒီ) လ/ထ ညွှန်မှူး(ငြိမ်း)၊ စီမံဘဏ္ဍာ**

**အိန္ဒိယ ဒီပလိုမာ(နက္ခတ်ဗေဒင်)၊ ဘီအေ(နက္ခတ်ဗေဒင်)**

**အမ်အေ(နက္ခတ်ဗေဒင်)၊ အမ်ဖေး(နက္ခတ်ဗေဒင်ကျမ်းပြု)**

**မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့(သုတေသန)**

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၄)လမ်း၊ အမှတ်(၃၆)နေ (ဦးချစ်တင်-ဒေါ်ညို)တို့၏သား၊ ဦးမောင်မောင်-ဒေါ်အေးမြင့်တို့၏ ညီ၊ ဒေါ်သန်းဌေး(ခ)ဒေါ်သိန်းတင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးရထက်-ဒေါ်နန်းစိန်ခမ်း၊ ဦးကောင်းမြတ်ထက်-ဒေါ်ခင်အေးလွင်၊ မောင်အောင်မြတ်ဟိန်း၊ မမိုးမြတ်ဆုစံတို့၏ ချစ်ခင်လေးစားရပါသောဖခင်၊ မြေးသုံးယောက်၊ တူ၊တူမ လေးယောက်တို့၏ ဦးလေးသည် ၂၂-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသူရမောင်မောင်

B.Sc (Maths, 1984–1991), B.Ed

အလယ်တန်းကျောင်းအုပ်၊ အလက၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း

### အသက်(၅၄)နှစ်

ဦးမောင်မောင်ထွေး (အငြိမ်းစား၊ အလယ်တန်းကျောင်းအုပ်ဆရာကြီး)-[ဒေါ်အေးသန့် (အထက်တန်းကျောင်းအုပ်ဆရာမကြီး)]တို့၏ သားကြီး၊ မိတ္ထီလာမြို့နေ (ဦးချော)-ဒေါ်မမကြီးတို့၏ သားသမက်၊ ဒုတိယအရာခံဗိုလ် အောင်ဟိန်းမောင်မောင်(ကပစ-၉)-ဒေါ်အေးအေးမော်(ကပစ-၉)၊ ဒေါက်တာအေးမိမိထွေး (တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏ ချစ်ခင်လေးစားရပါသော အစ်ကိုကြီး၊ ဒေါ်ရီရီဝင်း(အလပြ၊ ကျောက်ဖြူကုန်း၊ မိတ္ထီလာ)၏ ချစ်ခင်ပွန်း၊ မမြတ်သူဝင်း၏ ကျေးဇူးရှင်ဖခင်သည် ၂၂-၈-၂၀၂၂ (တနင်္ဂနွေနေ့) ည ၁၁:၁၅ နာရီတွင် ၉၆ပါးသော ရောဂါဖြင့် ရန်ကုန်မြို့၊ အမှတ်(၃၉)၊ သဇင်လမ်း၊ ထန်းပင်ကုန်းရပ်ကွက်၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀:၁၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်ဆွေများအား အကြောင်းကြားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းလင်း

### (ရွှေမြင်းပျံရွှေဆိုင်-မော်လမြိုင်မြို့)

### အသက်(၈၅)နှစ်

မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်၊ အမှတ်(၃၃၁/ဘီ)နေ (ဒေါ်ပန်းလှ)၏ခင်ပွန်း၊ ဦးသန်းနိုင်ထွန်း-ဒေါ်ယုယုစန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး မောင်ဖြိုးမင်းအောင်၊ ဒေါက်တာသုခိုင်ရွှေ မမြသဇင်ခိုင်တို့၏အဘိုး ဦးထွန်းလင်းသည် ၂၃-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၅:၂၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပြီးဖြစ်ပါ၍ ၂၄-၈-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၈-၂၀၂၂ (သောကြာနေ့) နံနက် ၇ နာရီတွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်ညွန့်(ခ)ဂျော်နီဘအေး(ထားဝယ်၊ မြိတ်)

### (စိန်ပေါ်ကျောင်းသားဟောင်း)

### အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ (ဦးဘအေး-ဒေါ်ရီရီ)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါ်မြမြသီ)၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးမြင့်ဦး-ဒေါ်လဲ့လဲ့ထား Bella Interiors Co.,Ltd၊ မြိတ်မြို့ ကန်ဖျားရပ်နေ ဦးမောင်သော်-ဒေါ်ကြူကြူ ဒေါ်အေးစပွယ်၊ (ကိုကျော်ကျော်အောင်)တို့၏ ဖခင်၊ ကိုဘိုဘိုပိုင်ဦး၊ ကိုရန်နိုင်ဦး၊ ကိုရဲထက်ဝင်း-မဆွေဇင်လဲ့၊ မဇင်ဝေဖြိုး၊ မသက်နှယ်ဦး၊ မောင်ကျော်ဇောသန့်တို့၏အဘိုး၊ မမှူးထိပ်ထားဦး၊ မောင်ရဲရင့်ဝင်းတို့၏ ဘိုးဘိုးကြီး၊ ဦးဇော်ညွန့်(ခ)ဦးဂျော်နီဘအေးသည် ၂၂-၈-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် မြိတ်မြို့၊ ကန်ဖျားရပ်နေအိမ်၌ (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်းနှင့် ကွယ်လွန်သူ၏ သဘောဆန္ဒအရ မြိတ်မြို့ ကလွင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ပိဋကတ်သုံးပုံဒါယကာကြီး

## ဦးမြစိုး

### ပြည်နယ်မန်နေဂျာ(ငြိမ်း)၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

### အထွေထွေအတွင်းရေးမှူး

### မအူပင်မြို့နယ်အသင်း(ရန်ကုန်)

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ လှည်းတန်း၊ ပဒေသာလမ်း၊ အမှတ်(၁၄/ခ)နေ (ဦးထွန်းလင်း-ဒေါ်ညွန့်ယဉ်)တို့၏ သား၊ (ဦးချင်း-ဒေါ်သန်းခင်)တို့၏ သားသမက်၊ ဒေါ်ခင်ညို၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကြည်ဆန်း-ဒေါ်နုယဉ်စိုး၊ ဦးမျိုးသိန်း-ဒေါ်ကေသီစိုး၊ မတိုးတိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဖြိုးမင်းသန့်(ကိုဖြိုး)၊ မကြည်ဖြူသန့်၊ မကေဇင်လင်းတို့၏အဘိုး ဦးမြစိုးသည် ၂၁-၈-၂၀၂၂ ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သော ရုပ်ကလာပ်ကို ၂၂-၈-၂၀၂၂ ရက် နံနက် ၉:၄၅ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်သန်း

### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးကျွဲ-ဒေါ်ကြီးမြ)တို့၏ ဒုတိယသမီး၊ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်နေ (ဦးဘတင်-ဒေါ်ဖွားမေ)တို့၏သမီးချွေးမ၊ ဦးအောင်ခင်(MPPE-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်မင်းဦး(စ.စ.စ)-ဒေါ်ယုယုလှိုင်၊ ဦးနိုင်ဦး-ဒေါ်သော်တာဝင်း(PPRD)၊ ဦးအောင်စိုးလင်း(PPRD)တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မောင်မင်းသက်ခန့်(PPRD)၊ မဆုရည်ဦး (Yellowstone Myanmar Co.,Ltd.)၊ မောင်ရှိန်းဝေယံဦး(PLC Level-3)တို့၏အဘွားသည် ၂၁-၈-၂၀၂၂(စနေနေ့) ညနေ ၃:၅၃ နာရီတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၀:၅၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်မော်

### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ (၆)လမ်းအရှေ့၊ အမှတ်(၁၂၆၀)နေ ဦးကျော်ဇံမြင့်၏ ဇနီး၊ မဖူးဖူးသန့်ဇင်၏ မိခင်သည် ၁၇-၈-၂၀၂၂ ရက်တွင် တောင်ဒဂုံမြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၂ ရက်တွင် ရက်လည်ဆွမ်းကျွေး တရားနာပြီးစီးပါကြောင်းနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆရာဝန်၊ ဆရာမနှင့် မိတ်ဆွေသင်္ဂဟများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တခေမာဝံသ

### သိက္ခာတော်(၄၄)ဝါ၊ သက်တော်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ပေါက်တန်း-ဒိတ်ကုန်းကျေးရွာ၊ ပေါက်တန်း - ဒိတ်ကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော သိက္ခာတော်(၄၄)ဝါ၊ သက်တော်(၆၄)နှစ်ရှိ ဘဒ္ဒန္တခေမာဝံသ ဆရာတော်ကြီးသည် (၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်) ၂၂-၈-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါ ကြောင်း တပည့်ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား အသိပေးအပ်ပါသည်။

ပေါက်တန်း-ဒိတ်ကုန်း ပရိယတ္တိစာသင်တိုက်

တပည့်သံဃာတော်များ

## ဒေါ်သိန်းသိန်း(ခ)ဒေါ်သိန်းရှင်

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ညောင်ပင်လမ်းနေ (ဦးမြတင်-ဒေါ်မတင်)တို့၏ သမီး၊ (ဦးကျော်ညွန့်)၏ဇနီး၊ ဦးစောရင်-(ဒေါ်အေး)တို့၏ အစ်မ၊ ဦးတင်ကို-ဒေါ်မူမူကျော်၊ ဦးအောင်မိုး-ဒေါ်မျိုးမျိုးကျော်၊ ဦးနိုင်ဝင်း-ဒေါ်စိုးစိုးကျော်၊ ဦးကျော်စွာ-ဒေါ်ခင်ဥမ္မာကျော်၊ ဦးဝေဖြိုးကျော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဖေသက်အောင်၊ မဖူးပွင့်သူ၊ မရွှေယွန်းအိမ်၊ မောင်ခန့်သူတို့၏အဘွား ဒေါ်သိန်းသိန်း(ခ) ဒေါ်သိန်းရှင်သည် ၂၃-၈-၂၀၂၂(တနင်္လာနေ့) နံနက် ၆:၄၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ဘောင်များခိုင်ခံ့ရန်အတွက် ကန်ဘောင်ပါးသော နိမ့်သောနေရာများတွင်သဲအိတ်များဖို့၍ ကန်ဘောင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့်စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ကြေးမုံ ယနေ့ ဖတ်စရာ

**ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီး(ဟောင်း)များ ဖြစ်ကြသော ဦးဝေလင်း၊ ဦးဝင်းညွန့်၊ ဦးလဆိုင်း(ခ) ဦးဒါရှီလဆိုင်း၊ ဦးနော်လီ(ခ) ဇခေါင်ခမ်းရယ်၊ ဦးဇော်ဝင်းနှင့် ဦးနေဝင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ**

စာမျက်နှာ » ၁၅

**ဩဂုတ် ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၁၈၆ ဦးတွေ့ရှိ**

စာမျက်နှာ » ၂၂

ဆရာကြီး ပီမိုးနင်း၏ ဆောင်းပါး

**စိတ်အားသတ္တိ**

စာမျက်နှာ » ၂၃

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# ညောင်လေးပင်မြို့၌ ဆန်တစ်ပြည် ငွေကျပ် ၁၀၀၀ ဖြင့် လှည့်လည်ရောင်းချ

ညောင်လေးပင် ဩဂုတ် ၂၃

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ညောင်လေးပင်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက Stay At Home ကာလအတွင်း ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ဆန်လှည့်လည်ရောင်းချခြင်းကို ဩဂုတ် ၂၃ ရက်က ညောင်လေးပင်မြို့ မြို့မ၂ရပ်ကွက်အတွင်းရှိ အထက(၁)ကျောင်းရှေ့နှင့် တိုးချဲ့ ၅ လမ်းထိပ် နှစ်နေရာတို့၌ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် စတင်ရောင်းချပေးခဲ့သည်။**

စာမျက်နှာ ၂၄ ကော်လံ ၅ သို့ ○

# ကမ္ဘာ့ဈေးကွက်တွင် ရောင်းပန်းလှသည့် Pilkerton ထောပတ်သီးမျိုး လာမည့်နှစ်တွင် တိုးချဲ့စိုက်ပျိုးသွားမည်

**မန္တလေး ဩဂုတ် ၂၃**

ကမ္ဘာ့ဈေးကွက်တွင် ရောင်းပန်းလှသည့် Pilkerton ထောပတ်သီးမျိုးကို လာမည့်နှစ် ထောပတ်သီးရာသီတွင် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

အဆိုပါ ထောပတ်သီးမျိုးကို နေရာဒေသအလိုက် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၅၀၀ နှင့် ပေ ၃၀၀၀ ကြားရှိသည့် ဧရိယာများတွင် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပြီး ယင်းထောပတ်သီးမျိုးသည် ရာသီဥတု အပူဒဏ်နှင့် ပိုးမွှားဒဏ်ခံနိုင်သည့် သဘာဝရှိသည့်အပြင် ပြည်တွင်း၊ ပြည်ပဈေးကွက်၌ အရောင်းအဝယ်ကောင်းမွန်သည့်အတွက် တိုးချဲ့စိုက်ပျိုးနိုင်ရန် စိုက်ပျိုးသူတောင်သူများကို အကြံပြုထားကြောင်း သိရသည်။

စာမျက်နှာ ၂၄ ကော်လံ ၅ သို့ ❐



# လာမည့်နှစ်သို့ ရွှေ့ဆိုင်းထားသည့် အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံအားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၉ မျိုး ပါဝင်မည်

**ရန်ကုန် ဩဂုတ် ၂၃**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းထားသည့် အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၉ မျိုး ပါဝင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံအများအစု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ပုံမှန်အရ ယခုနှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကပ်ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိသဖြင့် ၂၀၂၂ ခုနှစ် မတ် ၁၀ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ချောင်ဘူရီမြို့တို့၌ ကျင်းပသွားမည်ဖြစ်သည်။ ယခုနှစ်တွင် ကပ်ရောဂါကြောင့် ပြိုင်ပွဲအများအစု ကျင်းပနိုင်ခြင်းမရှိဘဲ လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ရပြီး အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံအားကစားပြိုင်ပွဲမှာ ၂၀၂၂ ခုနှစ်တွင် ပထမဆုံး ယှဉ်ပြိုင်ရမည့် အားကစားပြိုင်ပွဲလည်းဖြစ်သည်။

အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဘတ်စကက်ဘော၊ ကြက်တောင်၊ ဘိလိယက်၊ စက်ဘီး၊ ဘိုးလင်း၊ Cheerleading၊ စစ်တုရင်၊ Dancesport၊ ဖူဆယ်၊ ရုံတွင်းပြေးခုန်ပစ်၊ Esport၊ ရုံတွင်းဟော်ကီ၊ Extreme Sports၊ ရုံတွင်းလှေလှော်၊ Floorball၊ ဂျူဂျစ်ဆု၊ ကရာတေး၊ Kurash၊ ကစ်ဘောင်ဆင်၊ Netball၊ မွေထိုင်း၊

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ✻